
ထူးမြတ်ကြယ်
အလင်းဆင်
/ရေး
ကောင်းကင်နှစ်
၂

## ငါ့တာဝန်အရေး(၃)ပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ထူးမြတ်ကြယ်

# အလင်းသစ် နဲ့ ကောင်းကင်နှစ်

image art work
ကိုထိုက်

ကျွန်တော် ကျူတိုရီရယ်ဖြေတဲ့ စာသင်ခန်းထဲကနေ အချိန်စောစောမှ ထွက်လာခဲ့တယ်။ စံဂျူးနဲ့ ကိုမျိုးမင်းကတော့ အစောကြီးထဲက ထွက်သွားပြီ။ ဒါဆို ဒီနှစ်ကောင် မဖြေနိုင်တာ သေချာတာပေါ့။ ကျွန်တော် ကန်တင်းရှိရာ စားသောက်ဆိုင်ဘက် လျှောက်လာခဲ့လိုက်တယ်။

မနက်ကိုးနာရီထိုးတာတောင် ဝန်းကျင်တစ်ခုလုံး မြူနှင်းတွေ ဝေနေဆဲပဲ။ ဇန်နဝါရီလကုန်ခါနီးမှ ရှားရှားပါးပါး နှင်းကျပြီး အအေးဓာတ်ပိုလာတဲ့ ရန်ကုန်ဆောင်းပဲ ဆိုပါတော့။

ကျွန်တော် မြောက်ကြွ မြောက်ကြွနဲ့ ခြေကားယားလက်ကားယား ဆိုင်ရှေ့ရောက်လာတယ်။ ဆိုင်ထဲမှာ ဟိုနှစ်ကောင် ရောက်နှင့်နေပြီး မျက်နှာအိုကြီးတွေနဲ့ ထိုင်နေကြတယ်။

ကျွန်တော်က ပါးစပ်ကြီးဖြဲ၊ လက်မထောင်ပြရင်း ထိုင်ခုံတစ်လုံးဆွဲပြီး ဝင်ထိုင်လိုက်တယ်။ ဒါကိုပဲ ဟိုနှစ်ကောင်က မျက်ထောင့်နီကြီးတွေ (မျက်ထောင့်ဝါ၊ မျက်ထောင့်ပြာတွေပါ မကျန်) နဲ့ ဝိုင်းကြည့်နေကြတယ်။

"ဟဲ ဟဲ လက်တွေကို တော်တော်ညောင်းသွားတာပဲ၊ ဟဲ"

ကျွန်တော့်ရယ်သံက အမြင်ကပ်စရာ ပိုကောင်းနေမှန်း သိပေမယ့် မရယ်ဘဲ မနေနိုင်တဲ့အတွက် စပ်ဖြဲဖြဲ ရယ်မိတာပေါ့။ ကိုမျိုးမင်းကို ကြည့်ရတာ မျက်တွင်းတွေလဲ ဟောက်လို့။ မနေ့က ကျူတိုရီရယ်ဖြေဖို့ ညဉ့်နက်တဲ့အထိ စာတွေ တော်တော်ကျက်ခဲ့ပုံရတယ်။

"ရုပ်ကိုက မြင်းနဲ့မျောက်ဝံ စပ်ကျထားတဲ့ရုပ်၊ သူကဖြင့် စာတစ်လုံးမှ ဟုတ်တိပတ်တိမကျက်ဘဲနဲ့၊ ငါတို့ထက် ပိုဖြေနိုင်နေတယ်"

စံဂျူးက ဆက်လက်အောင့်အီး သည်းမခံနိုင်တော့ဘဲ ကျွန်တော့်ကို ပြစ်တင်ရှုတ်ချလာတယ်။

ကိုမျိုးမင်းက

"ငါ့မှာဖြင့် ကျူတိုရီရယ်မဖြေရမှာစိုးလို့ သာကေတက အဒေါ်အိမ်မှာ သွားအိပ်ပြီး သန်းခေါင်ကျော်တဲ့အထိ စာတွေ ကျက်လိုက်ရတာ၊ ပြီးတော့ အကုန်ရောကုန်လို့ ဘာမှ ဟုတ်တိပတ်တိ မဖြေနိုင်ဘူး"

ကိုမျိုးမင်းက ရန်ကုန်တစ်ဖက်ကမ်း ဒလမှာ နေတာ။





မနေ့က နှင်းတွေ ထူပိတ်နေအောင်ကျလို့ သဗ္ဗန်တွေ တော်တော်နဲ့ မထွက်နိုင်ဘူး။ အဲဒါနဲ့ ကိုမျိုးမင်းခမျာ အချိန်မီ ကျောင်းကို မရောက်နိုင်ဘဲ **Discussion** ရှိတာ လွတ်သွားခဲ့ရတယ်။

ဒီနေ့လည်း အဲဒီလိုဖြစ်ခဲ့ရင် ကျူတိုရီရယ်မဖြေရမှာစိုးလို့ အဒေါ်အိမ်မှာ အိပ်ပြီးကို စာကြည့်ခဲ့တာ။

ခုတော့

"ဒါက ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲလေ၊ ငါ့ရှေ့ကရော၊ ငါ့ဘေးက အနောက်က မမကြီးတွေ မမလေးတွေနဲ့ ညီမလေးတွေပါမကျန် စာတွေပြပေးတာကွ၊ အဲ့ဒီလို ပြပေးတိုင်းလဲ ငါက ပစ္စလက္ခတ်မကူးပါဘူး၊ ဘယ်သူ့လက်ရေး လှသလဲ အရင်ကြည့်ပြီးမှကူးတာ၊ ဟဲ ဟဲ"

"အမြင်ကပ်စရာ ကောင်းတာဟာ"

ဒါက စံဂျူးရဲ့ လက်သုံးစကား။ သူ စိတ်တိုရင် ပြောနေကျစကား။ ဒီထက် စိတ်တိုလာရင်တော့ "သောက်မြင်ကပ်စရာကောင်းတာဟာ"လို့ တစ်တစ်ခွခွ ပြောတော့တာ။

"ဆရာမလေးကလဲ ငယ်ငယ်ချောချော၊ သဘောကလဲ ကောင်းမှကောင်း၊ ဟား ဗိုက်ဆာလိုက်တာကွာ၊ မနက်က အိမ်က ဘာမှ မစားခဲ့ရဘူး"

"သင်တန်းချိန် ခုနစ်နာရီကို ခြောက်နာရီလေးဆယ့်ငါးမှ အိပ်ရာကထပြီး ပြေးလာတာ မဟုတ်လား"

"ထုံးစံအတိုင်းပေါ့ကွာ"

“ဒါ ကိုယ့်အပြစ်နဲ့ကိုယ်မို့ မစားခဲ့ရတာပဲ၊ သနားစရာ မရှိပါဘူး”

“သနားစရာမလိုဘူး၊ စားစရာပဲလိုတယ်”

“ငါ့မှာဖြင့် ကျက်လိုက်ရတာကွာ၊ လေးပုဒ်တောင် ကျက်ထားတာ၊ တကယ်ဖြေတော့ စာတွေရောကုန်ရော၊ စာတွေကလဲ ခက်လိုက်တာ”

မျက်တွင်းဟောက်ပက်နဲ့ မချိတင်ကဲ ပြောနေတဲ့ ကိုမျိုးမင်းကိုကြည့်ပြီး ကျွန်တော်တောင် သနားသွားတယ်။ ပြောလို့ပြောတာမဟုတ်ဘူး။ ကိုမျိုးမင်းက တကယ့်ကို ပညာလိုချင်သူ။ ကျွန်တော်တို့ကသာ နိုင်ငံခြားသွားဖို့၊ ဘွဲ့တွေတစ်ခုပြီးတစ်ခုရဖို့ ဆိုပြီး **Deploma** တွေတက်၊ သင်တန်းတွေ တစ်ခုပြီးတစ်ခု တက်နေတာ၊ တကယ်တမ်းကျ ကျောင်းစာမဟုတ်တဲ့ စာအုပ်တွေ ဖတ်တာ ဝါသနာပါသလောက် ကျောင်းစာကျက်ရတာ ပျင်းမှပျင်း အလွန်ပျင်းပဲ။

“ဟော့ကောင်တွေ၊ အားလုံးတိတ် ငြိမ်”

စကားပြောနေရာက စံဂျူးဆိုတဲ့ငနဲက ရုတ်တရက်ကြီး ထ အော်တယ်။

“ဘာလဲဟ'”

“ဟိုမှာ ကြည့်စမ်း၊ ဒီဘက်ကို လာနေတဲ့ သုံးယောက်တွဲကို”

“ကုလားကြီးနဲ့ လျှောက်လာတဲ့ဟာလား”





“ပိန်းလိုက်တာကွာ၊ ကုလားကြီး ပြပ့ါမလား၊ မချောသုံးယောက်ကိုပြောတာ၊ ငါ သတိထားမိနေတာ ကြာပြီကွ”

“မင်း သတိမထားမိတဲ့ မိန်းကလေးရော ရှိသေးလို့လား စံဂျူးရာ”

“ငါက အကောင်းပြတာနော်၊ ယောကျ်ားတွေဖြစ်ပြီး မင်းတို့ ခေတ်နောက်ကျမှာစိုးလို့”

ယောကျ်ားချင်းအတူတူ ကိုယ်ကပဲ ခေတ်နောက်ကျတာတော့ မခံနိုင်ပါ။ ကြည့်ရုံကြည့်တာ လေတောင်ကုန်တာမှတ်လို့။ အဲ့ဒါနဲ့ ကျွန်တော်ရော ကိုမျိုးမင်းပါ စံဂျူးပြရာ ကြည့်လိုက်ပါတယ်။

“အဲဒီသုံးယောက်ထဲက ညာဘက်က အကျီပွပွ ထမီတိုတို၊ ဆံပင်ကောက်ကောက်နဲ့ တစ်ယောက်ကတော့ အပျိုလုံးဝ မဟုတ်နိုင်ဘူး၊ အိမ်ထောင်သည်ဖြစ်ဖို့များတယ်၊ ဒီထက်ပိုပြောရရင် ကလေးအမေဆိုပါတော့”

“မင်းက ဘာကြည့်ပြီးပြောတာလဲ စံဂျူး”

“ဟာ အပျိုနဲ့အအို ခန္ဓာကိုယ်ဖွဲ့စည်းပုံက တူမှ မတူတော့တာ”

“အဲ့ဒီတော့”

“သူ့ကို မစဉ်းစားနဲ့၊ ဘေးဖယ်ကွာ”

“အဲ့ဒီတော့”

“ဟဲ ဟဲ ကျန်တဲ့နှစ်ယောက်မှာ အလယ်က ခဲသားရောင်နဲ့

က အရုပ်ကြီးကလဲ အရှည်ကြီး၊ **Body** ကလဲမိ၊ ရုပ်ကလည်း ကိုရီးယားမင်းသမီး အွန်စောနဲ့ အပြိုင်ပဲကွ"

စံဂျူးပြောတာ ဟုတ်တယ်။ ကဲန်တင်းရှေ့ ရောက်လာတဲ့ သုံးယောက်ထဲက အလယ်ကတစ်ယောက်က စိုးမြတ်နန္ဒာအရုပ် လောက် ရှိတယ်။ မျက်နှာကတော့ သိပ်သေချာ မသဲကွဲသေးဘူး။

"တန်ရာတန်ရာလဲ ပြောစမ်းပါ စံဂျူးရာ၊ မင်းအရုပ်က ငါးပေ မပြည့်ချင်ဘူးနော်၊ ဗလကလဲ နံ့ပြည်စုတ်နဲ့ အပြိုင်"

အမှန်တရားဟာ ခါးတယ်ဆိုတာ သိပ်မှန်တာပဲ။ ကိုမျိုး မင်း အပြောကို စံဂျူးက အဆဲနဲ့ တုန့်ပြန်တယ်။

ကျွန်တော်က

"ဘယ်ဘက်က တစ်ယောက်က ပုပုလုံးလုံး ဝဝလေးပဲ၊ မင်း အားမငယ်နဲ့စံဂျူး၊ မင်းနဲ့ တန်ရာတန်ရာ ကျန်သေးတယ်"

"အေးပါ၊ ငါက မင်းအတွက်ပြောတာ ငသစ်၊ ပြီးမှ နောင်တမရနဲ့၊ အေးလေ၊ မင်းက အကောင်းပြောလည်း နား ထောင်တတ်တဲ့ကောင်မှ မဟုတ်တာ၊ မင်း စိတ်မဝင်စားလည်း နေကွာ၊ ဒါပဲ"

စံဂျူးစကားအဆုံးမှာပဲ အဲဒီမိန်းကလေးသုံးယောက် ကျွန် တော်တို့ရှိရာ ဆိုင်ထဲကို လှမ်းဝင်လာတာ တွေ့လိုက်ရတယ်။



လေပြည်ကလေး ခပ်ဖျော့ဖျော့တိုက်ခတ်တဲ့အခါ သစ် ရွက်ခြောက်ကလေးတစ်ခု မြေပြင်ကို ရုပ်တိုက်လွင့်မျောလာ သလို သူမဟာ ကျွန်တော်တို့စားပွဲရှေ့ကနေ ခပ်ဖြည်းဖြည်း ဖြတ် လျှောက်သွားတယ်။

အခုနေ မိန်းမတို့ရဲ့ အလှတရားအားလုံး စုဝေးရာကို ပြပါဆိုရင် သူမကိုပဲ လက်ညှိုးထိုးပြရလိမ့်မယ်။ ဒီလိုပြောလို့ လွန်တယ်ထင်ရင် ထင်တဲ့သူကို ဂုတ်ကကိုင်ဆွဲပြီး ပြချင်တယ် ကိုယ့်ဆရာရေ တကယ်။

ဒါပေမယ့်

ဒါက ကျွန်တော့်စိတ်ထဲကနေ တိတ်တိတ်ကလေး ဝန်ခံ လိုက်တဲ့ကိစ္စ။ ကျွန်တော်ဆိုတဲ့ကောင်ကလဲ တစ်သက်လုံး မာနနဲ့

နေလာတဲ့ကောင်ဆိုတော့ မိန်းမတစ်ယောက်ရဲ့အလှကို အရေးတယူလိုက်ကြည့်မနေဘဲ စိတ်မဝင်စားချင်ယောင်ဆောင်နေလိုက်တယ်။

စိတ်မဝင်စားဘဲ မနေနိုင်သူက စံဂျူး။ သူက ဘယ်သူ့ကိုရည်ရွယ်ပြီး ရယ်ပြသလဲတော့ မသိဘူး။ မိန်းကလေးသုံးယောက်ဖြတ်လျှောက်တဲ့အချိန်မှာ ရယ်ပြလိုက်တယ်။

"အရှက်ကို မရှိဘူး"

ဒီစကားကို ကျွန်တော်က ပြောတာ။ ဟို သုံးယောက်ထဲကပုပုဝဝ ဖြူဖြူလုံးလုံးနဲ့တစ်ယောက်က မျက်မှောင်ကုပ် ဘုကြည့်ကြည့်ပြီး တုန့်ပြန်တယ်။ ဆံပင်ပုံစံက ဘိုကေတိုကပ်ကပ်၊ ဝတ်ထားတာက ရှပ်အင်္ကျီ၊ ထမိက ပြောင်အဆင်ဆိုတော့ ရုတ်တရက်ကြည့်ရင် အဲဒီ တစ်ယောက်က ယောကျ်ားလေးနဲ့တူနေတယ်။

ဒါပေမယ့် ကြီးမားဖွံ့ထွားတဲ့ သူ့ခန္ဓာအောက်ပိုင်းကမိန်းမအရမ်းကို ဆန်နေတယ်။

"တောက် ရက်စက်လိုက်တာကွာ၊ တစ်ယောက်ဏလည်းတစ်ချက်ကလေးတောင် စောင်းငဲ့ ကြည့်မသွားဘူး၊ တစ်ယောက်ကလည်း မျက်မှောင်ကြီးကုပ်ပြီး ဘုကြည့် ကြည့်သွားတယ်"

"ဟိုဘက်က တစ်ယောက်ကတော့ ပြုံးလဲပြုံးပြတယ်၊ ကြည့် လဲကြည့်ပြီး အသိအမှတ်ပြုသွားဖြါတယ်ကွ"

ကိုမျိုးမင်းက ဝင်ပြောတယ်။ စံဂျူးက ပိုပြီး မကျေမနပ်နဲ့

"အဲဒီ လင်ရှိပြီးသားမိန်းမ အသိအမှတ်ပြုတော့ရော





ဘာလုပ်ရမှာလဲ၊ ဒင်းကျတော့ အဲ့လောက် မျက်နှာချိုလို့ စောစောစီးစီး လင်ရတာကွ၊ ဟင်း"

"စကားအပြောအဆိုတွေကလည်း ရိုင်းစိုင်းကြမ်းတမ်းလိုက်တာကွာ၊ ဟော့ကောင် စံဂျူး နှာဘူး၊ မင်း ဘယ်သူ့ သားသမီးလဲကွ"

"ဟုတ်ကဲ့၊ ကျွန်တော် ဦးမောင်ခင်၊ ဒေါ်မြရွှေတို့ရဲ့ သားပါ ခင်ည"

"အိမ်း မင်းက ဆရာသမားနဲ့ကျတော့လည်း လိမ္မာသားပဲ"

စံဂျူးက လူသေးသေးလေးနဲ့မလိုက် ကြီးကြီးမားမားဆဲတယ်။ ကိုမျိုးမင်းက ခုနက မဖြေနိုင်ခဲ့တဲ့ ကျူတိုရီရယ် ခေါင်းထဲရှိပုံမရတော့ဘူး။ မျက်လုံးပြူး၊ ပါးစပ်ဟောင်းလောင်း၊ ခေါင်းစောင်းကြီးနဲ့ သူများပြောသမျှ လိုက်ငေးနေတယ်။

"အမှန်အကန် ခင်ချင်တဲ့ဟာကို သူတို့က တွန့်တိုနေလိုက်တာကွာ၊ ဟော့ကောင် ငသစ်၊ ငါတို့နှစ်ယောက် ယောကျ်ားတို့အဖွမ်း ဒီတစ်ခါ ပြလိုက်ကြရအောင်ကွာ"

"မင်းပဲ ပြ"

"မင်းနဲ့ဆို ဟိုတစ်ယောက်က အိုကေပဲ၊ နှစ်ယောက်စလုံးခေါင်ကောင်းကောင်းတွေ"

"သဘောကတော့ ဟိုဖြူဖြူပုပုက မင်းအတွက်ဆိုပါတော့"

"အေးကွာ၊ တန်ရာတန်ရာပဲ၊ ဒီမှာ ကိုမျိုးမင်းအတွက်ကတော့ မကျန်တော့ဘူး၊ ကျွန်တော်တို့ပြေလည်သွားရင်လဲ ခုလိုပဲ ပါးစပ်ဟောင်းလောင်းလေးနဲ့သာ ငေးကြည့်နေပေတော့"

စံဂျူးက သူ့သဘောနဲ့သူ ဆုံးဖြတ်ချက်တွေ ချနေတယ်။ ကျွန်တော်က နေရာယူထိုင်လိုက်ပြီဖြစ်တဲ့ သူမတို့စားပွဲဝိုင်းဘက်ကို မသိမသာနဲ့ တစ်ချက်ဝေ့ကြည့်မိတယ်။

သူဟာ လှသလောက် မာနကြီးသူလား။ ဒါပေမယ့် အဲသလိုလဲ မထင်ရဘူး။ သူ့မျက်နှာက မာနရောင်နဲ့ တောက်ပြောင်တင်းမာနေတာမျိုးမဟုတ်ဘဲ မာန်တစ်ခုနဲ့ တင်းထားတဲ့ မျက်နှာမျိုး။ ဒါတောင် တင်းထားတဲ့ကြားက ညှိုးရိပ်သမ်းနေတဲ့ မျက်ဝန်းတွေကို ကျွန်တော် အမှတ်မထင် သတိထားမိလိုက်တယ်။

"သူတို့ပုံစံတွေက ဘယ်သူ့မှ ခင်ချင်တဲ့ပုံ မပေါ်ဘူးနော်"

ကိုမျိုးမင်းကလဲ သူ့အမြင်နဲ့သူ မှတ်ချက်ချတယ်။ အပေါ်ယံကြည့်ရင်တော့ စံဂျူးပြောတဲ့အိမ်ထောင်သည်ဆိုတဲ့တစ်ယောက်က လွဲရင် ကျန်နှစ်ယောက်က မျက်နှာကြော အတော်တင်းတယ်။ သူ့မှာအလွန့် ဆွဲဆောင်နိုင်တဲ့ အလှရှိပေမယ့် ချစ်ခွင့်ပန်ချဉ်းကပ်လာမယ့် ယောကျ်ားတွေရဲ့ ခြေလှမ်းကို ဟန့်တားနိုင်စွမ်းလည်း ရှိနေပြန်တယ်။ ကျွန်တော်က

"တစ်ယောက်က မာနခဲ၊ တစ်ယောက်က ယောကျ်ားပုံ၊ ယောကျ်ားစိတ် ဝင်နေတာလားမသိဘူး"

"ဘာဝင်ဝင် ဘာဖြစ်ဖြစ်၊ မိန်းမဟာမိန်းမပဲ၊ တောင်ကြီး





ဖဝါးအောက် လှိုင်းကြီးလှေအောက် အဲ"

"ဟေ့ကောင် စံဂျူး၊ ဘာတွေပြောနေတာလဲ၊ ဘာမှလည်း မဆိုင်ဘူး"

"အေး ငါ ပြောချင်တာက"

"တော်စမ်းပါကွာ"

"နေပါဦး၊ ငါ အကောင်းပြောမလို့ပါ ငသစ်ရ၊ ဒီလောက်လန်းနေတဲ့ဟာမျိုးလေး တွေ့ဆုံနေတုန်း လက်လွှတ်လိုက်ရင် နှမြောစရာကြီး၊ မင်းကြိုက်လိုက်ပါလား၊ တကယ်ပြောတာ"

စံဂျူးပြောတာ နားထောင်ရင်း တစ်ဖက်သားကို ကျွန်တော် အလိုလို အားနာနေမိတယ်။ ဘာရယ် ညာရယ်တော့ မတွေးတတ်ဘူး။

"ပြောလို့သာ ပြောတာပါ၊ မင်းဆိုတဲ့ကောင်ကလဲ အမြဲကန့်လန့်တိုက် ဆန့်ကျင်နေတဲ့ကောင်၊ စားဆို မစားဘူး၊ သွားဆို မသွားဘူး၊ လုပ်ဆို မလုပ်ဘူး၊ အခုလဲ ကြိုက်ပါဆို မကြိုက်ဘူး လုပ်ဦးမှာပဲ မဟုတ်လား၊ ဘာမဆို ပြောင်းပြန်လုပ်တဲ့ ကောင်"

ကျွန်တော့်မှာ မျက်လုံးမှေး ပါးစပ်သေးပြီး စကားအလွန်များတဲ့ စံဂျူးဆိုတဲ့ သူငယ်ချင်းရယ်၊ မျက်လုံးပြူးပြီး အမြဲ ပါးစပ်ဟောင်းလောင်းနဲ့နေပေမယ့် စကားအလွန်နည်းတဲ့ ကိုမျိုးမင်းဆိုတဲ့ သူငယ်ချင်းရယ် ဒီနှစ်ယောက်လုံးကြောင့် ကျွန်တော် ပျော်တယ်။

"ပြောင်းပြန်ကို စတိုင်တစ်ခုလို သဘောထားပြီး ထွင်မနေနဲ့ ငသစ်၊ ငါတို့ဆီမှာက ပြောင်းပြန်စတိုင် အသုံးမဝင်ဘူးကွ"

"နားငြီးလိုက်တာ စံဂျူးရာ၊ လေသာ ဝယ်ဝယ်သုံးရရင် မင်း အရင်ဆုံး ခွက်လက်ဆွဲရမှာ"

"ပထမအဆင့်အနေနဲ့ နာမည်တွေသိရအောင် အရင် စုံစမ်းမယ်၊ နောက် ဘယ်မှာနေလဲ၊ ဘာလုပ်လဲ၊ နောက် အင်း တဖြည်းဖြည်းချင်းပေါ့"

ပြောလို့ မနိုင်တော့တာနဲ့ ကျွန်တော်လည်း ဘာမှ ထပ် မပြောတော့ဘူး။ ကျွန်တော်တို့ကဲန်တင်းမှာ စားသောက်ပြီး ပြန် ထွက်လာတဲ့အထိ သူ့ထံက အကြည့်ကလေးတစ်ချက်တောင် ဝေ့ဝဲ ရောက်ရှိမလာပါဘူး။

ကျွန်တော်မှာ လူကသာ ပေါ့ပေါ့ပါးပါး၊ ပျော်ပျော်နေပေ မယ့် မာနမင်းသားမို့ သူ့ဖာသာ ဘယ်လောက်ပဲလှလှ "ကြီးကျယ် လို့" ဆိုတဲ့ ကလေးဆန်ဆန်အတွေးမျိုးနဲ့ ဖာသိဖာသာနေဖို့ ကြိုးစားခဲ့တယ်။

ဒါပေမယ့် ကျွန်တော်ဆိုတဲ့ကောင်က စံဂျူးပြောသလို စားဆိုမစား၊ သွားဆိုမသွား၊ ပေးဆိုမပေး၊ ကျွေးဆိုမကျွေး၊ မလုပ်နဲ့ဆိုလုပ်တယ်ဆိုတဲ့ ပြောင်းပြန်သမား။

ဒီတော့ ....။



စံဂျူးနဲ့ကိုမျိုးမင်း ရောက်မလာလို့ ကျောင်းမှာ ကျွန်တော် တစ်ယောက်တည်း ယောင်ချာချာ ပျင်းခြောက်ခြောက်ဖြစ်နေ တယ်။ တစ်ယောက်ထဲမို့ စာသင်ချိန်ပြီးသွားတော့ ကဲန်တင်း ထိုင်ရမလား၊ မထိုင်ဘဲ ပြန်ရမလား တွေဝေနေမိသေးတယ်။

နောက်တော့မှ လက်ဖက်ရည်ကျစိမ့်လေးတစ်ခွက် သောက်ချင်စိတ်ပြင်းပျလာတာနဲ့ ကဲန်တင်းဘက် ထွက်ခဲ့တယ်။

ကျွန်တော့်လို တစ်ယောက်ထဲသမားတွေ မိန်းကလေး ရော ယောကျ်ားလေးပါ အတော်များများရှိနေတာပဲ။ သူတို့တော့ မပျင်းဘူးလား မသိဘူး။

ကျွန်တော် စိတ်ကူးထဲပေါ်ရာတွေးနေမိတယ်။ လက်ဖက် ရည်ခွက်ကလေး အငွေ့တထောင်းထောင်း၊ အနံ့တသင်းသင်းနဲ့

ကျွန်တော့်ရှေ့ ရောက်လာချိန်မှာတော့ ခုနက ပျင်းနေတဲ့စိတ်တွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပြီ။

"အစ်ကို ဘာစားဦးမလဲ"

စားပွဲထိုးကောင်လေးအမေးကို ပါးစပ်ကတောင် မဖြေနိုင်ဘဲ ကျွန်တော် လက်ခါပြလိုက်တယ်။ ဟုတ်သားပဲ။ ကျွန်တော့် အာရုံတွေ ဘယ်ကို ရောက်သွားတာပါလိမ့်။

ရိပ်ခနဲမြင်လိုက်ရတဲ့ အရပ်ရှည်ရှည်နဲ့ မိန်းကလေး တစ်ယောက်ကို အာသာငမ်းငမ်း လိုက်ငေးသွားမိတာလား။

ဒါဟာ ဘယ်သူ့ကိုမှ ရှက်စရာမလိုပေမယ့် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ရှက်သွားတယ်။

လူ့စိတ်ဆိုတာ အတော်ခက်သားပဲ။ ရှေ့မှာ ထင်းထင်းကြီး မြင်နေရပေမယ့် ကြည့်ချင်မှကြည့်တာ။ (ဟန်ဆောင် ထိန်းထားတာလည်း ဖြစ်ချင်ဖြစ်မည်) ခုလို မထင်မရှားမြင်ရရင် မရမက ကြည့်ချင်တာ အဆန်းသား။

ကျွန်တော် မလုံမလဲပြုံးရင်း လက်ဖက်ရည်ကို တစိမ့်စိမ့် အရသာခံသောက်နေလိုက်တယ်။ လက်ဖက်ရည်တစ်ဝက်ကျိုးခါနီးမှ ခနနားပြီး ခေါင်းကို ပြန်မော့တယ်။

အဲဒီမှာတင် ဆိုင်ထဲဝင်လာတဲ့အမျိုးသမီးတစ်ယောက်က ကျွန်တော့်ကို ခင်မင်နှစ်လိုဖွယ် ပြုံးပြနေတာ တွေ့ရတယ်။ ကျွန်တော်လည်း ပြန်ပြုံးပြလိုက်တာပေါ့။

"ကျွန်မ ဒီစားပွဲမှာ ထိုင်လို့ရမလား"





"ဟာ ရပါတယ်၊ ထိုင်ပါ၊ ပြဿနာမရှိပါဘူး"

"ကျေးဇူးပါပဲရှင်၊ ကျွန်မလဲ ဒီနေ့ တစ်ယောက်ထဲဖြစ်နေတာ အနှစ်နဲ့ နီမာက မလာကြဘူးလေ"

"ဩော်"

ဩော်လို့သာ ပြောလိုက်ရတယ်။ ဘယ်သူက အနှစ်၊ ဘယ်သူက နီမာဆိုတာ ကျွန်တော် မသိဘူး။

အခု ကျွန်တော့်ရှေ့မှာ ရောက်နေတဲ့တစ်ယောက်ကတော့ စံဂျူးပြောတဲ့ သုံးယောက်ထဲက ကလေးအမေပါဆိုတဲ့အမျိုးသမီးပေါ့။

"ဟို ကျွန်မနာမည်က ကြည်အေးပါ၊ စာရေးဆရာမ၊ ကဗျာဆရာမ ကြည်အေးတော့ မဟုတ်ဘူးနော်၊ အဟင်း ဟင်း"

ဆရာမ ကြည်အေးက ကျွန်တော်တို့အဘွားအရွယ်လောက် ရှိမှန်းသိရဲ့နဲ့ မရွှေချောက အရွှမ်းဖောက်တယ်။ မကြည်အေးက ကျွန်တော်တို့ထက်တော့ အသက်ပိုကြီးပုံရပါတယ်။

"ဟုတ်ကဲ့ မကြည်အေး၊ တွေ့ရတာ တကယ်ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည်အပြည့်အစုံက နေသွေးသစ်ပါ၊ အားလုံးကတော့ နောက်ဆုံးအလုံးပဲ အဖျားဆွတ်ခေါ်တာ များပါတယ်"

"နာမည်လေးက ဆန်းတယ်နော်၊ ကျွန်မသူငယ်ချင်းရဲ့ နာမည်ကလဲ ကိုသစ်လိုပဲ ဆန်းတယ်၊ ရာစုနှစ်တဲ့ စင်ကျူရီပေါ့၊ ကျွန်မတို့က သူ့ကို အနှစ်လို့ပဲ ခေါ်တယ်"

"ဩော်"

ဒုတိယအကြိမ် ဩော်လိုက်ရပြန်ပေမယ့် ဘယ်သူ့ကို ပြောမှန်း မသိ။ ဒါကို ရိပ်မိပုံရသော မကြည်အေးကပဲ စကားစပြန် တယ်။

"ရာစုနှစ်ဆိုတာ အရပ်ရှည်ရှည်နဲ့ တစ်ယောက်လေ၊ ယောကျာ်းလေးပုံစံနဲ့ ဖြူဖြူပုပုက နီနီမာတဲ့"

"ဩော် ဩော်"

ဒီတစ်ခါ တတိယအကြိမ် ဩော်ကတော့ ဝမ်းသာ အားရ အသံပဲဖြစ်မယ်။ ဒါပေမယ့် ဝမ်းသာအားရသံမပေါက်အောင် တော့ ထိန်းလိုက်ရတာပေါ့။

"ဒီနေ့ ကိုသစ်ရဲ့ ဘော်ဒါ နှစ်ယောက်ရော ကျောင်း မလာဘူးလား"

"ဟုတ်တယ်၊ ဒီနှစ်ကောင် မလာတော့ ကျွန်တော်လဲ ပျင်းနေတာ၊ စံဂျူးနဲ့ကိုမျိုးခင်းတဲ့ ပုပုသေးသေးညှပ်ဖိလေးက စံဂျူး၊ တစ်ယောက်က ကိုမျိုးခင်း၊ ဒါနဲ့ မကြည်အေး တစ်ခုခု စားလေ"

"သူတို့ ကျွန်မ သောက်နေကျကို သိတယ်၊ လာလိမ့်မယ်"

ခဏကြာတော့ လက်ဖက်ရည်တစ်ခွက်ရောက်လာတယ်။ မကြည်အေးက ကော်ပြန့်ကြော်ပူပူတစ်ပွဲနဲ့စားတယ်။ ပြီးတော့ ကျွန်တော်တို့ ရောက်တတ်ရာရာစကားတွေပြောဖြစ်ကြတယ်။

အဲဒီနေ့က ကိုးနာရီခွဲမှ မကြည်အေးနဲ့ကျွန်တော် ပြန်ကြ တယ်။ သူက သူ့ကုမ္ပဏီရုံးကို ဆယ်နာရီအရောက်သွားရမှာ။





ကျွန်တော်တို့ အခုတက်နေတဲ့ ဒီပလိုမာသင်တန်းက ဘွဲ့ရပြီးစသူတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ၊ စီးပွားရေးသမားတွေ အစုံ ပါတယ်။ အသက်ကြီးတာတွေရော၊ ငယ်တာတွေရော အိမ်ထောင် သည်တွေရော၊ ကလေးအမေတွေရော ပါတာပဲ။

စံဂျူးကိုတော့ ဒီတစ်ခု ချီးကျူးရမယ်။ သူ ပြောသလို မကြည်အေးက အိမ်ထောင်သည်။

ဒါကို ခုန စကားပြောကြရင်း မကြည်အေး စကားထဲက ကြားလိုက်ရတာ။ ဘာတဲ့ "ဒီသင်တန်းကို တက်ချင်လို့သာ လာ တက်ရတာ၊ သားလေးကို သူများနဲ့ထားခဲ့ရတာ"တဲ့။

မကြည်အေးက ခင်ဖို့အလွန်ကောင်းမှန်း ကျွန်တော် အကဲခတ်မိတယ်။

"အနှစ်နဲ့နီမာက အကြောင်းမသိရင် သူတို့နှစ်ယောက် ကို တစ်မျိုးပဲလို့ ထင်ရပေမယ့်၊ စိတ်ထားဖြူစင် နူးညံ့ကြပါတယ်"

ဒီစကားကိုလည်း မကြည်အေးက ပြောသွားသေးတယ်။

ကျွန်တော် အင်မတန်ကံကောင်းတယ် ပြောရမလားပဲ။ တစ်နေ့ထဲနဲ့ အကြောင်းအရာတော်တော်များများ သိခွင့်ရခဲ့တယ်။

ဘာကိုမှ စိတ်ဝင်စားဖို့ မကြိုးစားတဲ့ ကျွန်တော့်ကို စိတ်ဝင် စားစရာတွေက စိတ်ဝင်စားစရာကောင်းလောက်အောင်ပဲ ချည်း ကပ်လာခဲ့တယ်။

* အချစ်ပန်းဆိုတာ
ပွင့်လာဖို့အတွက်
အခါမှီ ရာသီတွေ
ဘယ်တုန်းကမှ မလိုခဲ့ဘူး။

* ရေမလောင်း၊ ပေါင်းမသင်
မြေသြဇာမကျွေးလည်း
တိုက်ဆိုင်မှုရှိရင်
ငွါးငွါးစွင့်စွင့်
ဧင်တင်ဧရာမလိုအော်
လှပစွာ ပွင့်လန်းနိုင်တာပဲလေ။



"ဟော ကိုသစ်"

"ဩော် မကြည်အေး"

အတန်းချိန်ပြီးလို့ အခန်းထဲကအထွက်မှာပဲ ကျွန်တော်တို့ အုပ်စုနှစ်စုဟာ အပေါက်ဝမှာ ဘွားခနဲ ထိပ်တိုက်ဆုံတယ်။

ကျွန်တော်နဲ့မကြည်အေး တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးနှုတ်ဆက်ကြတော့ ကိုမျိုးမင်းက သူ့ထုံးစံအတိုင်း ပါးစပ်ဟောင်းလောင်းနဲ့ငေးကြည့်နေပြီး စံဂျူးကတော့ သူ့ထုံးစံ မဟုတ်တဲ့ ပါးစပ်ဟောင်းလောင်းနဲ့ ကအံ့တသြဖြစ်နေတယ်။

ဟိုနှစ်ယောက်ကိုတော့ မကြည်အေး ပြောပြထားသလား မပြောပြထားသလား မသိပေမယ့် သူတို့နှစ်ယောက် မျက်နှာက ဘာအပြောင်းအလဲမှ ဖြစ်မသွားဘူး။

"ကျွန်မတို့ ကန်တော့သွားကြမယ်လေ၊ ပြီးရင် တစ်ခုခု စားသောက်ရင်း စကားပြောကြတာပေါ့"

"ကောင်းသားပဲ မကြည်အေး"

မကြည်အေးက အကြီးတစ်ယောက်မို့ သူ့စကားကို မပယ်ရှားမငြင်းဆန်ဘဲ သူမတို့နှစ်ယောက်စလုံး တိတ်တိတ်ဆိတ်ဆိတ်ပဲ လိုက်လာကြတယ်။

စံဂျူးကတော့ ရောဂါပိုးတွေထပြီး လှုပ်လှုပ်ရွရွနဲ့ဂဏှာမငြိမ်ဖြစ်နေပြီ။ ကျွန်တော့်အေးနားက ကပ်လျှောက်ရင်း တံတောင်နဲ့တွက်လိုက် လက်ကုပ်လိုက်နဲ့မို့ လူလစ်တာနဲ့ ကျွန်တော် နောက်ပြန်ကန်ထဲ့လိုက်တယ်။ ဒီကောင်က မိန်းမနဲ့ ဝတ်သက်ရင်ကျမြွေမရဘူး၊ ပြီးတော့လည်း တစ်ခါမှအဖြစ်မရှိဘူး။

စားပွဲမှာ ဝိုင်းထိုင်ကြတော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကျွန်တော်နဲ့သူမက ဘေးချင်းကပ်ရက်သား ဖြစ်နေပြန်တယ်။

စားကြသောက်ကြတော့လည်း ကျန်တဲ့သူတွေအကုန်လုံး လက်ဖက်ရည်၊ ကော်ဖီအသီးသီးသောက်ပေမယ့် သူမက ငြိမ်သက်နေတယ်။ နီနီမာက စပါကလင်တစ်လုံးသောက်တယ်။ ပြီးမှ ငြိမ်သက် နေတဲ့သူမကို နီနီမာကပဲ

"အနှစ် ဘာစားမှာလဲ၊ မိုက်ဆာတယ်ဆို"

"ထမင်းကြော်ပူပူလေး စားလိုက်ပါလား အနှစ်"

"အင်း"

မကြည်အေးကပါ ဝင်ပြောတော့ သူက 'အင်း' တစ်လုံး





သာဆိုပြီး တိတ်ဆိတ်နေပြန်တယ်။ အနှစ်နဲ့နီနီမာက မပြုံးမရယ် ကြေးလို့ သစ္စာများဆိုထားလေရော့သလားပဲ။

မကြည်အေးကတော့ လူကြီးပီပီ ဦးဆောင်ပြီး ကျွန်တော်တို့ အားလုံးကို မိတ်ဆက်ပေးတယ်။ အနှစ်နဲ့နီနီမာက နှုတ်ခမ်းထောင့် စွန်းလေးတစ်ချက် တွန့်ကွေးပြုံးပြတာကလွဲလို့ တွေ့ရတာဝမ်းသာတယ် ဘာညာ တစ်လုံးမှ မပြောပါဘူး။

စံဂျူးကတော့ အတော့်ကို ဝမ်းသာအားရဖြစ်နေပြီး နီနီမာ့ကို စကားတွေ ရွှန်းရွှန်းဝေအောင် ဖောင်ဖွဲ့ပြောနေတယ်။

စံဂျူးအသံကိုလွှမ်းပြီး မကြည်အေးက လေသံမြှင့်ပြောရတာပေါ့။

"ကိုသစ်လိုပဲ အနှစ်ကလည်း စာဖတ်ဝါသနာပါတယ်၊ ကောင်းတဲ့စာအုပ်ဆို အနှစ်ကို ငှားပေးလိုက်ပါဦး"

"ဪ၊ သူ ဖတ်ချင်ရင် ငှားပေးမှာပေါ့ မကြည်အေးရယ်"

"အနှစ်ရေ၊ ဟိုနေ့က ခနပဲ စကားပြောဖြစ်တာတောင် ကိုသစ်ဆီက စာပေဗဟုသုတတွေရလိုက်သေးတယ်၊ ဗုဒ္ဓတရားတော်တွေအပြင် ကမ္ဘာ့အရေးပါမကျန် နားထောင်လိုက်ရတယ် သိလား"

မကြည်အေးက ကျွန်တော့်ကို ပြောနေရာကနေ အနှစ်ကိုပါ လှမ်းပြောလိုက်တယ်။ သူမဆီက ဟုတ်လား ဘာညာ စကားမြန် မေးဖော်မရဘဲ ခေါင်းညိတ်ပြတာ တွေ့ရတယ်။

နောက်တော့

မကြည်အေးနဲ့ ကိုမျိုးခင်းက အသက်အရွယ်ချင်းလည်းတူ စီးပွားရေးလုပ်ငန်းစိတ်ဝင်စားတာချင်းလည်းတူတော့ လုပ်ငန်းအကြောင်း၊ ကုမ္ပဏီအကြောင်းအရာတွေ ဆွေးနွေးပြောဆိုကြရင်း စကားဝိုင်းသပ်သပ် ကွဲသွားတယ်၊

စံဂျူးက မျက်နှာချင်းဆိုင်ဖြစ်နေတဲ့ နီနီမာ့ကို ဟိုကပြောချင်ချင် မပြောချင်ချင်၊ အရေးလုပ်လုပ် မလုပ်လုပ် ဂရုမစိုက်ဘဲ သူ ပြောချင်ရာတွေ ခွတ်ပြောနေတယ်။

"နောင် နှစ်ပေါင်းတစ်ရာအတွင်း ကမ္ဘာကြီးပျက်မယ်ဆိုတာ ကို မနီမာ ယုံလား"

"သိဘူးလေ"

အလွဲ မနီမာဆိုပါလား၊ အဖျားခွတ်ခေါ်လိုက်ဘာပေါ့။ စံဂျူးဘို့ကတော့ ပလီနေပြန်ပြီ။ အကြောင်းသိကြီးခို့ ကျွန်တော်က ရယ်ချင်နေတယ်။ နီနီမာကတော့ မျက်မှောင်ကြီးကုပ်ပြီး သောက်ဆတ်ဆတ်နဲ့ ဖြေတယ်၊

ပြီးတော့ ကိုဘော့စက်ရုပ်တွေအကြောင်း၊ နိုင်ငံခြားရုပ်ရှင်တွေအကြောင်း၊ နောက်ဆုံး ဘောလုံးပွဲတွေအကြောင်း ရောက်မှပဲ နီနီမာ့မျက်မှောင်ကုပ်တွေ အတွန့်ပြေတော့တယ်။

နောက်မှ စကားတစ်လုံးလဲ ခုန်ထွက်လာတယ်။

"ဟို မခနဲ့က မန်ယူနဲ့ ခင်းနစ်ပွဲက ဘယ်လိုလဲ" တဲ့။ ဒါကြောင့် စကားပုံတောင် ရှိသေးတာပဲ။ အနာသိရင်





ဆေးရှိတယ်တဲ့။ စံဂျူးကတော့ နီနီမာရဲ့မျက်မှောင်ကုပ်ကို ဖြေနိုင်ခဲ့ပြီ။

ကြားမှာ ယောင်နနဖြစ်နေတာက ကျွန်တော်။

ထမင်းကြော်ကို တိတ်တိတ်ဆိတ်ဆိတ်စားသောက်လို့ပြီးတဲ့ အထိ အနှစ်ကို ပြောရမယ့်စကားလုံးတွေ ကျွန်တော် ရှာလို့မရသေးဘူး။ သူကလည်း ဘာတစ်လုံးမှ မပြောဘဲ ရေနွေးတစ်ခွက်ကို ငုံ့သောက်နေပြန်တယ်။

အင်းလေ သူ မပြောတောလည်း ကိုယ်ကပဲ စပြောရုံရှိတော့ဘာပေါ့။ ကိုယ်က ယောကျ်ားလေး မဟုတ်လား။ ဘယ်သူကသတ်မှတ်ထားထား မထားထား ဒါ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေရဲ့ ထုံးစံပဲ မဟုတ်လား။

"ဟို မ အဲ အနှစ်က ဘယ်စာအုပ်တွေ အဖတ်များသလဲ"

သူ့ကို ကျွန်တော်က အနှစ်လို့ပဲ ခေါ်လိုက်ပါတယ်။ အရင်းမရှိ အဖျားမရှိ ကောက်ခါငင်ခါမေးလိုက်တဲ့ ကျွန်တော့်စကားကြောင့် ရုတ်တရက်တော့ သူ ကြောင်သွားပုံရတယ်။

ပြီးမှ ဖြည်းဖြည်းချင်းပဲ

"ကောင်းမယ်ထင်တာ အကုန်ဖတ်တာပဲ၊ ကြိုက်တာကတော့ ဂျူး၊ မင်းလူ၊ မြသန်းတင့်တို့ပေါ့"

အနှစ်လေသံကလေးက တိုးဖျော့ဖျော့၊ ညင်ညင်သာသာလေး၊ ပြီးတော့ အနှစ်က သူ့မျက်ဝန်းတွေကို ဘယ်ကိုမှ မရွေ့လျားဘဲ ဖုံးကွယ်ထားတတ်တယ်။

"စာရေးဆရာကြီးတွေက ဦး၊ ဒေါ် တပ်ခေါ်ရမယ့်အရွယ်တွေ ဆိုပေမယ့် ဒီအတိုင်းခေါ်တာက ဟို ဘယ်လိုပြောရမလဲ၊ ပိုလှသလိုပဲ"

နောက်မှ ဘာတွေးမိသလဲ မသိဘူး။ စကားသံတချို့ ထွက်လာပြန်တယ်။ သူ့ကို ရိုင်းတယ်ထင်မှာစိုးလို့ ထင်ရဲ့။

သူ့နာမည်က အနှစ်လို့ခေါ်တာက ပိုအဆင်ပြေသလိုပဲ။ မရာစုနှစ်၊ မစင်ကျူရီ ဘယ်လိုခေါ်ခေါ် ခေါ်လို့မှမကောင်းတာ။

ဒါကပဲ ကျွန်တော့်အတွက် ရင်းနှီးမှုကို ပိုခဲ့စေသလား မသိ။

နောက်တစ်ခု မျှော်လင့်လို့ရသေးတာက သင်တန်းမပြီးခင်ကာလတွေထိ ကျွန်တော်တို့တွေ့ဆုံနေနိုင်သေးတာကိုပဲ။

"ဂျူးရေးတဲ့ ချစ်သူရေးတဲ့ ကျွန်မရဲ့ညတွေကို ဖတ်ပြီးပြီလား အနှစ်"

"အင်း ထွက်တာနဲ့ ကျွန်မ ငွေးဖတ်လိုက်တယ်"

"ဘယ်လို ခံစားရသလဲ"

"တစ်ခုခုတော့ ခံစားရတာပဲ၊ ဘာလဲဆိုတာတော့ ကျွန်မလည်း သေချာမပြောတတ်ဘူး"

"ဝတ္ထုမို့သာပေါ့၊ တကယ်သာဆို ဒတ်လိုက် နှစ်ယောက်စလုံးဟာ မပွင့်လင်းသလိုပဲ၊ ကိုယ်ကတော့ ဒီလိုထင်တာပဲ"

"ဒါလည်း ပြီး တစ်မျိုးပေါ့လေ၊ လူတွေလိုပေါ့၊ တစ်ယောက် တစ်မျိုးစီရှိကြတာပဲ၊ သူ့ခံစားချက်နဲ့သူ"





စာအုပ်အကြောင်း ပြောတော့လည်း အနှစ်ဆီက စကားသံ ထွက်လာသားပဲ။ ဒါပေါ့ လူတွေရဲ့မေတ္တာကို ခိုးယူဖို့ဆိုတာ သူတို့ အကြိုက်ကို သိထားရမယ် မဟုတ်လား။

ဒါနဲ့ပဲ ကျောင်းပျက်ရက်တွေကို ကျွန်တော် ရှောင်တတ်လာတယ်။

သူနဲ့ ကျွန်တော် ဝါသနာချင်းတူတာလေးရှိနေတာပဲ နှစ်ယောက်စလုံးအတွက် အနေရခက်ခြင်းကို ထိန်းပေးနိုင်ခဲ့တယ်။

အပိုဒီပလိုမာဘွဲ့တစ်ခုရဖို့ အချိန်လုတက်ကြရသူတွေမို့ တချို့ တလေက ပျက်ရက်တွေ ရှိနေကြတာပဲ။ ကျွန်တော်တို့လို ဘာအလုပ်မှ မရှိသေးသူရယ်၊ တကယ့်ကို ပညာလိုလားသူတွေ ရယ်ကတော့ ကျောင်းမှန်နေတာပေါ့။

တစ်ခါတလေကျတော့ ကျွန်တော်တို့အဖွဲ့က ပျောက်တဲ့ လူ ပျောက်လိုက်၊ အနှစ်တို့ထဲက ပျောက်တဲ့သူ ပျောက်လိုက်နဲ့ လူစုံတဲ့နေ့ဆိုတာ ရှားတယ်။ မကြည်အေးသာ ပျောက်ခဲပြီး ကျောင်းမှန်တယ်။

ဒီတော့ ကျွန်တော်နဲ့မကြည်အေး အတွေ့များတာပေါ့။





မကြည်အေးဆီက အနှစ်အကြောင်း တစ်စွန်းတစ်စ လောက်ကို ကျွန်တော် သိခွင့်ရခဲ့တယ်။

"အနှစ်ဘဝက သနားစရာလေး ကိုသစ်ရဲ့၊ ကျွန်မတို့နဲ့ မတွေ့ခင်က သူ့မိဘတွေက တော်တော်ချမ်းသာတာ၊ ခုတော့ အထည်ကြီးပျက်တွေဆိုပါတော့"

လူတွေက ဆင်းရဲတိုင်း သနားစရာကောင်းသလား။ ဒါကို တော့ ကျွန်တော်လဲ မဆုံးဖြတ်တတ်။ ဒါပေမယ့် အနှစ်ကတော့ ဆင်းရဲလို့ သနားစရာကောင်းတာထက် လောင်းရိပ်မိနေတဲ့ ပန်းတစ်ပွင့်လို မလန်းတာကတော့ အမှန်ပဲ။

"ဘာပဲဖြစ်ဖြစ် ကိုသစ်ရယ်၊ ကိုသစ်က ယောကျ်ားလေး ဆိုတော့ သူ ပြောပြော မပြောပြော၊ ကိုသစ်က ပြောပေး၊ သူ ခေါ်ခေါ်မခေါ်ခေါ် ကိုသစ်ကခေါ်၊ သူ ပြုံးပြုံးမပြုံးပြုံး ကိုသစ်ကပဲ"

"မကြည်အေးက သူ့ကို တော်တော်ခင်တာပဲနော်"

မကြည်အေးစကားမဆုံးခင် ကျွန်တော် ကြားဖြတ်မေး လိုက်တယ်။

"ကိုသစ်ကရော မခင်ဘူးလား"

"ဗျာ"

မကြည်အေးရဲ့တန်ပြန်တိုက်စစ်က အရိုက်ကို တဲ့တဲ့ထိ သွားပြီး ရုတ်တရက်တော့ ကျွန်တော် ဘာစကားသံမှ မထွက်နိုင် ဘူး။ မကြည်အေးကပဲ ရယ်မောရင်း ဆက်ပြောပြန်တယ်။

"အနှစ်မှာ အထီးကျန်အားငယ်မှုတွေရှိနေတယ်၊ သူ့

အတွက် ဖေးဖေးမမအဖော်မျိုး လိုတယ်၊ နွေးထွေးကြင်နာယုယမှု လိုနေတယ်၊ ကျွန်မတို့နဲ့အတူ ရှိနေချိန်ဟာ သူ့အတွက် အဓိပ္ပါယ် အရှိဆုံးပဲ"

အခုလို အချိန်တိုလေးအတွင်းမှာတော့ အနုစ်နဲ့ပတ်သက်လို့ အလုံးစုံ ကျွန်တော် နားမလည်နိုင်သေးပါ။ တစ်ရက်နဲ့တစ်ရက် ကျွန်တော်တို့အားလုံး ခင်ခင်မင်မင်ရှိလာတာကတော့ အမှန်ပဲ။

"ပော့ကောင် သေစ်၊ မင်း အနုစ်ကို စိတ်မဝင်စားဘူးလား၊ ငါတော့ မနီမာကို စိတ်ဝင်စားနေပြီ"

စံဂျူးက သူ့ထုံးစံအတိုင်း လေလုံးထွားထွားနဲ့ပြောနေတတ်တယ်။ ပြီးမှ

"အေးလေ၊ မင်းက ကြိုက်ဆို ကြိုက်ချင်မှကြိုက်မယ့်ကောင်၊ စိတ်ဝင်စားမနေပါနဲ့ကွာ၊ ငါပဲ မနီမာကို ဟဲ ဟဲ

"နီမာနဲ့မင်းက အရုပ်ချင်းတော့ ညီတယ်၊ ဒါပေမယ့် ဟိုတစ်ယောက်ရဲ့ တင်ပါးတစ်ခြမ်းစာက မင်းကိုယ်လုံးလောက်ရှိတယ်၊ ကြည့်လည်း လုပ်ဦး"

"ဘာဖြစ်လဲ၊ ဖွေးဖွေးအိအိချစ်စရာ၊ ထွေးပွေ့ချင်စရာ"

"နှာဘူး"

"မင်းက ဂန်ဒူး"

ကျွန်တော်တို့ယောကျ်ားတွေက ယောကျ်ားအချင်းချင်းဆို ဂန်ဒူးပဲပြောပြော၊ နှာဘူးပဲ ပြောပြော သိပ်မနာတတ်ကြဘူး။ အဲ မိန်းကလေးတစ်ယောက်ကပြောတာခံရရင်တော့ ဆတ်ဆတ်ခါ





နာပြီး အလွန် စိတ်ဆိုးတတ်ကြတာများတယ်။

"အနုစ်နဲ့နီမာက ငါတို့ထင်ထားသလို အပေါက်ဆိုးဆိုးမာနကြီးကြီးတွေ မဟုတ်ပါဘူး၊ ခုလိုတော့လဲ ခင်တတ်သားပဲ"

ကိုမျိုးမင်းက တစ်ရေးနိုးမှ မှတ်ချက်တွေပေးနေတယ်။ ကိုမျိုးမင်းပြောတာလည်း ဟုတ်တာပဲလေ။ အခုဆို ကျွန်တော်တို့ ခြောက်ယောက်ဟာ ဝါသနာတူကိုယ်စီတွေနဲ့ အချိန်တော်တော်များများ လေပေးဖြောင့်နေတတ်ကြပြီ။

ကျွန်တော်နဲ့အနုစ်က ဖတ်ခဲ့ဖူးတဲ့စာအုပ်တွေအကြောင်း၊ နီနီမာနဲ့စံဂျူးက ဘောလုံးပွဲတွေအကြောင်း၊ မကြည်အေးနဲ့ ကိုမျိုးမင်းက ကုမ္ပဏီအကြောင်း၊ စီးပွားရေးအကြောင်းတွေပေါ့။

တစ်ခါတလေ ရုပ်ရှင်ဂီတနဲ့ လူထဲကလူတွေအကြောင်းလည်း ပါတာပဲ။ လမ်းကြောင်းသင့်ရင် ကိုယ့်အကြောင်း၊ ကိုယ့်မိသားစုအကြောင်းတွေတောင် ပါလာတတ်ကြသေးတယ်။

မကြည်အေးက သူ့သားလေးလသားအရွယ်နဲ့ခွဲပြီး လာရတဲ့အခြေအနေကိုမုန်းကြောင်း၊ သူ့အမျိုးသားနိုင်ငံခြားသွားနိုင်ဖို့ ကြိုးစားနေတဲ့အကြောင်း။

စံဂျူးက စီးပွားရေးလုပ်ပြီး မိန်းမယူရင်ကောင်းမလား (နီနီမာကိုကြည့်လျက်) ဆိုတဲ့အကြောင်း။

နီနီမာက သူ ငယ်ငယ်က ရန်ဖြစ်ရင် လက်မြန်ခြေမြန်နဲ့ ဗိုးခနဲ ဒေါက်ခနဲဆော်တတ်ကြောင်း (စံဂျူးကို ကြည့်လျက်) ပြောတယ်။

ကိုမျိုးမင်းကတော့ မျက်လုံးပြူးပြူးကြီးနဲ့ ပါးစပ်ဟောင်းလောင်း နားထောင်နေတာ များပါတယ်။

“ကိုမျိုးမင်းရာ ... ပါးစပ်ပိတ်ပြီး နားထောင်စမ်းပါ၊ ရွာက တက်လာတဲ့ ကလေးကျနေတာပဲ”

ဘယ်လောက်ပဲပြောပြော ကိုမျိုးမင်းကတော့ သူ့အချိုးကို မပြင်ဘူး။

အနှစ်ဆီကတော့ ဘာစကားမှ သိပ်ပြီးထွက်လာလေ့ မရှိဘူး။ ဆင်းရဲသွားတာကို သိမ်ငယ်နေတာလား။ ဒါလည်း မဟုတ်နိုင်။ အခြား အကြောင်းရှိလိမ့်ဦးမယ်လို့ ကျွန်တော် ထင်တယ်။

“ဆိုပါဦး၊ ကိုသစ်က ရုပ်ဖြောင့် ခေါင်ကောင်းတော့ ရည်းစားတွေ ဘယ်နှစ်ယောက်တောင် ရှိသလဲ”

မကြည်အေးက ရင်းနှီးစွာမေးတယ်။ ယောကျ်ား တစ်ယောက် ရှက်ကိုးရှက်ကန်းဖြစ်ရင် ကြည့်မကောင်းမှာစိုးလို့ ကျွန်တော် ရှက်မနေတော့ပါဘူး။

“အထင်ကြီးရန်ကောဗျာ၊ ကျွန်တော်က ငယ်ကထဲက စာပဲ စိတ်ဝင်စားခဲ့တာ၊ အဲ စာဆိုလို့ ကျောင်းစာကလွဲရင်ပေါ့ အဟဲ”

“ဒီကောင်က ပြောင်းပြန်ပြောမှလုပ်တာ၊ ပြီးတော့ အနှစ်လည်း သိပ်ကြိုက်တယ်”

စံဂျူးစကားကြောင့် အားလုံးကြောင်သွားကြတယ်။

“ဟင်းထဲက အနှစ်လေ၊ ဟုတ်တယ် မဟုတ်လား ငသစ်”





ပြီးမှ ရယ်ကြတယ်။ အနှစ်ခမျာလဲ စိတ်သက်သာရာရသွားသလို ယောင်ယောင်လေး ပြုံးလို့။

အရင်က အရင်က ဆိုတာ အနှစ်နဲ့မတွေ့ခင်အထိကို ပြောတာ၊ ကျွန်တော် ပျော်ပျော်ပဲနေပြီး၊ စလိုက်၊ နောက်လိုက်၊ ပေါ လိုက်နဲ့ပဲ နေခဲ့တာ။

စံဂျူးလည်း ဒီအတိုင်းပဲလေ၊ စံဂျူးဆိုခုထိ ပေါတုန်း၊ ရူးသလို၊ ပေါသလိုနဲ့ နီနီမှာနား ကပ်နေတယ်...။

ကျွန်တော့်မှာတော့ တည်တင်းတဲ့အနှစ်မျက်နှာထားကြောင့် မျက်နှာပိုး သတ်ထားရတယ်။ မျက်နှာလည်း မပြောင်ရဘူး။

ခုဆို ကျွန်တော်ပါ အကျင့်ပါပြီး တဖြည်းဖြည်း မျက်နှာထား တည်လာပြီ။

အနှစ် ဟက်ဟက်ပက်ပက်ရယ်မောနေတာကို တစ်ခါလောက်တော့ ကျွန်တော် မြင်ဖူးချင်ပါသေးတယ်။

ကျွန်တော်ကိုယ်တိုင်ရော အနှစ်ရယ်မောအောင် လုပ်နိုင်တဲ့သူ ဖြစ်မလာနိုင်ဘူးလား။

ဒါကိုတော့ ကျွန်တော်လည်း သေချာမပြောတတ်သေးပါ။

ခုတော့ ဆက်ပြီး ဟန်ဆောင်နေပါဦးမယ်။

တစ်စုံတစ်ရာ အဖြေ မတွေ့ခင်ထိပေါ့။



အစောပိုင်းက ပြောသလိုပဲ ကျွန်တော်တို့တွေဟာ တစ ထက်တစ ပိုရင်းနှီးလာကြတာကတော့ အမှန်ပဲ။ ဒါပေမယ့် ရုပ်ရှင်အတူကြည့်တာ၊ ခရီးအတူထွက်တာမျိုးထိတော့ မရှိကြသေးဘူး။

ကျွန်တော်တို့ စတင်ခင်မင်ကြကတည်းကိုက ဒီသင်တန်းရဲ့ ပထမနှစ်ဝက်စာမေးပွဲဖြေခါနီးဆိုတော့ ခင်ပြီး မကြာခင်မှာပဲ နှစ်ဝက် စာမေးပွဲဖြေပြီး သင်တန်းနှစ်လ ပိတ်သွားတယ်။

မပိတ်ခင် စာမေးပွဲဖြေပြီး အတန်းထဲက ထွက်ကြတော့ ကဲန်တင်းမှာ ဆုံကြတယ်။ အားလုံးဟာ တည့်တည့်ငြိမ်ငြိမ်ပါပဲ။ စံဂျူးတစ်ယောက်သာ သူ့အရပ်နဲ့ ခန္ဓာကိုယ်ကို အခွင့်အရေးယူပြီး ကလေးလိုလို ခွေးလိုလို လုပ်နေတယ်။





"မနီမာ၊ မနီမာရဲ့အိပ်လိပ်စာ မပေးရသေးဘူးလေဗျာ၊ ကျွန်တော်က ဘယ်လိုလာလည်လို့ရမှာလဲ"

"မလာနဲ့ပေါ့"

နီနီမာက မျက်မှောင်ကုပ်ပြီး ဖြေတယ်။ ဒါ သူ့ထုံးစံလားမေးရာပါလား မသိဘူး။ သူ မကျေနပ်ရင် စိတ်ဆိုးဒေါသဖြစ်ရင် သဘောမကျရင် မျက်မှောင်ကြီး ကုပ်သွားတတ်တာ။

ဒါကို စံဂျူးက ဂရုမစိုက်ဘဲ ဖွတ်ပြော၊ ဖွတ်လုပ်နေတာ။ စံဂျူးက နဂိုကတည်းကိုက မျက်နှာရှူးတယ်၊ ပျော်တတ်တယ်။ မိန်းကလေးတွေနဲ့ ပတ်သက်ရင် ပိုပြီးမျက်နှာရှူးတယ်။

ဒါ သူ့ထုံးစံ။

ကျွန်တော်က ငယ်ကတည်းက ခုထိ အတဲ့ပြောလို့ မရတဲ့လူ။ ဒါလည်း ကျွန်တော့်အကျင့်၊ ကျွန်တော့်ထုံးစံပဲလေ။ ရယ်စရာတော့ အကောင်းသားနော်။

"ကျွန်တော်တို့ ကိုးမိုင်မှာ ဘိလိယက်ထိုးပြိုင်ကြရအောင် ကျွန်တော် လာခေါ်ပါ့မယ် မနီမာရဲ့၊ အမလေးနော် အာပေါက်လိုက်တာ"

စံဂျူးက ရေနွေးခွက်ကို ကောက်မော့ရင်းပြောတယ်။

"အား ဖူး ပုလိုက်တာ၊ ဒီရေနွေး ငါ ငှဲ့ထားတာပဲ ကြာလှပြီ၊ ခုထိ တအားပူတုန်းပါလားဟ၊ ဟူး"

"ခုနက မင်းငှဲ့ထားတဲ့ရေနွေးက မင်းဖာသာသောက်လို့ကုန်ပြီလေ၊ ဒါ ခုမှ ငါ ငှဲ့ပေးထားတာ၊ မင်းရောဂါက ဆေးမရှိပါ

လား စံဂျူးရ"

"အမြင်ကပ်စရာကောင်းလိုက်တာဟာ၊ ရေနွေးငှဲ့ထားရင် ငှဲ့ထားတယ်ပြောပါလား"

ဘာပဲဖြစ်ဖြစ် စံဂျူးရဲ့ဆေးဆွေက အောင်မြင်တယ်လို့ ဆိုရမယ်။ နီနီမှာအနာနဲ့ တွဲသွားတာချည်းပဲလေ။

ကျွန်တော့်မှာသာ အနှစ်ရဲ့မျက်ဝန်းထဲက စာတွေကို ခုထိ မဖတ်တတ်သေးဘူး။

အနှစ်ရဲ့မျက်ဝန်းတွေဟာ ပိုပြီး မှိုင်းမှုန်ရီဝေ ငြိမ်သက် တိတ်ဆိတ်လာသလို ထင်ရတယ်။ သံယောဇဉ်ရှိတတ်တဲ့ မျက်ဝန်းတွေလား။ သံယောဇဉ်ကင်းတတ်တဲ့မျက်ဝန်းတွေလားဆိုတာကို ကျွန်တော် မဝေခွဲတတ်ဘူး။

မကြည်အေး တဖွဖွပြောဆိုတိုက်တွန်းနေကျ စကားလုံးတွေကို ပြန်သတိရရင်း အနှစ် ခေါ်ခေါ်မခေါ်ခေါ်၊ ပြောပြော မပြောပြော ပြုံးပြုံး မပြုံးပြုံး၊ ကျွန်တော်က ခေါ် ပြော ပြုံးရမယ် မဟုတ်လား။

ဒီနေရာမှာတော့ ကျွန်တော့်အကျင့်အတိုင်း ပြောင်းပြန် လုပ်လိုက်မယ်ဆိုရင် ကျွန်တော် အနှစ်နဲ့ဝေးသွားရုံပဲ ရှိမှာပေါ့။

စံဂျူးကတော့ ကျွန်တော့်ကို "မင်း အနှစ်ကို မချစ်နဲ့၊ မကြိုက်နဲ့၊ စိတ်မဝင်စားနဲ့"လို့ ရွဲ့ပြောနေတာပဲ။

"ကိုယ့်မှာ ဘာသာပြန်စာအုပ်ကောင်းကောင်းတွေ အတော်များများဝယ်ထားတာရှိတယ်၊ အနှစ်လဲ ကြိုက်မှာပဲ၊





ပိတ်ရက်မှာဖတ်ဖို့ ကိုယ် ယူလာပေးမယ်လေ"

"အနှစ်က ဟို အဆောင်မှာနေတာ"

"အဲ့ဒီအဆောင်ကို လာပို့ပေးမှာပေါ့"

"အနှစ် ကျောင်းပိတ်ရက်မှာ အိမ်လဲ ပြန်ဦးမှာလေ၊ နေပါစေတော့ ကိုသစ်ရယ်"

အနှစ်မျက်ဝန်းတွေဟာ ရုတ်ခြည်းပဲ ပြိုတော့မယ့်မိုးလို မှိုင်းညို့တက်လာတယ်။ မျက်နှာဖြူနုနုပေါ်က မျက်ခုံးတန်း နက်နက်အစပ်ကြားလေးဟာ နီနီရဲရဲဖြစ်လာတယ်။ ဒါ ကလေးတွေ ငိုတော့မလို့ အစပျိုးတဲ့အခါ ဖြစ်တတ်တဲ့လက္ခဏာပဲပေါ့။

"အနှစ်ရဲ့အိမ်က တောင်ငူမှာလေ၊ သူက ဒီလိုပဲ ကူးချည်သန်းချည်ပေါ့၊ အဆောင်မှာတော့ နီမာနဲ့အတူနေတာပဲ"

မကြည်အေးက စကားနဲ့ ဝင်ထိန်းတယ်။ စံဂျူးကပါ စကားရော ဖောရော ဝင်လုပ်တယ်။

"မနီမာဆီ ငါ ရောက်မှာပဲလေ၊ အနှစ် ပြန်ရောက်ရင် မင်းကို ငါ ပြောမယ်၊ အဲ့ဒီအခါမှ မင်းလိုက်ခဲ့"

"ဟား စံဂျူးရာ၊ မင်းနောက် လိုက်စရာလား၊ ရန်ကုန်နဲ့ တောင်ငူ ဘာဝေးလို့လဲ၊ ငါ့ဖာသာ တောင်ငူပဲ သွားတော့မှာပေါ့၊ ဟြော် တောင်ငူမှာ ကျွန်တော့်အဒေါ်နဲ့အဘွားရှိတယ် အနှစ်ရဲ့၊ ကျွန်တော် ခဏခဏ သွားနေကျပဲ"

ကျွန်တော့်စကားအဆုံးမှာတော့ အနှစ်ရဲ့မျက်နှာဟာ ပိုမိုပျက် ယွင်းလာပြီး စိုးရွံ့မှုတွေ အထင်းသားပေါ်လာပြန်တယ်။

မျက်ဝန်းတွေကလည်း ဘယ်ကိုမှ မကြည့်တော့ဘူး။ ခပ်ငုံ့ငုံ့မျက်နှာဟာ ဘေးတစောင်းနဲ့ ရှေ့မြင်ကွင်းကိုပဲ ငေးနေဟာယ်။

"ကဲပါ၊ ဘောင်ဂူတွေ ပဲခူးတွေထိ အဝေးကြီး သွေးမနေပါနဲ့၊ အနှစ်က ပြန်လည်း ခဏပဲနေတဲ့ဟာ၊ နောက်ဆို ရန်ကုန်မှာပဲနေပြီး အလုပ်လုပ်မှာလေ၊ ဒီလထဲ ကျွန်မသားလေးမွေးနေ့ရှိတယ်၊ အဲ့ဒီအချိန် အနှစ်လည်း ပြန်ရောက်ပါပြီ၊ အားလုံး ဆုံကြတာပေါ့"

ကိစ္စတိုင်းမှာ မာရ်နတ်ဆိုတဲ့အဖျက်ရှိတယ်လို့ဆိုပေမယ့် ကျွန်တော့်အတွက်တော့ မကြည့်အေးဟာ ကယ်တင်ရှင် မေခလာပါပဲ။

"ကဲ ကျွန်မတော့ ရှုံးသွားရဦးမယ်၊ ကိုမျိုးမင်း လိုက်မှာမဟုတ်လား"

"လိုက်မှာလေ"

"အနှစ်က အိမ်အတွက် ပစ္စည်းနည်းနည်းဝယ်မယ်ဆို"

"သွားမှာ မမအေး"

"ကိုသစ်တို့ လိုက်ကူလိုက်ပါလား၊ အားရင်ပေါ့"

"သိပ်အား၊ အရမ်းအား"

စံဂျူးက ဝမ်းသာအားရ ထပြောတယ်။ ကျွန်တော်က ခေါင်းညိတ်ပြရင်း "ရတယ်လေ၊ သွားကြတာပေါ့" လို့ ပြောလိုက်တယ်။ အနှစ်ကတော့ အားနာဟန်နဲ့ မော့ကြည့်လာတယ်။

"ကိုယ် တကယ်အားတာပါ အနှစ်ရဲ့၊ အားမနာပါနဲ့"






အမှန်က ကျွန်တော် မအားဘူး။ အိမ်က ဖုန်းအတွက် ဘောဆောင်စရာရှိသလို ဆီထုတ်ဖို့အတွက်လဲ ဖေဖေခိုင်းထားသေးတယ်။ လောလောဆယ် ကျောင်းကနေ အိမ်ပြန်ရောက်ရင် မေမေ့ကို တာမွေ လိုက်ပို့ဖို့ ရှိတယ်။ တာမွေက ကျွန်တော်တို့ပိုင် တိုက်ခန်းကိုငှါးဖို့ စာချုပ်ချုပ်ဖို့ မေမေသွားရမှာ။

ကျွန်တော်တို့ ကဲန်တင်းက ထွက်ပြီး လမ်းခွဲကြတယ်။ ကျွန်တော်နဲ့စံဂျူးဘေးချင်းယှဉ်လျှောက်တော့ လက်ခလယ်နဲ့ လက်မလိုပဲ။ အနှစ်နဲ့နီနီမာကလည်း လက်ခလယ်နဲ့ လက်မပါပဲ။

ဒါကိုကြည့်ပြီး အနှစ်က သဘောကျစွာ ရယ်မောလိုက်တယ်။ အနှစ် အားရပါးရပြုံးလိုက်တော့ ပါးဖောင်းဖောင်းပေါ်က ပါးချိုင့်လေး ချိုင့်ဝင်သွားရော။

စံဂျူးက အနှစ်ကို အွန်စောနဲ့တူတယ်လို့ တစ်ခါက ပြောဖူးတယ်။ အွန်စောနဲ့ လှတာချင်းတူရင်တောင် အနှစ်က အရပ်ရှည်ပြီး ကိုယ်ခန္ဓာအချိုးအစားလဲ ပိုလှပါတယ်။

ဘာရယ်မဟုတ်ဘဲ ကျွန်တော့်စိတ်ထဲက ကျိတ်ပြိုင်ပေးနေမိတာပါ။ တကယ်တမ်းကျ ပြိုင်နေစရာတောင်မလိုပါဘူး။ အနှစ်သာ ခုလို အမြဲတမ်းဟက်ဟက်ပက်ပက်ရယ်မောနေမယ်ဆိုရင် ကမ္ဘာပေါ်မှာရှိသမျှ အလှဘုရင်မတွေ အကုန်ရှုံးပြီပေါ့။



အိမ်ကိုပြန်သော အပြန်ခရီးတိုင်းသည် အမေ့ကိုချစ်ခြင်း၊ သနားခြင်း၊ တွေ့ချင်လွမ်းခြင်းတွေကြောင့်သာ အားသစ်မွေး၍ ပြန်ဖြစ် သည်။

တကယ်တမ်းကျ ဒီနယ်မြေ ဒီဒေသကို သူ ခြေချချင်စိတ် မရှိ။ ယခုတစ်ကြိမ် အိမ်ပြန်ခြင်းသည် ယခင်အကြိမ်များစွာထက် ခွန်အားတွေ လျော့ပါးနေသလိုထင်ရ၏။ သူ့ရင်ထဲက တစ်စုံတစ်ရာမှာလည်း ခပ်ဝေးဝေးတွင် ကျန်နေရစ်ခဲ့သည်ဟု ခံစားနေရသည်။

အိမ်ထဲသို့ လှမ်းဝင်လိုက်ချိန်၌ သူ့တစ်ကိုယ်လုံး နွမ်းရိပျော့ဖတ်နေခဲ့လေပြီ။

"မနေ့ကတည်းက ရောက်မယ်ထင်ပြီး အားလုံး မျှော်နေကြတာ"





ခရီးဆောင်အိတ်ကို လှမ်းယူရင်း ဒေါ်လေးကြူက ဆီးပြောသည်။ အနားရောက်လာသော မေမေက စကားတစ်လုံးမှ မပြောသေးဘဲ သူ့ကို ချစ်ခြင်း၊ သနားခြင်း၊ အားကိုးခြင်း များစွာတို့ဖြင့် ဖွဲ့စည်းထားသော မျက်လုံးတို့နှင့် မော့ငေးကြည့်နေသည်။ မေမေနှင့်မလှမ်း မကမ်းတွင်လဲ မျှော်လင့်ခြင်း၊ အနစ်နာခံခြင်း၊ သည်းခံခြင်းတွေနှင့် ပြည့်နှက်နေသော မျက်လုံးတစ်စုံနှင့် လူငယ်လေးတစ်ယောက်။ ပြည့်ပြည့်စုံစုံပြောရမည်ဆိုလျှင် ဂျိုင်းထောက်လေးနှင့် လူငယ်လေးတစ်ယောက်။

စိတ်ရှုပ်သည်။ လက်ရှိ ဒီလို အခြေအနေမျိုးကို သူ ကြောက်၍ ကျဉ်းကျပ်လှပြီ။ ရင်မဆိုင်ချင်တော့။ ဘေးကျပ် နံကျပ်နှင့် ချောင်ပိတ်မိနေသော အဖြစ်မျိုးမှ ဘယ်တော့များမှ ဝင်္ကျွတ်ပါ့မလဲ။

"နေကောင်းရဲ့လား၊ ကြည့်ရတာ နွမ်းဖတ်နေသလိုပဲ"

ခုမှ မေမေက စတင်၍ စကားပြောရင်း သူ့လက်မောင်းကို လာဆုပ်ကိုင်သည်။ ပြီး သူတို့အားလုံး ဧည့်ခန်းထဲက ဆက်တီခုံဆီ ဦးတည်ကာ ကိုယ်စီထိုင်လိုက်ကြ၏။

"သမီးက ကောင်းပါတယ်၊ မေမေနဲ့ ဒေါ်လေးကြူရော၊ နေကောင်းတယ် မဟုတ်လား"

"ကောင်းတယ်၊ နှစ်ယောက်လုံး ဒေါင်ဒေါင်မြည်ပဲ၊ မင်းထိုက်တစ်ယောက်ပဲ"

မေမေ့စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွား၍ သူ ဆက်မေးလိုက်ပါသည်။

"ဘာဖြစ်လို့လဲ"

"ခြေထောက်က ဒဏ်ရာဟောင်းက ပြန်ကိုက်နေလို့ ဆေးခန်းပြရတယ်၊ အခု ဆေးသောက်နေရတယ်လေ"

"လိုအပ်လို့သောက်ခိုင်းရင်သောက်ရမှာပေါ့၊ ဆေးမှန်မှန် သောက်ရဲ့လား"

သူက ဘယ်သူ့ကိုရယ်လို့ ဦးတည်မေးတာမျိုး မဟုတ်ဘဲ မေး လိုက်သည်။ ဖြေတော့ မင်းထိုက်က ဖြေသည်။

"ခုတော့ သောက်ဖြစ်ပါတယ်"

အလို ဒါက ဘာအဓိပ္ပါယ်လဲ၊ ဘာစကားလဲ ခုတော့ သောက်ဖြစ်တယ်ဆိုတော့ နောက် သောက်ဖြစ်ချင်မှ သောက်ဖြစ် မယ်ဆိုတဲ့ သဘောလား။ သူ မင်းထိုက်မျက်ဝန်းများကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

သို့သော်

မင်းထိုက်ထံမှ မည်သည့်ထူးခြားမှု အရိပ်အယောင်မျိုး ကိုမှ မတွေ့ရပါ။

"အခန့်မသင့်လို့ ဖြစ်တာလောက်ပါ၊ ကောင်းသွားမှာပါ၊ သိပ် ဆိုးဆိုးဝါးဝါးကြီးမဟုတ်ပါဘူး မမနှစ်"

"အင်းလေ၊ ပြီးတာပါပဲ"

"ဒီတစ်လလောက်နားပြီးရင် ကျွန်တော် နယ်ဘက်ခရီး





ထွက်မယ်၊ အဲ့ဒီမှာ စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ဖို့ မိတ်ဆွေ တစ်ယောက်နဲ့ တိုင်ပင်ပြီးပြီ"

"အို မဟုတ်တာ သားရယ်၊ ဒီမှာလဲ လုပ်ကိုင်စားသောက် လို့ အဆင်ပြေနေတဲ့ဟာ၊ တကွဲတပြားစီသွားဖို့ မစဉ်းစားပါနဲ့"

မင်းထိုက်အပေါ်ထားသော မေမေ့ရဲ့ တွယ်တာမှု သံယောဇဉ်တွေကို မြင်ရသည်။ မေမေ့ကို သနားပြီး မေမေ့ကြောင့် လည်း ဘာကိုမှ အနှစ်မှာ ပြတ်ပြတ်သားသား မဆုံးဖြတ်ရဲခဲ့တာ ဖြစ်သည်။ သူ သက်ပြင်းတစ်ချက် ကျိတ်ချလိုက်ရင်း

"အဲ့ဒီကိစ္စတွေက ခေါင်းအေးအေးနဲ့ နောက်မှ ဖြည်းဖြည်း စဉ်းစားကြတာပေါ့"

"ကျွန်တော် ဒီမှာ အကြာကြီးမနေပါဘူး၊ ကျွန်တော်ရှိ နေရင် မမနှစ်က"

"ဘယ်လိုစကားတွေ ပြောနေတာလဲ သားရယ်၊ တို့တွေ ဟာ မိသားစုတွေပဲ၊ လောကကြီးမှာ ပြေးကြည့်မှ ဒီလူလေးပဲ ရှိတာ"

မေမေ့အသံက စကားပြောရင်း တိမ်ဝင်သွားသည်။ မေမေ စိတ်ဆင်းရဲသွားရမှာမျိုးကိုတော့ သူ လုံးဝ မလိုလားပါ။

တဖြည်းဖြည်း အသက်အရွယ်ကြီးပြီး အိုမင်းမစွမ်း ဖြစ်စ ပြုလာပြီဖြစ်သော မိခင်၏နောက်ဆုံး နေဝင်ချိန်ကလေးကို လှပ ချမ်းမြေ့စေချင်ပါသည်။

"ဒါတွေ ပြောမနေပါနဲ့ မင်းထိုက်ရယ်၊ တို့တွေက

မောင်နှမတွေပဲ”

တကယ်တမ်း သူနဲ့ကိုယ်နဲ့ ဘာမှ သွေးသားတော်စပ်မှု မရှိတာ သူရော ကိုယ်ရောအသိ။ သို့သော် မေမေ့မေတ္တာတွေက မင်းထိုက်အပေါ် သားတစ်ယောက်လို တွယ်တာနေခဲ့ပြီပဲ။

“ပြီးတော့ ဒီအိမ်ဟာ မင်း ပိုက်ဆံနဲ့ဝယ်ထားတဲ့အိမ်၊ မင်း ရှာဖွေထောက်ပံ့ထားတာတွေနဲ့ ရပ်တည်နေတဲ့မိသားစု နောက်”

“တော်ပါတော့ဗျာ၊ ကျွန်တော့်ကို အနေခက်အောင် ဒီလို စကားလုံးတွေနဲ့ ဖိအားမပေးပါနဲ့၊ ဒီလိုတွေ ဖြစ်လာအောင် ကျွန်တော်တို့ ဖန်တီးခဲ့ကြတာမှ မဟုတ်တာ၊ ကံကြမ္မာအတိုင်း ဖြစ်လာကြရတာပဲ”

“ကဲ စကားတွေနောက်မှပြောကြ၊ ဒေါ်လေး ထမင်းခူး လိုက်တော့မယ်၊ မိသားစုဆုံတုန်း ထမင်းဝိုင်းစားကြရအောင်”

ဒေါ်လေးက စကားတွေ လွန်မလာအောင် ဝင်ထိန်းလိုက် သည်။ ပြောပြီးမှ သူရော မင်းထိုက်ပါ လွန်သွားမှန်းသတိရကြ သည်။ မေမေ့ရှေ့မှာ ဒီလိုစကားတွေ မပြောမိဖို့ သူတို့ အမြဲသတိ ထားခဲ့ကြသည်။

ထင်သည့်အတိုင်း မေမေ့မျက်နှာက ညှိုးရိပ်သမ်း သွား၏။

“မေမေတို့ဖို့ လက်ဆောင်တွေ ဝယ်လာတယ်၊ ထမင်းစား ပြီးမှ ထုတ်ပြမယ်၊ သမီး ရေအရင် မြန်မြန်ချိုးလိုက်မယ်လေ”

“ချိုးလိုက်သမီး၊ သမီး ရေချိုးရအောင် မင်းထိုက်က





ရေနွေးတည်ထားတယ်”

ဒီစကားကြောင့် သူ့စိတ်တွေ ပိုမိုကျဉ်းကျပ်သွားရပြန် သည်။ ကျေးဇူးပြုပြီး သူ့အပေါ် အနွံတာခံတာတွေ၊ အနစ်နာခံ တာတွေ အလိုက်သိတာတွေ မလုပ်ပါနဲ့တော့။

ကမ္ဘာ့အပြင်ဘက်ထွက်၍ အသံကုန် ဟစ်အော်ချင်သည်။ ထွက်ပေါက်တစ်ခုခု ရချင်သည်။

ဘဝခရီးလမ်းကို လွတ်လွတ်လပ်လပ် လျှောက်လှမ်းချင် သည်။

ကျေးဇူးပြု၍ သူ့ကို။

* ထွက်ပေါက်တွေတိုင်း ပိတ်နေတာတာ
အဲ့ဒါကိုပဲ ဘဝဆိုရင်တော့
သောာမ့ပျောက်ခဲ့တာကြာပြီ
* စိတ်ရဲ့အရင်းခံ
မပျော်ရွှင်နိုင်မှတော့
ဝင်သက်ထွက်သက်လည်း
မမှန်ချင်တော့ဘူး
* အနာဂါတ်က ဓောက်ထိုးဆွဲလို့
အတိတ်တစ္ဆေတွေကို
ငါ့ဆီ
တစ်ကောင်ပြီးတစ်ကောင်
ရိုက်မောင်းတွန်းပို့
ကံကြမ္မာဓားချက်အောက်မှာ
ငါ့တစ်ကိုယ်လုံး
သွေးအလိမ်းလိမ်းလူးတောင်
ပစ္စုပ္ပန်ရှင်သန်ဖို့အတွက်
ငါ
သောာ့ပျောက်ကို ရှာရဦးမယ်။



မေမေ့အနားမှာပဲ မေမေနဲ့အတူတူနေချင်သည်။ သို့သော် မေမေ့အနားမှာပဲနေလျှင် သူ ပညာတွေ ရှာဖွေဆည်းပူး သင်ယူနိုင်မှာ မဟုတ်။ ဘဝတက်လမ်းအတွက် တိုးတက်ရာတိုးတက်ကြောင်းတွေကို ကြိုးစားရှာဖွေနိုင်မှာ မဟုတ်။ ဘဝရပ်တည်နိုင်ရေးအတွက် ရုန်းကန်ရ ဦးမည်။ ကြိုးစားရဦးမည်။

တစ်ခုလိုချင်လျှင် တစ်ခုကိုတော့ စွန့်လွှတ်ရမည်။ ထို့ကြောင့် အချိန်အတိုင်းအတာတစ်ခုထိတော့ အောင့်အီးသည်းခံနေရမည်။ ဘဝတွေဟာ ဘယ်တော့များမှ တည်ငြိမ်အေးဆေးနိုင်မှာလဲ။

"ကျွန်တော်ရှိနေရင် မမနှစ် အနေခက်တာကိုသိတယ်၊ ကျဉ်းကျပ်တာကိုလဲ သိတယ်၊ ကျွန်တော်က ဒီမိသားစုရိပ်မြုံကို

မိသားစုလို့ သဘောထားပေမယ့် တကယ်တမ်းကျ ကျွန်တော်က ကြက်မကြီးဝမ်းဗိုက်အောက်ကပေါက်လာတဲ့ဘဲတစ်ကောင်ပါဗျာ"

မင်းထိုက်ခံစားချက်ကို နားလည်သည်။ မင်းထိုက်ကို သနား သည်။ သို့သော် သူ့မှာ ပေးဆပ်နိုင်စရာ ဘာမျှ မရှိ။

အနှစ်ဘဝမှာ ကျေးဇူးတရားတွေကို ကြောက်သည်။ အချုပ်အနှောင်တွေကို ကြောက်သည်။ မွန်းကျပ်မှုတွေကို ကြောက် သည် အဆိုးဆုံးကတော့ မင်းထိုက်ပြောလာသမျှ စကားလုံးတွေကို လည်း သိပ်ကြောက်သည်။ မင်းထိုက်ကိုလည်း အားနာသည်။ သို့သော် ရင်ဆိုင်နေရသည့်အခြေအနေတွေကိုလည်း မုန်းသည်။

ခန္ဓာကိုယ်တစ်ခုလုံး မတ်မတ်ရပ်နိုင်ဖို့ ထိန်းထားရတာ ကြာပြီ။ ခက်တာက ဒူးခေါင်းကစပြီး အားအင်ကုန်ခမ်းပျော့ခွေနေ မှတော့ ဆက်လက်ရပ်တည်ဖို့ဆိုတာ။

"မမနှစ်နဲ့ ဒေါ်ဒေါ်တို့ဘဝ အေးအေးချမ်းချမ်းဖြစ်သွား ကတည်းက ကျွန်တော် အဝေးကို သွားဖို့သင့်ပါတယ်၊ ဒါပေမယ့် ဒေါ်ဒေါ့်ကိုလည်း သနားတယ်"

"မင်းကိုယ်တိုင်လည်း ဒုက္ခိတတစ်ယောက်ဖြစ်နေပြီ ဆိုတာ စဉ်းစားဦးလေ၊ မင်း ဘယ်မှ သွားစရာမလိုပါဘူး၊ မင်း ရှိနေတော့ ငါလည်း မေမေ့ကိုစိတ်ချတာပေါ့၊ ဒီသင်တန်းတွေပြီး ရင် ငါ အလုပ်လုပ်တော့မှာ နိုင်ငံခြားသွားသင့်ရင်တော့ သွားမယ်၊ မင်း အေးအေးသက်သာ အိမ်မှာပဲနေပါ၊ ငါ့ကိုတစ်လှည့် ပြန်ပြီး ပေးဆပ်ခွင့်ပြုပါ"





"ဟာ မမရယ်၊ ဒုက္ခိတဖြစ်ဖြစ် ဘာဖြစ်ဖြစ်၊ ကျွန်တော် ယောကျ်ားပါ၊ မမလုပ်စာကို ဒီအတိုင်း တစ်သက်လုံး ထိုင်မစား နိုင်ပါ ဘူးဗျာ"

"မသန်စွမ်းဘဲနဲ့ မင်းကို ဘယ်မှမသွားစေချင်ဘူး၊ စီးပွား ရှာနေတာကိုလည်း ကြည့်ရက်မှာမဟုတ်ဘူး၊ ဒါ ငါ့ဆန္ဒအမှန်ပဲ"

"ယုံတယ်၊ ဒါပေမယ့်"

မင်းထိုက် စကားသံတို့ ဆက်ထွက်မလာပါ။ ကိုယ်စီ အဆေးကို ခေးနေကြတာကို မျက်လုံးထောင့်စွန်းက မြင်နေရသည်။

မည်သူပဲဖြစ်ဖြစ် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ် သားသား မချနိုင်သေးသရွေ့တော့ ဇာတ်မျောကြီးနှင့်သာ နှစ်ပါး သွားနေကြရဦးမည်ပဲ။

ကျောင်းက နှစ်လတိတိပိတ်သော်လည်း ဆယ့်ငါးရက် သာနေ၍ ကိစ္စတစ်ခု အကြောင်းပြကာ ရန်ကုန်သို့ ပြန်ခဲ့သည်။

သူ့ကိုယ်သူ ဘာတွေ ဖြစ်နေမှန်းလည်း မသိတော့။ သူ သိတာ တစ်ခုတော့ရှိသည်။ မင်းထိုက်ကို မြင်နေရတိုင်း ရင်ထဲမှာ နာကျင်သည်၊ ပြီးလျှင် တစ်ဖန်ပြန်၍ မွန်းကျပ်ကာ ထွက်ပေါက် မဲ့နေတတ်ပြန်၏။

တစ်ခုထူးဆန်းသည်မှာ ရန်ကုန်မြေသည် သူ့ဘဝကို အလင်းရောင်အသစ်တွေ ပေးစွမ်းနိုင်သည့်နေရာဟု စိတ်ထဲက ထင်နေသည်။ သို့သော်

ထိုအလင်းရောင်ကို ခုထိတော့ သေချာဖမ်းဆုပ်၍ မရ

သေး။ ယခုတစ်ခါ အိမ်မှာနေသည့်ရက်တွေအတွင်း သူ ဘာစာ တစ်အုပ်မှ မဖတ်ဖြစ်ခဲ့။ တောင်ငူစာအုပ်ဆိုင်များတွင် ဘာသာပြန် စာအုပ်ကောင်း တွေ့ရှိသော်လည်း ငွေမဖတ်ဖြစ်ခဲ့။။

ရန်ကုန်ရောက်မှ တစ်ယောက်သောသူ ငှားပေးမှာကိုပဲ ဖတ်မည်ဟု သူ့ မသိစိတ်က ဆုံးဖြတ်ခဲ့လေသလား။

အနှစ်သည် လူတစ်ယောက်ကို သံယောဇဉ်ဖြစ်မိသွားမှာ ကို အရမ်းစိုးရွံ့မိသည်။ ချစ်မိဖို့ဆိုလျှင် ပိုဆိုးတာပေါ့။

"မချစ်နဲ့ မချစ်နဲ့ ဘယ်သူ့ကိုမှ ချစ်မိဖို့မကြိုးစားနဲ့ ငါဟာ ငါ့ဘဝဟာ နှလုံးသားကို အသက်ရှင်ခွင့်မပေးနိုင်ဘူး၊ ပေးလို့လဲ မဖြစ်ဘူး၊ သတိထား မချစ်နဲ့"

ယခုလိုပဲ သူ့ကိုယ်သူ သတိပေးဖို့ ဦးနှောက်မှာ အချက် ပေး ခေါင်းလောင်းသံတွေ ထည့်သွင်းထားခဲ့တာ ကြာပြီ။ ခေါင်း လောင်းသံတွေက ဒီအတောအတွင်း ပို၍ ခပ်စိပ်စိပ်နှင့် ဆူညံလာ သလို ထင်မိ၏။

ဒီကြားထဲကမှ ရန်ကုန်ပြန်ပြီး မကြည်အေးသားမွေးနေ့ မှာ တစ်ယောက်သောသူနှင့် တွေ့ရမှာကို အမှတ်ရ မျှော်နေမိ သည်။ ထို့နောက် အနှစ် ပြန်ရောက်တာသိသည်နှင့် ဖတ်စရာစာ အုပ်တွေ လာပို့ မည်ဆိုသံကိုလည်း ပြန်ကြားယောင်သည်။

သူ့နှလုံးသားနှင့် ဦးနှောက် စစ်ဖြစ်ကြဖို့သေချာနေပြီ။



ကျောင်းတွေပိတ်ထားတော့ မနက်ဆယ်နာရီလောက်မှ ကျွန်တော် အိပ်ရာထဖြစ်တယ်။ ညပိုင်း တီဗွီတွေဘာတွေကြည့်၊ ကျွန်တော် ဖတ်ချင်တဲ့စာအုပ်တွေကို ညဉ့်နက် သန်းခေါင်ထိဖတ် တာပေါ့။ စာဖတ် နေရင်း ကျွန်တော်ကြိုက်တဲ့ ဘောလုံးပွဲစဉ် တွေပါရင်လည်း ထကြည့်ဖြစ်တယ်။

ကျွန်တော်က ဗိုက်ခဏခဏဆာတဲ့အကျင့် ရှိတယ်။ ညဆို လည်း မအိပ်မချင်း တစ်ခုမဟုတ်တစ်ခု စားတတ်ပြီး မနက် မျက်စိ နှစ်လုံးပွင့်တာနဲ့ ဗိုက်ကဆာပြီ။

အခုလည်း အိပ်ရာထ ကျောင်းသွားစရာမလိုတော့ ရေမချိုးဘဲ မျက်နှာသစ်ပြီး မီးဖိုချောင်ထဲ ဝင်လိုက်တယ်။ မီးဖို ချောင်ထဲမှာ မေမေနဲ့အတူ ဆွေတော်မျိုးတော်အပေါင်းနဲ့တကွ

ရပ်ဝေးရပ်နီးမိတ် သင်္ဂဟများပါမကျန် ရှန်းစုရှန်းစု တွေ့ရတယ်။

ဒါ ဘာ လုပ်စားကြမှာပါလိမ့်၊ တစ်ခုခု လုပ်စားကြမှာတော့ သေချာနေပြီ။ ကျွန်တော်က တစ်ဦးတည်းသောသားဆိုပေမယ့် ဝမ်းကွဲအစ်မ၊ ညီမ၊ ဝမ်းကွဲအဒေါ်၊ အဒေါ်အရင်းတွေ အင်မတန်များတာ။ သူတို့တွေ နှစ်ယောက် သုံးယောက်လောက်က ကျွန်တော်တို့အိမ်မှာ အလှည့်ကျ အမြဲရှိနေတတ်တာ။

ကျွန်တော် ဝင်လာတာမြင်တော့ အားလုံးက ဒီအတိုင်းပဲ လိုက်ကြည့်နေကြတယ်။ ဘာစားမလဲ ဘာလဲ တစ်ယောက်ကမှ မမေးဘူး။

ဒီတော့ ကျွန်တော်ကပဲ မေးလိုက်ပါတယ်။

"မေမေ၊ ဒေါ်လေး၊ မမ ကျွန်တော် ဘာစားရမလဲ"

"ဘာစားမလဲ"

ကျွန်တော်မေးတာကို မဖြေဘဲ ကျွန်တော့်ကိုပဲ ပြိုင်တူပြန်မေးလာကြတယ်။ ဘာစားမလဲမေးမှဘာစားရမှန်းကိုမသိဘူး။

ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ ထမင်းနဲ့ ပဲပြုတ်ကြော်ထားရင် မုန့်ဟင်းစားမယ်လို့ ပြောတတ်တယ်။ အီကြာကွေးနဲ့ လက်ဖက်ရည်ဝယ်ထားရင် ထမင်းကြော်စားချင်တယ်ဆိုပြီး ကြော်နိုင်းတယ်။ သုံးမျိုးစလုံးရှိနေရင် **Super** တစ်ထုပ်ဖျော်ပြီး ပလိန်းကိတ်နဲ့ ပြီးရင်ပြီးတတ်တာ။

ကြာတော့ မေမေကိုယ်တိုင်အပါအဝင် ဘယ်သူမှ ကျွန်တော့်ကို စိတ်မရှည်ချင်ကြတော့ဘူး။ ဒါက သူတို့အပိုင်း။





ကျွန်တော့်အပိုင်းကတော့ ကျွန်တော် ဆက်မေးလိုက်ပါတယ်။

"ဘာမှ မရှိဘူးလားဗျာ၊ ဗိုက်ဆာတယ်"

"ဘာမှ မရှိဘူး၊ မင်းစားချင်တာသာပြော၊ လုပ်ပေးလို့ရတယ်၊ သွားဝယ်လို့လဲ ရတယ်"

"သွားနေရင် ကြာနေဦးမှာ၊ အိမ်မှာရှိတာပဲ စားမယ်"

"အေးပါ၊ အိမ်မှာရှိတဲ့အထဲက မင်း စားချင်တာသာပြော ခု ချက်ချင်းလုပ်ပေးလို့ရတယ်"

"ထမင်းကို ကြက်ဥနဲ့ မွှေကြော်ပေးဗျာ၊ အဲ့ဒါ မြန်တယ်"

ကျွန်တော့်ရွေးချယ်မှုအပြီးမှာ အစ်မဝမ်းကွဲ မချိုမာက ပြုံးစိစိနဲ့ ထပြီး စားဖို့ပြင်ပေးတယ်။ သူ့ထုံးစံက ဒီလိုပဲ အမြဲတမ်း ပြုံးစိစိနဲ့။ ကျွန်တော်ကစားပွဲပေါ်က အုပ်ဆောင်းကို ဖွင့်လိုက်တယ်။

"ဟင်၊ ဒီမှာ မုန့်ဟင်းခါးတွေ ရှိရဲ့သားနဲ့"

"မချိုမာစားဖို့ တစ်ပွဲဝယ်လာတာ၊ များလို့ တစ်ဝက်ခွဲချန်ထားတဲ့ဟာ"

"ဟ ဒီမှာလဲ ပဲပြုတ်နဲ့ ထမင်းကြော်ပါလား"

"မနေ့က ထမင်းကြမ်း နည်းနည်းလေးကျန်တာနဲ့ ပဲပြုတ်တစ်ရာဖိုးဝယ်ပြီး ကြော်ထားတာ၊ စားချင်တဲ့လူရှိရင် စားရအောင်၊ လူက များတယ်လေ"

"ဒါက အီကြာကွေးတစ်ခြမ်း"

"ကြီးမေ လက်ဖက်ရည်နဲ့ တို့စားဖို့ဝယ်ခဲ့တာ၊ စားပြီးလို့

ကျန်နေတာ"

"ဒါဆိုလဲ ဒါတွေပဲ စားလိုက်တော့မယ်ဗျာ၊ ထမင်းနဲ့ ကြက်ဥ မကြော်နဲ့တော့"

ကျွန်တော့်စကားဆုံးတော့ ဘာမှန်းမသိ အားလုံးက ပြုံးကြပြန်တယ်။ အင်းလေ၊ ခုနကတည်းက အဲဒါတွေရှိတယ်၊ စားဆိုရင် ကျွန်တော်ကလည်း စားချင်မှ စားမှာဗျ။

စားသောက်ပြီး မြန်မာတွေ ထုံးစံအတိုင်းပေါ့။ အချိုပွဲအဖြစ် လက်ဖက်ရည်လေးက သောက်လိုက်ချင်သေးတာ။

ကျွန်တော့်ကို ဘယ်သူကမှ ဘာသောက်မလဲ မမေးကြဘူး။ ကျွန်တော်ကလဲကျွန်တော်ပဲ။ လက်ဖက်ရည်လေး နွေးလိုက်ရမလားမေးရင် ကော်ဖီမစ်ဖျော်ခိုင်းပြီး ကော်ဖီလားမေးရင် နွားနို့လို့ လုပ်ချင်လုပ်တာ။

အဲ သုံးမျိုးစလုံးတန်းစီရှုတ်ပြရင်တော့ စံဂျူးကိုခေါ်ပြီး လက်ဖက်ရည်ဆိုင်ပြေးသောက်တော့တာပဲဗျို့။

စံဂျူးဆိုလို့ ခုကလော စံဂျူးကို သိပ်အားကိုးလို့ရမှာ မဟုတ်ဘူး။ ဒီကောင့် ခြေလှမ်းတွေက ကျွန်တော့်အိမ်ဘက် မလှည့်ဘဲ နီနီမာရှိရာ ချော်တွင်းကုန်း(ကမ္ဘာအေး) ဘက်ရောက်နေတာများတယ်။ စံဂျူးတစ်ယောက် နီနီမာနတ်ဖမ်းစားနေတာကုရာ နတ္ထိဆေးမရှိဖြစ်နေပြီ။

"သေစ်ရေ၊ အိပ်နေတုန်းလားဟေ့"

အင်း၊ ပြောရင်းဆိုရင်း အသက်ရှည်ဦးမယ့်ကောင်။





လူသေးသလောက် အသံအကြီးကြီးနဲ့ အော်ဝင်လာတယ်။ ဘာပဲဖြစ်ဖြစ် စံဂျူးအသံကြားလိုက်ရတဲ့အတွက် ကျွန်တော် ပျော်သွားတာတော့အမှန်ပဲ။

"စံဂျူးရေ၊ မင်းလာတာနဲ့အတော်ပဲ၊ ဒီမှာ ငါတို့ ထောပတ်ထမင်းချက်စားကြမလို့"

စံဂျူးရောက်လာတာကို မေမေတို့က ကျွန်တော့်ထက် ပိုပျော်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ စံဂျူးက ထမင်းဟင်းအချက်ကောင်းတာကိုး။ ဒီကောင်က သူ့အိမ်မှာလဲ ထမင်း ဟင်းချက်ရတယ်။ သူ့လက်ရာက စားလို့ကောင်းတာလဲ အမှန်ပဲ။

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် ကြက်သားချက်ပေးမယ်"

"ဟေ့ကောင် စံဂျူး၊ ငါ အခု လက်ဖက်ရည် မသောက်ရသေးဘူးကွ"

"အဲဒါ ငါက ဘာလုပ်ရမှာလဲ"

ကျွန်တော်က ဒီကောင် မီးဖိုချောင်ထဲ ဟကုပ်ကုပ်အချိန်ကုန် ပင်ပမ်းမှာစိုးလို့ ပရိယာယ်ဆင် ခေါ်ထုတ်ဖို့ ကြိုးစားတာကို သူက ဘုစကား ပြန်ပြောနေသေးတယ်။

"သူ့ဖာသာသူ မသောက်ချင်လို့ မသောက်တာဟေ့၊ အိမ်မှာ အဆုံရှိပြီးသား စံဂျူးရေ"

မမလတ်က ဝင်ပြောတယ်။ စံဂျူးကိုတော့ ကျွန်တော့်အိမ်က အကုန်ချစ်ကြပါတယ်။ မီးဖိုချောင် အားကိုးရတာကိုး။ ပြီးတော့ လျှော်ဖွတ်၊ မီးပူတိုက်တာတွေလည်း ရတယ်။

ဒါကြောင့် ကျွန်တော်က သူ့ကို “ယောကျ်ားသာရှာယူလိုက်တော့ကွာ” လို့ အမြဲ စလေ့ရှိတာပေါ့။

“မင်း ရေမချိုးရသေးဘူးပေါ့ သေစ်”

“အေး”

“မနေ့ညနေက ငါ မနီမာဆီ ရောက်သေးတယ်၊ အနှစ် ပြန် ရောက်နေပြီကွ”

စံဂျူးစကားကြောင့် ကျွန်တော့်ရင် လှိုင်းနည်းနည်းထန်သွားတယ်။

“ထုံးစံအတိုင်းပေါ့ကွာ၊ မျက်နှာသေနဲ့သံယောဇဉ်ကင်းတဲ့ မျက်လုံးတွေနဲ့၊ ပြီးတော့ အရယ်အပြုံးကင်းပြီး တည်တင်းတဲ့ နှုတ်ခမ်း”

“ကဲ တော်ပါတော့ကွာ”

ကျွန်တော်က နားငြီးဟန်နဲ့ အော်လိုက်တယ်။

ရင်ထဲကအပျော်ကို ဖုံးချင်တာလည်း ပါတာပေါ့။

“အေးလေ၊ မင်း စိတ်မဝင်စားပါဘူး၊ စိတ်ဝင်စားမနေပါနဲ့ကွာ၊ ဒါနဲ့ အနှစ်က တော်တော်လှတယ်နော်”

စံဂျူးက ကျွန်တော့်ကို နည်းမျိုးစုံနဲ့ ကလိနေတယ်။

ဒါလည်း အခုထိ ကျွန်တော် ဟန်ဆောင်ကောင်းနေတုန်းပါပဲ။



အနှစ်ဆိုတဲ့ ရာစုနှစ်နဲ့ပတ်သက်လာရင် ဘဲဥအစရှာမရသလို လမ်းစပျောက်နေတတ်တဲ့ ကျွန်တော့်အတွက် မကြည်အေးကပဲ မှုံကြွယ်လို အကောင်းဆုံး လမ်းပြဖြစ်ခဲ့တယ်။

သဘောထားပြည့်ဝပြီး အစစနားလည်ပေးတတ်တဲ့ မကြည်အေးဟာ ကျွန်တော်တို့အားလုံးအတွက်တော့ ဘော်ဒါတစ်ယောက်ထက် အစ်မကြီးတစ်ယောက်လိုပါပဲ။

ကျွန်တော်နဲ့စံဂျူး အနှစ်တို့ရှိတဲ့နေရာကို သွားတော့ အပြင်ထွက်သွားကြပြီဆိုလို့ မတွေ့ခဲ့ရပါဘူး။ ဒါနဲ့ လှည်းတန်းမှာရှိတဲ့ မကြည်အေးအိမ်ကို ဝင်ခဲ့ကြတယ်။

“ကိုသစ်တို့ရောက်လာတာနဲ့ အတော်ပဲ၊ သဘက်ခါ သားသားမွေးနေ့လုပ်မှာ၊ ကျွန်မ အကြောင်းကြားမလို့ပဲ”

"ဗိုက်က သိတယ်လေ၊ စားကြောဝါးကြောရှိတယ်ဆိုကာ အနံ့ရနေတယ်"

စံဂျူးက ဝင်ပြောတယ်။ ကျွန်တော်က

"အိမ်မှာပဲ ချက်ပြုတ်ကျွေးမှာလား မကြည်အေး၊ ကျွန်တော်တို့ ဝိုင်းကူမယ်"

"ကူရမှာပေါ့၊ အပေါင်းအသင်းတွေအားကိုးနဲ့ လုပ်မယ့် ဥစ္စာ၊ ဩော် ဒါနဲ့ ခုနက အနှစ်နဲ့ နီမာ လာသွားကြသေးတယ်"

"ဟင်၊ ဟုတ်လား"

ကျွန်တော်က ကြံဖန်လွဲသွားတာကိုးဆိုပြီး စိတ်ထဲက မချင့်မရဲ ဖြစ်သွားတယ်။

ဒါပေမယ့် အဆောင်ရောက်ခဲ့တဲ့ အကြောင်းပြောဖို့ ဘာကို တွန့်ဆုတ်နေမိမှန်း မသိ။ ကျွန်တော့်နှုတ်က မထွက်ဘူး။

"ဟာ ခုပဲ ကျွန်တော်တို့ရောက်ခဲ့သေးတာ၊ နာတယ်ဗျာ"

စံဂျူးကတော့ ဟောဟောဒိုင်းဒိုင်းပဲ ပြောတယ်။ မကြည်အေးက ပြုံးပြီး

"မပူပါနဲ့၊ မနက်ဖြန်နေ့လည် လာကြဦးမှာ၊ ချက်ပြုတ်ဖို့ ပြင်ရမှာလေ၊ ကိုသစ်နဲ့စံဂျူးလည်း လာရမှာပေါ့"

"ဟုတ်သားပဲ၊ စံဂျူးကထမင်းဟင်း အချက်ကောင်းတယ်"

"အို ဟုတ်လား"

"တဲ စံဂျူး၊ ဒါ အခွင့်အရေးပဲ၊ မင်းအစွမ်းအစကို ပြဖို့ အချိန်အခါတော့ ရောက်လာပြီ"





"ဟယ် ကျွန်မ ဘော်ဒါတွေက အားကိုးရသားပဲ"

မကြည်အေး ပျော်နေတယ်။ ကျွန်တော်တို့စကားပြောနေတုန်း မကြည်အေးအမေက အအေးနှစ်ခွက် လာချတယ်။

စကားအနည်းငယ်ပြောပြီး ကျွန်တော်တို့ပြန်ခဲ့ကြတယ်။

စံဂျူးက အနှင်တို့ဆီ တစ်ခေါက်ပြန်သွားဖို့ပြောပေမယ့် ကျွန်တော် ငြင်းခဲ့တယ်၊ အနှစ်နဲ့ ပတ်သက်ပြီး လောလောဆယ် ဖိအားမပေးချင်ဘူး။

"မင်းကွာ၊ မနက်ဖြန်ရော သဘက်ခါပါ တစ်နေကုန်တွေ့ရဦးမယ့်ဟာ ဒီလောက်အဖြစ်သဲနေရင်လဲ အမြန်ဆုံးယူလိုက်နှားအေးတယ်၊ စံဂျူး"

"ယူမှာပါ၊ မင်းသာ မပွင့်တပွင့်နဲ့ဟန်ဆောင်နေ"

အချစ်ရေး အိမ်ထောင်ရေးက စံဂျူးပြောသလောက် လွယ်လား၊ မလွယ်လားဆိုတာ ကျွန်တော်လည်း သေချာမသိဘူး။

ကျွန်တော်နဲ့အနှစ်ရဲ့ တွေ့ဆုံမှုက ဘာနဲ့စပြီး ဘာနဲ့ဆုံးမယ် ဆိုတာကိုလည်း မသိ။ သိအောင်ကြိုးစားဖို့ ကျွန်တော်တို့အတွက် ဘယ်လိုစွမ်းအားတွေက ထိန်းချုပ်ထားမှန်းလဲ မသိ။ မသိ။

မနက်ဖြန်ရောက်ဖို့အတွက် အချိန်အခါ ရှည်လျားတာကို ကျွန်တော် သိနေတယ်။ အရပ်ရှည်ရှည်မိန်းကလေးတွေ့ရင် လိုက်ကြည့်မိတာလည်း သိတယ်။ အနှစ်ကို ပြုံးပြုံးပျော်ပျော် နေစေချင်မှန်းလည်း ကိုယ့်ဖာသာ သိတယ်။

ကျွန်တော့်မှာ မတိကျတဲ့အတွေးပေါင်းများစွာနဲ့ အချိန်

တွေ ပြုန်းနေသလိုပဲ။

နောက်တစ်နေ့မနက်မိုးလင်းတာနဲ့ စံဂျူးက ကျွန်တော့်အိမ်ရောက်နေပြီ။

သူ့ဆီမှာ အချစ်အတွက် အားအင်အပြည့်နဲ့ ခြေလှမ်းတွေရှိနေတယ်။ ကျွန်တော့်ကိုကျ "အနှစ်ကို စိတ်မဝင်စားပါနဲ့" လို့ ခနခန ပြောတယ်။

ဒီလိုနဲ့ ကျွန်တော်နဲ့စံဂျူး ခြေလှမ်းခြင်းမတူဘဲ ကိုယ့်သဘောနဲ့ကိုယ် သွားနေကြတာ။

"လာကြဟေ့၊ အားလုံး ရှေ့ဆင့်နောက်ဆင့် ရောက်ကြတာပါလား"

အိမ်ထဲလှမ်းဝင်လိုက်တာနဲ့ မကြည်အေးက ဝမ်းသာအားရ ဆီးကြိုတယ်။ မကြည်အေးအမျိုးသားကပါ ပြုံးပြုံးရွှင်ရွှင်နဲ့ ထလာပြီး ရင်းနှီးခင်မင်စွာနဲ့ "ဟင်းချက်ကောင်းတဲ့သူ ပါလာမယ်ဆိုလို့ ဝမ်းသာနေတာဗျ" နှုတ်ဆက်စကားဆိုတယ်။ ပြီးမှ ဆက်ပြောတယ်။

"ခြောက်တန်းလောက်ကတည်းက စာအုပ်တွေ စုနေပြီဆိုတဲ့ ကိုနေသွေးသစ်ရဲ့ စာကြည့်တိုက်ကို ကျွန်တော်က စိတ်ဝင်စားနေတာဗျ၊ အပြင်မှာ မရနိုင်လောက်တဲ့စာအုပ်မျိုးတွေတောင် ရှိနေမှာပဲနော်"

"ကျွန်တော်လဲ ကြားဖူးရှိတာလေး ရှာကြံကြားထားမိတာ၊ ဖတ်ချင်တယ်လို့ စိတ်ကူးပေါ်တဲ့ နာမည်ကြီးစာအုပ်ဆို





ပြောပါ၊ ရှိနိုင်တယ်"

"လောလောဆယ်တော့ မဖတ်အားသေးပါဘူးဗျာ၊ ကျွန်တော်က လေးငါးရက်ဆက်တိုက်မျိုး အနားယူတဲ့အချိန်တွေမှ စုဖတ်တာဗျ"

"ဩော်"

"ကဲ စာဝါသနာတွေ တွေ့နေကြပြန်ပြီ၊ ဟိုမှာလဲ ဒါပဲ"

မကြည်အေးက ဧည့်ခန်းမှာ ရောက်နှင့်နေတဲ့ အနှစ်ကို မေးထိုးပြတယ်။ အနှစ်မျက်နှာကလေးကိုမြင်ရတာ တကယ့်ကိုရင်ထဲမှာ ကြည်နူးတယ်။ ဒါပေမယ့် အားရစရာတော့ မရှိဘူး။ သူ့အိမ်က ပြန်လာပြီးမှ ပိုနွမ်းဖျော့နေသလိုပဲ။

"နေကောင်းရဲ့လား အနှစ်၊ မလန်းသလိုပဲ"

"ကောင်းပါတယ်၊ ခရီးပန်းသွားလို့ပါ ကိုသစ်"

"မနေ့က ရောက်သေးတယ်"

"မကြည်အေး ပြောပါတယ်"

"ကဲ စကားအေးအေးဆေးဆေးပြောကြဦး၊ ပြီးမှ မီးဖိုချောင် ဝင်နိုင်းမယ်၊ ညနေလဲ အထမင်းစားပြီးမှ ပြန်ရမယ်၊ ဒါပဲ"

မကြည်အေးက တစ်ချက်လွှတ်အမိန့်ထုတ်တယ်။ ငြင်းလို့ ရမှာမဟုတ်တဲ့အတွက် ဘယ်သူမှ ငြင်းမနေတော့ပါဘူး။

"အနှစ်ဖတ်ဖို့ ကိုယ် ဘာသာပြန် ကောင်းတာလေးတွေ ရွေးထားတယ်၊ ကလေးမွေးနေ့ပြီးရင် လာပို့ပေးမယ်နော်"

"အို ဒုက္ခမရှာပါနဲ့ ကိုသစ်ရယ်၊ ရပါတယ်"

"ဝါသနာတူချင်း ပါရမီဖြည့်တယ်လို့ပဲ သဘောထားပါ၊ အားနာပြီး ငြင်းမနေပါနဲ့ အနှစ်ရယ်၊ ကိုယ်တို့က ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်နေပြီပဲ"

အနှစ်မျက်လုံးလေးတွေက တဖြည်းဖြည်းနဲ့ အရောင်ပြန်တောက်လာတယ်။ သူ့မှာ ဘာအခက်အခဲတွေများရှိနေလဲ တွေးပြီး ကျွန်တော် စိတ်မကောင်းဖြစ်တာပေါ့။

မီးဖိုထဲရောက်တော့လည်း ဘောက်တိုမယ်ရဲ့ ဝိုင်းလုပ်ကြရင်း စကားတွေ ပြောကြပြန်တယ်။

စံကျူးက မီးဖိုချောင်အလုပ်နဲ့ ပတ်သက်ပြီး ကျွမ်းကျင်မှုရှိသလောက် နီနီမာကတော့ ကြက်သွန်အခွံခွာတာတောင် အနားမညီတဲ့ ဗဟုဂံဖြစ်သွားရှာတယ်။

ကျွန်တော်နဲ့ အနှစ်ကလည်း ဒီလိုပါပဲ၊ ဘာမှ ဟုတ်တိပတ်တိ လုပ်တတ်တာမဟုတ်ဘူး။ ချင်းထောင်းဆို ထောင်းလိုက်တာပဲ။ ပဲကြော်ဆို ကြော်လိုက်တာပဲ။

ထမင်းစားပြီး ပြန်ဖို့ပြင်ကြတော့ မှောင်စပြုနေပြီ။

ကျွန်တော်နဲ့ စံကျူးက အနှစ်တို့နှစ်ယောက်ကို အဆောင်ရှေ့ထိ လိုက်ပို့ခဲ့ကြတယ်။

ပြန်ခါနီး မျက်ဝန်းနဲ့ နှုတ်ဆက်တဲ့ အနှစ်ရဲ့အကြည့်ဟာ ကျွန်တော့်ရင်ကို ငြိမ်းအေးစေတာတော့ အမှန်ပဲဗျ။



ညက စံကျူး သူ့အိမ်မပြန်တော့ဘဲ ကျွန်တော့်အိမ်မှာပဲ အိပ်လိုက်တယ်။ မနက်အစောကြီး အနှစ်တို့ကို ဝင်ခေါ်ပြီး မကြည်အေးအိမ်သွားကြမှာမို့ တစ်ယောက်တစ်နေရာဆိုရင် အချိန်ကြာတယ် မဟုတ်လား။

ကိုမျိုးမင်းကြီး တစ်ယောက်တော့ ဘာတွေလုပ်နေလဲ မသိဘူး။ ဒီရက်အတွင်း ပေါ်ကို မလာတာ။ ဖုန်းဆက်အကြောင်းကြားထားလို့ ဒီနေ့တော့ လာမယ်ထင်ပါရဲ့။

ဟိုရောက်တော့ အနှစ်နဲ့ နီနီမာကို တစ်မိနစ်တောင် မစောင့်ရဘဲ အရံသင့်ပြင်ဆင်ထားတာ တွေ့ရတယ်။ အနှစ်မျက်ခွံလေးတွေက မို့မို့အစ်အစ်နဲ့ကြည့်ရတာ တစ်မျိုးချစ်စရာကောင်းနေတယ်။

"ညက မိုးချုပ်တဲ့အထိ စာဖတ်သေးလား အနှစ်"

"ဟုတ်တယ်၊ အိပ်မပျော်တာနဲ့ ဆရာကြီးဦးသုခရဲ့ ဝတ္ထုတိုပေါင်းချုပ်ကို စိတ်ကူးထဲ တွေ့ရာ ရွေးဖတ်နေလိုက်တာ"

"သူကသာ မအိပ်တယ်၊ မနီကတော့ ရှစ်နာရီဆိုရင်ကို အိပ် ချင်ပြီ"

နီနီမာက ငင်ပြောတယ်။ ကျွန်တော်က

"ဒါဆို ခနီနီမာက ရှေ့ဆက် ဝဖို့ပဲ ရှိတော့တာပေါ့"

"ဟုတ်တယ်၊ မနီက ဝလာလေ အနှစ်ကို မြင်ရတာ အားနာလေပဲ၊ အဟင်း"

"ဟာ တော ကောင်းတယ်မနီမာရဲ၊ ဘယ်လောက်ဝဝ မြေကြီးက လေးတာမှ မဟုတ်တာ"

စံဂျူးက အားပေးတယ်။ ပြီးရင် နီနီမာ ကွယ်ရာဆို ဖွေးဖွေးတုတ်တုတ်ချစ်စရာကြီးလို့ ပြောဦးမှာ။

ကျွန်တော်တို့ မကြည်အေးအိမ်ရောက်တော့ ဘာမှ သိပ်လုပ် စရာမလိုတော့ပါဘူး။ မနေ့က အားလုံး အရံသင့် ပြင်ဆင်ထားခဲ့ကြ တာ။ ဘုန်းကြီးဆွမ်းကလဲ နေ့ဆွမ်း။

ကျွန်တော်တို့ရောက်မှ စံဂျူးက မှိုနဲ့ကန်စွန်းကြော်၊ ကြက် မြစ် ကြက်သဲလေးကို ကုန်းဘောင်ကြီးကြော် ကြော်ပေးတယ်။ ကျန်တဲ့ အသားဆီပြန်တွေက နွေးရုံပဲ။

အနှစ်နဲ့ နီနီမာက အချိုပွဲအတွက် ပြင်ကြတယ်။ ကျွန်တော်ကတော့ ပါလေရာ ငပိချက်ပေါ့။





ချက်ကြပြုတ်ကြရင်းနဲ့လဲ စံဂျူးက နီနီမာကို မတရား စနောက်နေတာပဲ။ ဟိုက စိတ်တိုလာရင် ထုံးစံအတိုင်း မျက်မှောင် ကြီးကုပ်ပြီး "စံဂျူး၊ နင် တောမယ်နော်" လို့ ကြိမ်းတယ်။

နီနီမာက မော်လူးသူ။ မော်လူးဆိုတာ ကချင်ပြည်နယ်က မြို့လေးတစ်မြို့ပဲ။ မြစ်ကြီးနား – မန္တလေးသံလမ်းရိုးပေါ်မှာ ရှိ တယ်။ ဒီတော့ သံလမ်းရိုးသံပေါက်ပြီး 'သ'နဲ့'တ'နဲ့ မကွဲဘူး။

ဘုန်းကြီးကြွလာတဲ့အချိန်မှာ တရားဟောပြီးမှ ဆွမ်း ဘုဉ်းပေး မယ်ဆိုတာနဲ့ အနီးဝန်းကျင်က လူကြီးတွေပါ တရားနာ ဖို့ ပြင်ကြတယ်။ အနှစ်က တဘက်လေး ပုခုံးပေါ်တင်ပြီး တရားနာ ဖို့ အနောက်ဖက်အစွန်မှာ နေရာယူထိုင်တယ်။

ကျွန်တော်၊ စံဂျူး၊ နီနီမာနဲ့ လူကြီးအချို့က တရားနာပြီး ဆွမ်းကပ်ဖို့ အရန်သင့်ပြင်နေတာမို့ ဝင်မထိုင်ဖြစ်ကြဘူး။

ကျွန်တော် အနှစ်မျက်နှာဘေးတစောင်းလေးကို ငေး ကြည့်နေမိတယ်၊ သြကာသဆိုလိုက်တိုင်း အနှစ်ပါးချိုင့်လေးက ခွက်ဝင်သွားတာ။ အပြုံးအရယ်နည်းတဲ့အတွက် အနှစ်ပါးပြင် ပေါ်က ပါးချိုင့်ကို မြင်ရခဲလှတယ်။

"အနှစ်က လူ့လောကကြီးကို စိတ်ကုန်ပြီး သီလရှင်များ ဝတ် သွားမလားပဲ၊ မနီမာကတော့ အဲ့လို မရက်စက်ပါဘူးနော်"

စံဂျူးက သတိထားမိသွားပြီး ပြောတယ်။ နီနီမာက

"တီတီတိတ်နေစမ်းပါ၊ မျက်နှာကို ရှုးတယ်၊ ဘယ်သူမှ မစော်ဘူး၊ သိရဲ့လား"

ဒီလိုတော့ ဖံဂျူးက ကြောက်သွားပဲ။ အမြီးလေးကုပ်ပြီး ငြိမ် သွားရှာတယ်။

မျက်နှာရူးတဲ့ ဖံဂျူးနှာဘူး၊ အဲလေ ဖံဂျူးက ဒီပွဲမှာ အထူး စန်းပွင့်ပြီး နာမည်ရသွားတာတော့ အမှန်ပဲ။ ဟင်းချက်ကောင်း တာကိုလေ။

"ဟင်းတွေအားလုံး စားကောင်းတယ်ဟေ့၊ ဘယ်သူ့ လက်ရာလဲ မသိဘူး"

ရပ်ကွက်ထဲက လူကြီးတွေတင်မကဘူး ဘုန်းဘုန်းတွေ ကပါ ချီးမွမ်းကြတယ်။

ဧည့်သည်တွေ ရှင်းသွားတော့ ကျွန်တော်တို့အဖွဲ့ ထမင်းဝိုင်းစားကြတယ်၊ မကြည်အေးက သူ့သားမွေးနေ့ရှင်လေး ကို DVD ဖွင့်ပြထားတယ်။ အဆိုတော်ဖြူဖြူကျော်သိန်းရဲ့ အခွေ။ ကလေးက ခွေကြည့်ပြီး တခစ်ခစ်နဲ့ သဘောကျလိုက်တာမှ ပတ်ဝန်းကျင်တင်မကဘူး၊ သူ့အမေနဲ့ အဖေကိုတောင် မေ့နေ တယ်။

"ဖံဂျူးက ယောကျ်ားလေးဖြစ်ပြီး ချက်တတ်လိုက်တာ၊ အနှစ်တို့ မိန်းကလေးတွေထက်တောင် သာသေးတယ်"

"ဒီကောင်က ဒိုဘီလဲ့ ကောင်းတယ် အနှစ်ရဲ့"

"အဟဲ"

သူ့ကို ဝိုင်းမြှောက်ပင့်ချီးကျူးကြတော့ ဖံဂျူးက ရှက်ရယ် ရယ်တယ်။ နီနီမာက ဟင်းလိုက်ပွဲအတွက် မီးဖိုဘက် ထသွား





တယ်။

"မိန်းကလေးတန်မဲ့ ထမင်းဟင်း မချက်တတ်၊ အဝတ် မလျှော်တတ်၊ မီးပူမထိုးတတ်၊ တံမြက်စည်းမလှည်းတတ်တဲ့အထဲ မှာ နီမာက ထိပ်ဆုံးကပဲ"

"အဲ့ဒါတွေ လုပ်တတ်တဲ့ယောကျ်ားယူရင် အတော်ပဲပေါ့ မကြည်အေးရဲ့"

"နားထောင်ဦး ဖံဂျူးရေ၊ ရန်ကုန်မှာ နီမာ့အစ်မ အရင်း အိမ်ရှိတယ်၊ သူ့အစ်မနဲ့ နေတုန်းကလဲ ဘာမှကူဖော်ရတာ မဟုတ် ဘူး။ ဒါ့အပြင် မီးဖိုပေါ် ဘာစားစရာပဲချက်ထား ချက်ထား ဝင် လိုက် ထွက်လိုက်နဲ့ နှိုက်စားနေတော့တာ"

"ဟင်းမြည်းပေးတာပေါ့"

"အေး သူ မြည်းတာကလဲ ညနေစာ ဘယ်တော့မှ မကျန် ဘူးတဲ့လေ"

"အဟင်း ဟင်း ဟင်း"

"ဟား ဟား ဟား ဟား"

ကျွန်တော်တို့အားလုံး သဘောကျစွာ ရယ်ကြတယ်။

ဟော အနှစ်ရဲ့ ပါးချိုင့်လေး ခွက်သွားပြီ။

"ဘာပစ္စည်းပဲ ယူကိုင်ကိုင် သူ့နေရာတကျ ပြန်မထားဘူး၊ စားပြီးပန်းကန် မဆေးဘူး"

"ဒါတွေဟာ ကြီးမားတဲ့အပြစ်တွေ မဟုတ်ပါဘူးဗျာ"

ဖံဂျူးက ဝင်ပြောတော့ ကျွန်တော်တို့ ရယ်ကြပြန်တယ်။

"ကောင်းတဲ့အချက်လဲရှိပါတယ်၊ ပိုက်ဆံစုတတ်တယ်"

"ပြီးပြီပေါ့၊ ဒါအကောင်းဆုံးပဲ၊ အခု သူ့အစ်မနဲ့ ဘာလို့ မနေတော့တာလဲ"

"သူ့အစ်မရဲ့ ကလေး ခြောက်နှစ်အရွယ်နဲ့ ရန်ဖြစ်တာ၊ သူ့ အစ်မကဆူလို့၊ စကားများပြီးဆင်းခဲ့တာ၊ အခု အနှစ်နဲ့ တွေ့ပြီး အဆောင်မြဲနေတာလေ"

"ဟီတ်၊ မနီအတင်းတွေ ပြောနေကြတာ မဟုတ်လား"

နီနီမာက ဟင်းပန်းကန်ကိုင်ပြီး ပါးစပ်က တလှုပ်လှုပ်နဲ့ ဝါးရင်း အော်ဝင်လာတယ်။ အဲဒါကိုမြင်ပြီး ကျွန်တော်တို့ ဝါးခန့် ရယ်ကြပြန်တယ်။

"မဟုတ်ပါဘူး နီမာရဲ့၊ စံကျူးလက်ရာဟင်းတွေက နီမာ့ အကြိုက်တွေလို့ ပြောနေတာပါ"

မကြည်အေးက အဆင်းဘီးတပ်တယ်။ အဲ့ဒီနေ့က သားသားလည်း အခွေကြည့်ရင်း တခစ်ခစ်။ ကျွန်တော်တို့ လူကြီး တွေကလည်း တဝါးဝါးနဲ့ပေါ့။

ကျွန်တော့်အတွက် အနှစ်ပါးချိုင့်လေးကိုလည်း တစ်ဝကြီး ကြည့်ငေးခွင့်ရခဲ့တယ်။ ခုတော့

ကျွန်တော့်ဘဝကြီးဟာ အနှစ် ရှိရင် အဓိပ္ပါယ်ပြည့်စုံပြီ ဆိုတာ ဟန်မဆောင်ဘဲ ကျွန်တော် ဝန်ခံရဲပါပြီဗျာ။



ကျွန်တော်တို့အားလုံး ဒီနောက်ပိုင်းရက်များမှာတော့ ကျောင်းဖွင့်ရက်များထက် အတွေ့ရ ပိုများလာကြတယ်။

အနှံ့အတားခံတဲ့ မကြည်အေးအိမ်က ကျွန်တော်တို့ အတွက် စားအိမ်သောက်အိမ် ဖြစ်မှန်းမသိဖြစ်လာတယ်။ ကိုမျိုး မင်းတစ်ယောက်သာ ကိစ္စများမြောင်တဲ့သူမို့ မကြည်အေးရဲ့ ကလေးမွေးနေ့ပြီးတဲ့ နောက်တစ်နေ့ထိတောင် ဖမ်းလို့မမိခဲ့ဘူး။ နှစ်ရက်သုံးရက်နေမှ မွေးနေ့လက်ဆောင်ထုပ်ကလေးနဲ့ ရောက် လာလို့ မကြည်အေးအိမ်မှာ ဆုံဖြစ်ကြပြန်တယ်။

"ကိုမျိုးမင်းကြီး ဝရမ်းပြေးလုပ်စားပါလား၊ အောင်မြင် လိမ့်မယ်၊ ဖမ်းလို့ကို မမိဘူး"

မကြည်အေးက စကားနာထိုးတယ်။

"ပြောရင်လဲ ခံရတော့မှာပဲဗျို့"

ကိုမျိုးမင်းက ဆရာကြီးမင်းသိခ်ရဲ့စုံထောက်ဝတ္ထုထဲက ဇာတ်ကောင်လေသံနဲ့ပြောတယ်။ သူက တစ်ခါတစ်ခါ အဲသလိုပဲ အူကြောင်ကြောင်နိုင်လေ့ရှိတယ်။

"အဲ့ဒါ နောက်ထားပါ၊ လူစုံတက်စုံလေးရှိတုန်း ပြောရဦးမယ်"

မကြည်အေးစကားက ကျွန်တော်တို့အားလုံးကို စိတ်ဝင်စားသွားစေတယ်။

"ကျွန်မတို့အားလုံး ခုလိုဆုံဖို့ဆိုတာ နောက်ပိုင်း မလွယ်ကြတော့ဘူးလေ၊ လုပ်ငန်းခွင်ဝင်တဲ့သူ ဝင်မယ်၊ အိမ်ထောင်ကျတဲ့သူကျမယ်၊ နိုင်ငံခြားသွားတဲ့သူသွားနဲ့ တကယ့်ဘဝထဲ ခြေစုံပစ်ဝင်ကြရတော့မှာ"

မကြည်အေးပြောတာကို အားလုံးက ခေါင်းညိတ်ထောက်ခံကြတယ်။

"ချမ်းသာတဲ့သူပဲဖြစ်ဖြစ်၊ ဆင်းရဲတဲ့သူပဲဖြစ်ဖြစ် ဘဝအတွက် ရုန်းကန်မောပမ်းကြရတာပဲလေ၊ အဲ့ဒီတော့ အခု ကျောင်းပြန်မဖွင့်ခင်လေးမှာ ကျွန်မတို့ ပျော်ပွဲစားထွက်ကြရအောင်"

မကြည်အေးက စကားဆုံးတော့ ကျွန်တော့်ကို မသိမသာ ဝေ့ကြည့်တယ်။ ဒါကို ကျွန်တော် ချက်ချင်းသဘောပေါက်လိုက်တယ်။ ကျွန်တော်ကိုယ်တိုင်က ဘာကြိုးစားမှု လုံ့လဝီရိယမှ မရှိဘဲ ဒီမေခလာ မကြည်အေးကြီးက ကူညီချင်နေတာ။





ဒီတော့ ကျွန်တော်ကလဲ စကားလမ်းခင်းပေးရတာပေါ့။

"ပျော်ပွဲစားဆိုလဲ ကောင်းတယ်၊ စိတ်အေးလက်အေးနားရင်း အပမ်းဖြေခရီးတိုလေးထွက်ရင်း ပျော်ပွဲစားသဘောပေါ့"

"အင်း၊ ဘယ်သွားရင်ကောင်းမလဲဆိုတာ စဉ်းစားကြမယ်၊ တစ်ယောက်မှငြင်းဖို့တော့ မကြိုးစားကြနဲ့၊ သေရေးရှင်ရေးမဟုတ်တဲ့ ကိစ္စမဟုတဘဲ ငြင်းတဲ့သူ ဘော်ဒါအစစ် မဟုတ်လို့ဘဲ"

မကြည်အေးက ချည်ပြီးတုပ်ပြီး ပြောတယ်။ ကိုမျိုးမင်းများ မျက်လုံးလေး ပြူးကြောင်ကြောင် ကလယ်ကလယ်နဲ့ ပါးစပ်က ဟောင်းလောင်း။ စံဂျူးက

"တို့ကတော့ ဒါမျိုးဆို သိပ်ကြိုက်၊ မနီမာ ဘာမှမပူနဲ့ ပျော်ဖို့ ကျွန်တော့်တာဝန်ထား"

"နင် တေချင်နေပြန်ပြီလား"

"နားထောင်ကြဦး၊ အသွားအပြန် ခရီးစရိတ်ကို မမအေးက သားသားမွေးနေ့အထိမ်းအမှတ်အတွက် ဒကာခံမယ်"

မကြည်အေးရဲ့ ကျွန်တော်တို့အပေါ် ခင်မင်ပြီး စေတနာထားတာကို ဝမ်းသာပီတိဖြစ်မိတယ်။ လေးလည်း လေးစားမိတယ်။ ချို့တဲ့သူတွေကို ငဲ့ညှာမှန်း ကျွန်တော် သိတာပေါ့။

"အစားအသောက် ကုန်ကျစရိတ်ကိုတော့ ကျွန်တော် ဒါနပြုပါရစေ၊ ကျွန်တော့်မွေးနေ့ကြိုအတွက်ပေါ့၊ တစ်ခါထဲပြီးသွားရော"

"ကောင်းသားပဲ၊ ကိုသစ် မွေးနေ့က ဘယ်တော့လဲ"

"ဒီလ နှစ်ဆယ့်ငါးရက်"

"ဒါဆို နှစ်ဆယ့်လေးရက် ချောင်းသာသွားကြမယ်၊ ဟိုမှာ ကိုသစ်မွေးနေ့ အမှီပေါ့"

"ကောင်းတယ်၊ ပျော်လဲပျော်ရမယ်၊ အဲ့ဒီအချိန်တွေမှာ လူရော ဦးနှောက်ရော အလုပ်မလုပ်ဘဲ အနားပေးမယ်၊ မဟုတ်ရင် တစ်နှစ်လဲမဟုတ် နှစ်နှစ်လဲမက တစ်ရက်နားရလို့လား"

ကိုမျိုးမင်းကပါ ထက်ကြွနေတယ်။

"အစ်ကိုကြီးလဲ အဲသလို နားချင်နေတာကြာပြီ" လို့ မကြည်အေးက သူ့ခင်ပွန်းကိုယ်စားပြောတယ်။ မကြည်အေး အမျိုးသားက လူအေး၊ အနေအေးနဲ့ မကြည်အေး ပြီးရာ ပြီးသူ။ အားလုံး အေးသဘောပဲဆိုတဲ့ လူမျိုး၊

တစ်ချိန်လုံးငြိမ်သက်နေတဲ့အနှစ်က လျှပ်ရှားလာပြီး ပါးစပ်က တစ်ခုခုပြောဖို့ ဟန်ပြင်တယ်။ အနှစ် ငြင်းမလို့များလား လို့ ကျွန်တော့်စိတ်ထဲ ထိတ်ခနဲဖြစ်သွားတာပေါ့။ ဒါကြောင့် ကျွန်တော်ကပဲ စကားစလိုက်တယ်။

"အနှစ်၊ ဘာပြောမလို့လဲ၊ ပြောလေ၊ ငြင်းတဲ့စကားတော့ မပြောနဲ့နော်၊ အားလုံးရဲ့အပျော်တွေ ပျက်စီးသွားလိမ့်မယ်"

"ဟုတ်တယ်ဟေ့၊ လူ့ဘဝမှာ မသေမချင်း အလုပ်လုပ်ကြရဦးမယ်၊ စိတ်ဆင်းရဲစရာတွေလဲ တွေ့ကြမှာပဲ၊ ပျော်ရမယ့်အခါ ပျော်ပျော်သာနေ၊ နားရမယ့်အချိန် နားသာနား၊ ပြီးတော့မှ လာမယ့်အချိန် တွေကို ဘာပဲဖြစ်နေနေ ရင်ဆိုင်ရမယ် ဟုတ်တယ်





မဟုတ်လား"

လူရှိုးလူအေးကြီးမကြည်အေး အမျိုးသားကပါ ထောက်ခံဝင် ပြောလာတယ်။

"ဟို အနှစ်တို့ကလဲ တစ်ခုခု ကုသိုလ် ပါဝင်မလားလို့ပါ"

"ဟုတ်ပြီ၊ အနှစ်က အားလုံးအတွက် သောက်ရေသန့် ဒကာခံလိုက်ပေါ့"

"ဒါဆို မနီမာနဲ့ကျွန်တော်က မနက်အိပ်ရာထ အဆာပြေစားမယ့် လက်ဖက်ရည်နဲ့မုန့် တာဝန်ယူမယ်"

"ဟော့ကောင် စံဂျူး၊ သုံးရက်နေရင်တောင် သုံးမနက်စာလေးကို နီမာနဲ့ စပ်တူလုပ်နေရသေး"

"ဟာ နေ့လယ်စာရော၊ ညပိုင်းအဆာပြေမုန့်တွေရော ကွာ၊ ကဲ"

"ကောင်းတယ်၊ မမအေး သဘောတူတယ်"

"ကျွန်တော် ဒကာခံဖို့ မကျန်တော့ဘူးလား"

"မကျန်တော့ဘူး၊ ဒီလိုလုပ် ကိုမျိုးမင်းက သားသားကို ထိန်း၊ မမအေးတို့ တစ်ခါတလေ လွတ်လွတ်လပ်လပ် ဟန်းနီးမွန်းပေါ့၊ အေးအေးဆေးဆေးနေပါစေ"

"အေး၊ ကောင်းကွာ"

ကိုမျိုးမင်းပုံစံကိုကြည့်ပြီး အားလုံးက သဘောတကျ ဝိုင်းရယ်ကြတယ်။ အစီအစဉ်က အထမြောက်ဖို့ သေချာသွားတဲ့ အတွက် ကျွန်တော်တို့အားလုံး ပေါ့ပါးပျော်ရွှင်သွားကြတယ်။

အနှစ်မျက်နှာကလေးကလဲ ပြန်လည်လန်းဆန်းလို့လာတယ်။ ထိန်းချုပ်ထားမှုတွေအောက်က ခဏတာ လွတ်မြောက်သွားတာနဲ့ မျက်ဝန်းတွေပါ တောက်ပလင်းလက်လာပြီး နှုတ်ခမ်းကလေးကပါ ပြုံးလာတယ်။

ကျွန်တော့်ရဲ့ကောင်းကင်လေးက ကြည်လင်လာပြီပဲ။

ဩော်

အနှစ်ဟာ ကျွန်တော့်ရဲ့ကောင်းကင်တဲ့လား။





* ပီပီပြင်ပြင် ထင်ကျန်ရစ်ခဲ့
မင်းရဲ့ပုံရိပ်
မေ့ပျောက်ဖို့ရာ မစွမ်းသာခဲ့

* အေးစက်စက်နဲ့ တစပြင်လို
ခြောက်သွေ့ရမ်းရော်
နွေခေါင်ညလို
ငါ့ဘဝအိုထဲ

* သစ်လွင်တောက်ပ
ပျို့ပျစ်ခြင်းနဲ့
ချစ်ခြင်းလက်ဆောင်
သယ်ယူလာခဲ့

* ရှင်သန်ခြင်း မျှော်လင့်ခြင်း
ပျော်ရွှင်ခြင်း လွမ်းမောခြင်း
ရသစုံတဲ့ ဘဝတစ်ခုဟာ
မင်းကြောင့်ဖြစ်တည်ခဲ့တာပါဆိုရင်
ပါးချိုင့်လေးပေါ်အောင်
ကျေနပ်စွာပြုံးရယ်လိုက်စမ်းပါ
ငါ့ရဲ့ကောင်းကင်ရေ၊

နေရာသစ်၊ ဝန်းကျင်သစ်က လူတွေရဲ့ စိတ်ခံစားမှုကို ပြောင်းလဲအောင် အနည်းနဲ့အများတော့ စွမ်းဆောင်နိုင်ကြတာ ကြီးပါပဲ။

ကျွန်တော်တို့အားလုံး ချောင်းသာရောက်တော့ လွတ်လပ်ပျော်ရွှင်တဲ့ ခံစားမှုနဲ့အတူ ပေါ့ပါးလန်းဆန်းနေကြတယ်။

“ကဲ အားလုံးနေရာတကျဖြစ်ရင် ကမ်းစပ်ဆင်းကြမယ်၊ ရေထဲဆင်းမယ်၊ ပျော်ပျော်ပါးပါးဆော့ကြမယ်”

ကမ်းစပ်နဲ့ သဲပြင်ကြီးကို မြင်ရတော့ ကျွန်တော်ကိုယ်တိုင် ကလေးမဟုတ်ဘာမဟုတ် ပြေးလွှားခုန်ပေါက်ပြီး ဆော့ကစားချင်စိတ်တွေ တဖွားဖွားပေါ်လာနေတယ်။

“စက်ဘီးသွားငှါးမယ်လေ”





“စက်ဘီးက နောက်နေ့မှ ငှါး၊ အခု ဘောကွင်းအရင်ငှါးပြီး လှိုင်းစီးရအောင်”

“ဟီး ငါ ရေမကူးတတ်ဘူး၊ ရေထဲဆင်းရမှာ ကြောက်တယ်”

စံဂျူးက စပ်ဖြဲဖြဲပြောတယ်။

“ကမ်းစပ်ရေက တိမ်တိမ်လေး၊ ချောင်းသာရောက်မှတော့ ရေမကူးတတ်လဲ ဒီလိုပဲ ဆင်းဆော့ကြတာပဲ”

“မနီလဲ မကူးတတ်ပါဘူး၊ ဒါပေမယ့် ရေထဲမဆင်းဘဲတော့ မနေနိုင်ဘူး၊ ဘောနဲ့ ဆင်းမယ်”

“ကျွန်တော် ဘောငှါးပေးမယ်၊ မနီတောင် ဆင်းမှတော့ ကျွန်တော်လဲ ဘယ်နေမလဲ’ ဆင်းမှာပေါ့”

စံဂျူးက နီနီမာ့အားကိုးနဲ့မိုက်ဖို့စဉ်းစားနေတယ်။ ကိုမျိုးမင်းက မကြည်အေးသားကို ပွေ့ပြီး အဆင်ပြေနေတယ်။ ဒီကို မလာခင်က အပြောင်အပျက် ကလေးထိန်းလို့ပြောခဲ့ပေမယ့် ခုတော့ ကလေးကိုယ်တိုင်က ကိုမျိုးမင်းကို ကပ်နေတယ်။ ဘာတွေ အဖွဲ့ကျနေသလဲ မသိဘူး။

ကျွန်တော်နဲ့စံဂျူး ဘောကွင်းငှါးပြီး ယူလာချိန်မှာ သားသားနဲ့အတူ သူတို့တွေ ကမ်းစပ်မှာပြေးလွှားနေကြပြီ။ ကျွာဘားဘောင်းဘီကလေးနဲ့အနှစ်ပုံစံလေးက မြူးကြွလန်းဆန်းနေလို့ မြင်ရတာ စိတ်ချမ်းသာမိတယ်။

“ဘောကွင်းက သုံးခုပဲရခဲ့တယ်”

"မင်းနဲ့နီနီမှာ တစ်ခုစီယူလေ၊ ရော့ ဒါက အနှစ်အတွက်"

"ကိုသစ်ကရော"

"ကိုယ်က ရေကူးတတ်တယ်၊ ပြီးတော့ ကိုယ်က အနှစ်တို့ကို စောင့်ကြည့်မယ်၊ အရေးကြီးတာ ဟိုလှူဒဉ်မမှီတဲ့ မှင်တစ်ဂျူးပဲ၊ တော်ကြာ ရေတိမ်နစ်နေဦးမယ်"

ကျွန်တော့်စကားကြောင့် အနှစ်က ဟက်ဟက်ပက်ပက် ရယ်မောပြန်တယ်။ အနှစ်ရဲ့အပြုံးတွေဟာ ကျွန်တော့်အတွက် ခွန်အားပဲ။

ကျွန်တော့်ကို စံဂျူးကတော့ အနှစ်ကို မချစ်နဲ့စိတ်မဝင်စားနဲ့ဆိုပြီး ခဏခဏ ပြောနေတာပဲ။

ကျွန်တော်ကလဲ အနှစ်နဲ့ပတ်သက်လို့ ရင်ထဲရှိသမျှ ဘယ်လောက်အထိ ဟန်ဆောင်ကောင်းမလဲဆိုတာ ကိုယ့်ဟာသာကိုယ် သတိ မထားမိဘူး။

"ကိုသစ် အဝေးကြီးမှာ မနေနဲ့နော်၊ အနှစ်ကြောက်လို့ပါ"

"ဘာကြောက်စရာရှိလဲ အနှစ်ရဲ့၊ ဟိုမှာ သူများတွေလဲ ဒီလိုပဲ ဆင်းနေကြတာ"

"လှိုင်းလာရင် ရေနက်ထဲ မျောပါသွားမှာ စိုးလို့"

"မကြောက်နဲ့၊ ကိုယ် လိုက်ထိန်းပေးမှာပေါ့"

ဒါနဲ့ အနှစ်ကို ဘောကွင်းပေါ် ထိန်းတင်ပေးလိုက်တယ်။ ပထမတော့ ကြောက်နေသေးတယ်၊ အတော်ကျွသွားမှ ပျော်သွားပြီး လက်ကလေးနှစ်ဖက်နဲ့ ရေပြင်ကိုယက်ပြီး ရေဆော့နေပြန်တယ်။





ပြီးတော့

ကျွန်တော့်ကို ရေနဲ့ပက်ပြီး ကလေးတစ်ယောက်လို လှမ်းစတယ်။ ကျွန်တော်တို့ ယောကျ်ားတွေအဖို့ ဒီလိုအပြုအမူမျိုးဟာ ချစ်စိတ်ကို ပိုပြီးနိုးကြွစေတယ်။ သူ့အပေါ် မုရင်းမေတ္တာဓာတ်ခံ ရှိနေတော့ ပွဲသိမ်းပေါ့။

ဒါပေမယ့်

ဒီအချစ်တွေကို ငန်ခံဖို့အတွက် တစ်စုံတစ်ရာ အဟန့်အတား ရှိနေတယ်လို့ ကျွန်တော့်ရင်ထဲ အလိုလိုခံစားနေမိတာကြောင့် တွေဝေတွန့်နေးနေတာလဲဖြစ်နိုင်တယ်။

"သားသား ပျော်လား"

"ပျော်တယ်၊ ဦးဦးရော မစီးဘူးလား"

"သားသားပဲ စီးပါ၊ ဦးက သားသားကို တွန်းပေးမှာပေါ့"

ကမ်းစပ်ရေ ဒူးလောက်မှာ ကိုမျိုးမင်းနဲ့သားသားကလဲ ပျော်လို့။ မကြည့်အေးနဲ့သူ့အမျိုးသားက သောင်ပြင်မှာ ရပ်ရှင်တွေ ဗီဒီယိုတွေထဲကလို ယှဉ်တွဲထိုင်ရင်း တူနှစ်ကိုယ် တွတ်ထိုးနေကြတယ်။ စံဂျူးရဲ့ အသံပြဲကြီးကိုလည်း ကြားနေရတယ်။

"ဟား ဟား၊ ဟေး ဟေး၊ ဟိုး ဟိုး"

ခုနကတော့ ရေထဲဆင်းဖို့မရဲတရဲဖြစ်နေတဲ့စံဂျူး၊ ခုတော့ အူမြူးပြီး အသံမျိုးစုံထွက်နေတယ်။ နီနီမာကလဲ ဘောကွင်းပေါ် တက်စီးဖို့ မရဲတရဲ ဖြစ်နေတုန်း။

အဲဒီအချိန်မှာပဲ လေပြင်းတစ်ချက်ကအဝှေ့၊ လှိုင်းခပ်ကြီး

ကြီးတစ်လုံးကသည်း လိမ့်အလာ လူစဉ်မမှီရှာတဲ့ စံဂျူးနဲ့နီနီမာ ဝရုန်းသုန်းကားဖြစ်သွားကြရှာတယ်။

"အမေ့၊ သောက်ပလုတ်တုတ်"

"အိုး ဟာ မနီမာ၊ ဘာလို့ ကျွန်တော့်ဘောကို လာဆွဲနေတာလဲ"

"အောင်မာ၊ ငါက နင့်ဘောကို ဆွဲချင်လွန်းလို့ဆွဲတာ မဟုတ်ဘူးဟဲ့၊ ရေကာမငြိမ်ဘဲ တလုပ်လုပ်ဖြစ်နေတော့ လူကယိုင်သွားတာကိုး"

"မနီမာမှာလဲ ရှိတာပဲ၊ ကိုယ့်ဟာကိုယ် ကိုင်ထားပါလား"

"ကိုင်ထားတာပဲ၊ ဘယ်ဘက်လက်က လွတ်သွားတော့ ယောင်ပြီး နင့်ဘောကို လှမ်းဆွဲမိတာ၊ သိပြီလား"

သူတို့နှစ်ယောက်ရဲ့ အဖြစ်ကိုကြည့်ပြီး အနှစ်က အားရပါးရရယ်တယ်။ ကိုယ့်ဆရာရေ၊ နဂိုကမှ လှလွန်းပါတယ်ဆိုတဲ့ မိန်းကလေးဟာ နေဝင်ဆည်းဆာ လိမ္မော်ရောင်ကောင်းကင် ဖျော့ဖျော့အောက်မှာ အားပါးတရ ရယ်နေတာ ဘယ်လောက်လှမယ်ဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။

ကျွန်တော်က အနှစ်ကိုကြည့်ရင်း အသည်းယားလာတာနဲ့ ဘောကွင်းနဲ့အတူ ကမ်းစပ်နဲ့ဝေးဝေး ဆွဲတွန်းလာခဲ့တယ်။

"ဟာ ကိုသစ်၊ အနှစ်ကြောက်တယ်၊ လူတွေနဲ့ဝေးလာပြီ"

"ဒီမှာကြည့်လေ၊ ဒီလောက်ဝေးတာတောင် ကိုယ့်ခါးလောက်ပဲ နက်တဲ့ဥစ္စာ"





"ဟင့်အင်း၊ ပင်လယ်ထဲမျောသွားရင် ဘယ်လိုလုပ်မှာလဲ"

"မမျောပါဘူး၊ လှိုင်းပုတ်တာနဲ့ ကမ်းစပ် ပြန်ရောက်တယ်"


ဘယ်လိုပြောပြော အနှစ်က ကြောက်ကြောက်နဲ့ ဘောကွင်းကို ကိုင်တွန်းနေတဲ့ကျွန်တော့်လက်တွေကို ခပ်တင်းတင်းဆုပ်ကိုင်လာတယ်။

အဲဒီအချိန်လေးဟာ ကျွန်တော့်တစ်ကိုယ်လုံး တဖျင်းဖျင်းနဲ့ တစ္ဆေခြောက်ခံရသလို ဖြစ်ပေါ်ခံစားနေရတယ်။

"လာခဲ့ကြတော့ဟေ့၊ ဗိုက်အဆာမလွန်ခင် အဝတ်တွေလဲကြမယ်၊ ပြီးရင် ထမင်းစားကြမယ်"

မကြည်အေး လှမ်းအော်သံကြောင့် တဒင်္ဂ လွင့်မျောသွားတဲ့ စိတ်တွေက အိပ်မက်က နိုးလာသူလို သတိလေး ပြန်ဝင်လာတယ်။ ခဏတာခံစားချက်ကလေးကို နှမြောလိုက်တာ။

ဒီလိုပုံ ဒီလိုမျိုးနဲ့ဆို ကြာရင် ခက်ရချည့်ရဲ့ဗျာ။





စားစရိတ်ကုန်ကျငွေကို ကျွန်တော် ကုသိုလ်ယူမယ်လို့ ဆိုခဲ့ပေမယ့် အမျိုးသမီးတွေက ချဉ်ပေါင်ကြော်၊ ငပိကြော်၊ အသားထောင်းကြော်၊ လက်ဖက် စုံနေအောင် ယူလာတဲ့အတွက် ဘာမှ သိပ်မကုန်ဘူး။

“နီမာတော့ ချက်ရတာ တော်တော်ပင်ပန်းရှာမှာပဲဟော့၊ လက် ဖက်အထုတ်နဲ့ ကြက်ဥပြုတ်ယူလာတယ်”

ထမင်းဝိုင်းမှာ မကြည်အေးက နီနီမာကို လှမ်းစတယ်။

နီနီမာက

“ဒါတောင် ကြက်ဥပြုတ်တာ တူးသွားသေးတယ် ဟ်း”

“ဟင်းဟင်း ဟင်းဟင်း”

“ဟား ဟား ဟား ဟား”

အားလုံး နီနီမာကို ဝိုင်းရယ်ကြတယ်။

"ဘာမှမပူနဲ့ မနီမာ၊ ကျွန်တော် အားလုံးချက်တတ်တယ်"

စံဂျူးဝင်ပြောတဲ့စကားကြောင့် ထပ်ရယ်ကြပြန်တယ်။ နီနီမာကတော့ မျက်မှောင်ကြီးကုပ်ကြည့်နေပေမယ့် ဘာမှမပြောတော့ဘူး။ စံဂျူးကို လက်လျှော့သွားတာလဲ ဖြစ်နိုင်တယ်၊ သေားမှဲ့ပေးထားတာလဲ ဖြစ်နိုင်တယ်။

သားသားနဲ့ ကိုမျိုးမင်းက စားရင်းသောက်ရင်းတောင် ဆော့ကြတုန်းပဲ။ မကြည်အေးတို့စုံတွဲကလည်း ကျိတ်ကျိတ် ကျိတ်ကျိတ်၊ တိုးတိုးတိတ်တိတ်နဲ့ ဘာတွေကြံစည်နေကြမှန်း မသိဘူး။

ကျွန်တော် လှမ်းကြည့်တော့ အချိုရည်ခွက်မြှောက်ပြရင်း မျက်စိတစ်ဖက်မှိတ်ပြတယ်။

တစ်ခုခုတော့ တစ်ခုခုပဲ။

"နီမာက အချိုရည် အရမ်းကြိုက်တာ၊ ရော့ ရော့ ကျန်တဲ့သူတွေ ဘယ်သူသောက်ဦးမလဲ၊ အနှစ်ရော"

"ဟင့်အင်း ဗိုက်ဝပြီ"

"အချိုပွဲ လက်ဖက်စားမယ်လေ"

တစ်ယောက်တစ်ပေါက်နဲ့ဆူညံနေတာကိုက တကယ့်ကိုပျော် စရာကောင်းနေတယ်။

နီနီမာတစ်ယောက် ရတတအချိုရည်ကို အရသာခံသောက်ရင်း မျက်လုံးတွေ ရီဝေလာသလို မျက်နှာလဲ နီလာတယ်။





"နီမာရေ မြန်မြန်မော့သောက်လိုက်တော့ဟေ့၊ တို့တွေ တစ်ခုခု ကစားကြရအောင်၊ ဒါမှမဟုတ် လမ်းလျှောက်ကြရအောင်"

"အပျင်းပြေ ပိုကာဆွဲကြမယ်လေ"

"ဘာနဲ့ဆွဲမှာလဲ ကိုမျိုးမင်းရဲ့၊ အထုပ်မှ မရှိတာ"

"အထုပ်ဟောင်းတွေ ကျွန်တော် ထည့်ခဲ့တယ်"

"အလို၊ တယ်ဟုတ်ပါလားဟေ့"

"ကစားမယ်လေ"

"နဖူးတောက်ကြေးပေါ့"

"အေး ကောင်းတယ်၊ မကျေနပ်သမျှ ဒီနေရာ နာနာတီးမယ် "

"အောင်မယ်၊ အငြိုးအတေးတွေနဲ့ပါလား"

"နီမာ ကစားတတ်တယ် မဟုတ်လား'"

"မော်လူးသူပါ မမအေးရယ်၊ နီမာတို့က ပိုကာတင် မကဘူး။ တခြားကစားနည်းတွေလည်း ကစားတတ်တယ်၊ ဟင်း ဟင်း ဟင်း ဟင်း"

နီနီမာက မျက်လုံးတွေရီဝေဝေနဲ့ မလိုအပ်ပါဘဲ တဟင်းဟင်း ရယ်နေတယ်။ တစ်ခုခုတော့ တစ်ခုခုပဲ။

"အနှစ်ကရော'"

"နည်းနည်းပါးသိတယ်၊ ပြန်ပြပေးပေါ့"

ဒါနဲ့ ကျွန်တော်တို့ငါးယောက်ပြည့်အောင် ဝိုင်းထိုင်လိုက်

ကြတယ်။ ကျွန်တော်နဲ့ အနှစ်က အထက်အိမ်၊ အောက်အိမ်၊ စံဂျူးနဲ့ နီနီမာကလဲ အထက်အိမ်၊ အောက်အိမ်။ မကြည်အေးဘေး ကနေ သူ့အချိုးသားက ထိုင်ကြည့်တယ်။

ကျန်တဲ့သူတွေက ပြဿနာမရှိပေမယ့် ကစားနေကျ မဟုတ်တဲ့အနှစ်အတွက် ဖဲပွင့်တွေက ရှုတ်လာတာပေါ့။ ကျွန်တော့် ကိုပြဖို့အလုပ်မှာ စံဂျူးက ဆွဲလှည့်သွားတယ်။

"ကိုယ့်အထက်အိမ်ကို မပြရဘူးအနှစ်ရဲ့၊ သူက ကိုယ် ဒေါင်းမယ့်ဖဲ ဘယ်ပစ်တော့မလဲ"

စံဂျူးဆိုတဲ့ကောင် နည်းနည်းမှ အကျင့်မကောင်းတဲ့ ကောင်။ ကျွန်တော်တို့ကို အခုလိုပြောပြီး သူကိုယ်တိုင်ကျတော့ နီနီမာစောင့်နေတဲ့ ဒေါင်းဖဲတွေကို ပစ်ပစ်ချပေးနေတယ်။

ဒါနဲ့ နီနီမာကြီးပဲ ဒေါင်းနေတော့တာပေါ့။

အဲဒီလိုဒေါင်းတိုင်းလဲ နီနီမာက

"နီနီမာတဲ့၊ တမာထဲရှိတယ် မော်လူးသူကွ၊ ဟား ဟား ဟား ဟား"

မျက်လုံးတွေက ရီဝေဝေ၊ မျက်နှာက နီနီ၊ ရယ်တာက အသံ ကျယ်လာတဲ့ နီနီမာ့ကို အနှစ်က အံ့သြစပြုလာတယ်။

"နီမာ့ကို ကြည့်ရတာ တစ်မျိုးပဲ"

"ရှူး လိမ္မော်ရည်ထဲမှာ ဝီစကီတွေ ရောပေးလိုက်တာ၊ ပျော်ချင်လို့ မကြည်အေး သက်သက်နှောက်နေတာ"

"ဟော် တော့်"





"ဟော့ ဟော့၊ တစ်နဲ့နှစ် မတိုင်ပင်နဲ့"

မော်လူးသူကတော့လုပ်ပြီ။ သစ်ကို ပီအောင်မပြောဘူး။ ဟော ပြောရင်းဆိုရင်း နီနီမာပဲ ဒေါင်းပြန်ပြီ။

နီနီမာကြီးနိုင်နေတော့ အနှစ်နဖူးလေးတွေတောင် ရဲနေ တယ်။

ကျွန်တော် မကြည့်ရက်တော့ဘူး။ ဒါနဲ့ အနှစ်ဘက်ကို ခိုးကြည့်ပြီး သူလိုနေသမျှ အချပ်တွေကို ကျွန်တော် ပစ်ပစ်ပေး တယ်။ ဒါနဲ့ အနှစ်ဒေါင်းတဲ့အလှည့်တွေ ရောက်လာတယ်။

နီနီမာက သူ မဒေါင်းတော့တာနဲ့ ပြဿနာရှာတော့တာ ပဲ။ ဖဲချပ်တွေ သွင့်ပစ်ကုန်တယ်။ မကြည်အေး ရောထည့်ပေး လိုက်တဲ့ ဝီစကီအချိန်အဆက များသွားပုံရတယ်။

နီနီမာက ဆက်မကစားတော့ဘဲ ထ'က'ပြန်တယ်။

"သကြြန်နွေဦး တူးပို့ တူးပို့ ရောက်တဲ့အရပ်မှာ ပျော် အောင်နေ သကြြန်မယ်များ တူးပို့ တူးပို့၊ မာပါစေချင်ဗျာ သာအေး ရေ ရွာအရောက်ပြန်ခဲ့မှာ"

သီချင်းတစ်ပုဒ်ကို အစအဆုံးလည်းမရဘဲ နီနီမာက ပါးစပ်ထဲ ပေါ်လာသမျှ လျှောက်ဆိုရင်း ကွေးနေအောင် 'က' တယ်။ ပါးစပ်က ဘီးလုံးတွေပါ တီးတယ်။

"ဟော့ ဟော့၊ တိန် တိန့် ဖြောင်၊ တိန် တိန့် ဖြောင်"

"မနီမာ၊ ကပဲက၊ ကျွန်တော် ဆိုင်းတီးပေးမယ်"

"တူးနှယ်၊ တယ်နှယ်၊ ဖြောင်၊ ဗေတိုးပုံ"

ဘာမှ အရိပ်သုံးပါး နားမလည်တဲ့စံဂျူးကပါ နီနီမာမှုးနေတာကို နားမလည်ဘဲ သူကပါ ပျော်ပျော်ကြီး ဝင်ကပို့ပြင်နေတယ်။

ကျွန်တော်တို့မှာတော့ ရယ်ရလွန်းလို့ ပါးစပ်တွေညောင်း၊ ဗိုက် တွေကိုနာနေတာပဲ။ အနှစ်နဲ့မကြည်အေးဆို မျက်ရည်များကို ထွက်လို့၊

မုန့်ထဲကပါတဲ့ စစ်သားရုပ်ကလေးတွေနဲ့ စစ်တိုက်တမ်းကစားနေကြတဲ့ ကိုမျိုးမင်းနဲ့ သားသားလည်း ရယ်သံတွေကြားတဲ့ ကျွန်တော်တို့ဝိုင်းကို ပြေးလာကြတယ်၊

"တားတားကို ချူချူကျော်တိန်းချိုပြ"

ဖြူဖြူကျော်သိန်းကို အရမ်းသဘောကျတဲ့သားသားက ခွေနဲ့ ကြည့်ရတာတင် မကဘူး။ အပြင်မှာပါ ဆိုပြခိုင်းနေတယ်၊ "သားသားက ဘယ်လောက်ငိုငို ဖြူဖြူကျော်သိန်းအခွေသာဖွင့်ပြလိုက်၊ ချက်ချင်းတိတ်ပဲ" လို့ မကြည်အေးက ပြောတယ်။

ဒါနဲ့ နီနီမာက သကြန်သီချင်းဆိုနေရာကနေ ဖြူဖြူကျော်သိန်းသီချင်း ဆိုပြရတယ်။

"မြင်နေတယ် × × × မျက်လုံးများ ရှိခဲ့လို့ × × × မမြင်အောင် ဖွတ်အတင်းပိတ်ပစ်လဲ × × × မြင်တာကို အိပ်မက် ဆက်မက်ကြ"

နီနီမာ့ခမျာလည်း သူတတ်စွမ်းသမျှ ဖြူဖြူကျော်သိန်းနဲ့ တူအောင် ဆိုရှာပါတယ်။ ဒါပေမယ့် ဘယ်လိုမှမတူလေတော့ သားသားက ဂျီကျပြီး ငိုပါလေရော။





"မရဘူး မရဘူး၊ ချူချူကျော်တိန်းလိုပဲ ချိုပြ ကပြ အီး ဟီး ဟီး"

မော်လူးသူကွလို့ ကျူးဝါးတဲ့ နီနီမာတစ်ယောက် မရှုနိုင် မကယ်နိုင် လက်မှိုင်ချရတဲ့နေ့ပါပဲ။

"အနှစ်က စက်ဘီးမစီးတတ်ဘူး၊ ဟုတ်လား"

"ဟုတ်တယ် ကိုသစ်ရဲ့၊ ငယ်ကတည်းက စီးရမှာကြောက်တာ၊ ဒီဘီးကလေးနှစ်စီးပေါ်မှာ မရပ်နိုင်ဘူးလို့ကို ထင်တာ"

"ဒါဆို လာ၊ ကိုယ့်နောက်က စီး"

"ဟင့်အင်း တော်ပါပြီ၊ မစီးတော့ပါဘူး"

"လာပါအနှစ်ရယ်၊ မဟုတ်ရင် စံလျူးနဲ့နီမာက တစ်ယောက်တစ်စီး စီးသွားလိမ့်မယ်၊ ကိုယ်တို့က တစ်စီး၊ သူတို့က တစ်စီး၊ ဒါမှ ညီမျှမှာပေါ့၊ လာပါ"

အနှစ်က ကျွန်တော့်နောက်က ထိုင်လိုက်ရမှာကို တွန့်ဆုတ်ပြီး မဝံ့မရဲနဲ့ ရှက်နေတယ်။ ဒီလိုကိစ္စမျိုးတွေကျ ယောကျ်ားလေးတွေဘက်က မျက်နှာပြောင်ရတယ်။ ချော့တန်ချော့ ဂျိကျ





တန်ကျ၊ ဇွတ်တန်ဇွတ် လုပ်တတ်ရတယ်။

"ဟော့ကောင် သေစ်၊ မင်းရော စီးမှာလား"

"စီးမှာပေါ့ကွ၊ မင်းတစ်ယောက်တည်း ခြေထောက်ပါတာမှ မဟုတ်တာ စံဂျူးရ"

"စက်ဘီးကဖြင့် နှစ်စီးထဲ"

"နှစ်ယောက်တစ်စီးလေ"

"မင်းနဲ့တော့ ငါ မစီးချင်ဘူးနော် ဒါပဲ"

"အောင်မာ အမျိုးယုတ်ဂျပု၊ မင်းကတော့လေ ကျယ်ကိုကျယ်တယ်၊ ဆင်စီးမြားယမ်းပြီး ဝင်လို့ရတယ်၊ မင်းတင်နင်းမယ်ဆိုရင်တောင် ငါကလည်း မင်းနောက်က မလိုက်ဘူး ဟော့ကောင်"

"ဘာလဲ ကိုသစ်၊ ဆင်စီးမြားယမ်းဝင်လို့ရတာ"

"ဖင်ခေါင်းကျယ်တာကိုပြောတာ အနှစ်ရဲ့"

"ဟယ် ပေါက်ပေါက်ရှာရှာ ပြောတတ်တယ်"

အနှစ်က ရယ်တယ်။ အခုတလော အနှစ်ရဲ့ပြုံးကလေးတွေစိပ်လာပြီ။ အနှစ်ရဲ့အပြုံးတွေများလာလေ ကျွန်တော့်ရင်ထဲက ဟန်ဆောင်ကန့်လန့်ကာကလည်း ပြေလျော့လာလေပါပဲ။

"ဟဲ ဟဲ မနီမာက ငါ့ကို တင်နင်းမှာကွ၊ ငါက ရန်ကုန်ပြန်ရောက်ရင် သူ့ အဆောင်မှာစားဖို့ ကြက်ဟင်းခါးသီးကြော်ပေးရမှာ"

ဩော် သူတို့အပေးအယူက ဒီလိုကိုး။

ဒါကြောင့် နီနီမာ့အသံ တိတ်နေတာပေါ့။ နီနီမာက

ထမင်းဟင်း မချက်တတ်၊ အဝတ်မလျှော်တတ်၊ ဘဲခြက်စည်း မလှည်းတတ်။

ဒါပေမယ့် စံဂျူးထက် ပေါင်ချိန် ငါးဆယ်လောက်ပိုကာ ဗလပိုတောင့်တယ်။ ပေါင်ရှစ်ဆယ်ကျော်နဲ့ ပေါင်တစ်ရာသုံးဆယ်ကျော် စဉ်းစားသာကြည့်ပေတော့။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုတဲ့ သူတို့နှစ်ယောက်အတွက် အတော့်ကို အဆင်ပြေပါလား။

"ဒီမှာ ငသစ်၊ မင်းကများ ငါ့ကို ဆင်စီးမားယမ်းလေး ဘာလေးနဲ့၊ ငါ ဖန်နေတဲ့ ဂွင်က မင်းအတွက် ငါးဆယ်ရာခိုင်နှုန်း ကျော်တယ်ဆိုတာ သဘောပေါက် ပြီးမှ မင်းအနှစ်ကို ကြိုက်ရဲ ကြိုက်ကြည့်"

စက်ဘီးနှစ်စီးကို ယူနေတဲ့အချိန် စံဂျူးက ပြောတယ်။ ပေါင်ရှစ်ဆယ်တောင်မပြည့်ဘဲ ငါးပေအထက်လေကိုမရှုရတဲ့ ကောင်က ကျွန်တော့်ကို ကြိမ်းမောင်းဟိန်းဟောက်နေတယ်။

"ကြိုက်ရဲတယ်ကွာ၊ ဘာဖြစ်သေးလဲ"

ကျွန်တော့်စကားကြောင့် စံဂျူးသွားကြီး ပြဲခနဲဖြစ်သွားတယ်။ ဒီကောင်က သူ့အိတ်ထဲက မစိုက်ရတဲ့ကိစ္စမျိုးဆို သိပ်သဘောကောင်းတာ။ ကျွန်တော့်ဆီက ဒီလိုစကားမျိုးထွက်လာတာကို သူ လိုချင်နေတာ။

"အနှစ်၊ နင် ငါ့နောက်က လိုက်မှာလား၊ ကိုသစ်နောက်က လိုက်မှာလား"

နီနီမာက အနားရောက်လာတဲ့ စံဂျူးလက်ထဲက စက်ဘီး





ကို ဆွဲယူရင်း အနှစ်ကို လှမ်းမေးတယ်။

"ဟာ မနီမာကလည်း အဲ့ဒါ သူတို့ကိစ္စလေ၊ ကျွန်တော်တို့ ဖာသာ ခုနက သဘောတူထားတဲ့ အတိုင်းလုပ်မယ်"

"ဟဲ့ ငါသူငယ်ချင်းသဘောလဲ မေးရဦးမှာပေါ့"

"အနှစ်နဲ့ကိုယ်က တစ်စင်းစီးလိုက်ပါ့မယ်၊ နီမာသာ အဲ့ဒီ မျောက်ကို နည်းနည်းလောက် ပညာပေးလိုက်ဦး၊ မျက်စိနောက် လွန်းလို့"

ကျွန်တော် အနှစ်ကိုယ်စား ဝင်ဖြေလိုက်တယ်။ တော်ကြာ နီနီမာက ဟန်ဆောင်ပန်ဆောင်ခေါ်တာကို အနှစ်ကလဲ အားနာပါးနာ လိုက်သွားမှာ စိုးလို့ပါ။

ဒီအခွင့်အရေးမျိုးက ကျွန်တော့်အတွက် နောက် တစ်ခေါက် ပြန်ရဖို့ လွယ်တာမဟုတ်ဘူး။

"ဦးဦး၊ တားတားရော ချီးမယ်လေ"

ဘောလုံးပုတ်ကစားနေရာက သားသားက ကျွန်တော်တို့ ကို မြင်သွားပြီး လှမ်းအော်တယ်။ တစ်ချိန်လုံး ကလေးနဲ့နှစ်ပါး သွားနေရတဲ့ ကိုမျိုးခင်းက

"အဲ့ဒါ မစီးနဲ့၊ မကောင်းဘူးသားသားရဲ့၊ အဲ့ဒါ ရုပ်ဆိုး တဲ့သူတွေမှ စီးတာ"

ကျွန်တော်တို့ မကြားကြားအောင် အော်ပြောတယ်။ စံဂျူး ကလဲ ငြိမ်မနေဘဲ ပြန်အော်တယ်။

"အနောက်က ထိုင်စီးတဲ့သူ မပါ၊ အဲ ဟုတ်သေးဘူး၊

မနီမာလည်း မပါ၊ အဟီး"

သူက နောက်ကထိုင်စီးပြီး နီနီမာက ရှေ့ကနင်းတာကိုး။

အော်ဘုန်းကအော်ပြီး နီနီမာက နောက်လှည့်မျက်မှောင်ကုပ် ကြည့်လိုက်ရော စံဂျူးအမြီးကုပ်သွားတယ်။ ကောင်းပါတယ်။ **Hip Hop** ဘောင်း စပ်လို့ရသေး။ (နီနီမာ မျက်မှောင်ကုပ် စံဂျူး အမြီးကုပ် ရို့ ရို့ အာ ဟား အာ ဟား)

"သေစ်ရေ၊ ပြိုင်မယ်ဟေ့"

ကျလည်းကျတဲ့ကောင်။ နီနီမာ့အနောက်က ထိုင်လိုက်ပြီး ကျွန်တော့်ကို လှမ်းစိန်ခေါ်နေတယ်။ ဒီနေရာမှာ ဗလအားကိုးလို့ မရဘဲ ဦးနှောက်သုံးရမယ်ဆိုတာ စံဂျူး နားမလည်ဘူးထင်တယ်။

ကျွန်တော်က လက်ကိုင်ကို တဲ့တဲ့ငြိမ်ငြိမ်ထားပြီး အရှိန်နဲ့ စဘင် နင်းထွက်လိုက်တယ်။ နီနီမာကလည်း စထွက်တယ်။

"အနှစ်၊ သေချာကိုင်ထားနော်"

"အင်း၊ မလဲစေနဲ့နော် ကိုသစ်၊ လဲရင် ရှက်စရာကြီး"

"မလဲပါဘူး၊ လဲတော့မယ်ဆိုရင် ကိုယ်က ခြေထောက်လှမ်းထောက်လိုက်မှာပေါ့"

"ဟား ပျော်ဖို့ကောင်းလိုက်တာ"

"အနှစ်ပျော်တော့ ကိုယ်ဝမ်းသာတာပေါ့၊ အမြဲတမ်းပြုံးနေ ပျော်နေနော်၊ အနှစ်မျက်နှာညှိုးရင်း ကိုယ့်စိတ်ထဲ တစ်မျိုးပဲ"

"အနှစ်လဲ အမြဲပျော်နေချင်ပါတယ်၊ ဒါပေမယ့် အင်းလေ ထားပါတော့ ကိုသစ်တို့နဲ့တွေ့ရတာ အနှစ်ပျော်တယ်"





"ဝေး ဟေး၊ ဘယ်သူပြိုင်လို့ နိုင်ပါ့မယ်၊ ဝေး ဟေး ဟေး"

ကျွန်တော်က အနှစ်ကို စကားပြောနေလို့ အာရုံပြောင်းသွားတော့ စက်ဘီးအရှိန် နှေးသွားတယ်။ နီနီမာက ကျော်တက်တော့တာပေါ့။ စံဂျူးက နောက်ကထိုင်ရင်း လက်ကားယား ခြေကားယားနဲ့ အူမြူးနေတယ်။

"ဒီမှင်စာ ချိုကြွနေတယ်၊ ငိုရတော့မယ်"

"အဲ့ဒီ စံဂျူးဟာလေ၊ သိပ်ရယ်စရာကောင်းတာပဲ"

ကျွန်တော့်စကားမှ မဆုံးသေး။ အငြိမ်မနေတဲ့ စံဂျူးကြောင့် စက်ဘီးက လှုပ်ခါရမ်းသွားတယ်။

"ငြိမ်ငြိမ်နေလေ၊ သောင်ပြင်ပေါ် နင်းရတာ လက်ကိုင်ခေါက်ပြီး လဲလိမ့်မယ်"

"မော်လူးသူ နီနီမာတဲ့၊ ခြေသလုံးအားတွေ ဘယ်ရောက်ကုန်ပြီလဲ"

ပြောလေ ဆိုးလေဖြစ်နေတဲ့ စံဂျူးကြောင့် စက်ဘီးက ထိန်းမရတော့ဘူး။

"ဟဲ့ သောက်ခွေး၊ ပလုတ်တုတ်"

"အိုး အိုး ဟ"

စက်ဘီးလက်ကိုင်က ရမ်းနေတော့ ရှေ့ဘီးက သဲထဲနစ်ဝင်ပြီး လဲပါလေရော။ စံဂျူးဆိုတဲ့ကောင်က အူတာမြူးတာ၊ သူ့အသားနာမှာကျ အတော့်ကိုကြောက်ရှာတယ်။ စက်ဘီးလဲတော့မယ့် အခြေအနေမြင်ရော အယောင်ယောင်အမှားမှား

အထိတ်ထိတ် အလန့်လန့်နဲ့ နီနီမာ့ခါးအထက်ပိုင်း ရင်ဘတ်ကို မိမိရရကြီး မလွှတ်တမ်း ဆွဲဖက်ပါလေရော။

အမှန်က စက်ဘီးက မလဲသေးဘူး။ ဟန်ချက်ပျက်ရုံ ယိုင်သေးတာ။ စံဂျူးလက်နှစ်ဖက်ရဲ့ သရမ်းမှုကြောင့်သာ နီနီမာ့ခမျာ လက်ကိုင်ကို ရုက်လန့်တကြားလွှတ်လိုက်မိမှ လဲရတဲ့အဖြစ်၊ ဒီမြင်ကွင်းကို ကျွန်တော်က ကွက်ကွက်ကွင်းကွင်း မြင်လိုက်တာ။

"ပုန်း"

"အမလေး"

"ဟယ် နီမာ လဲပြီ"

အနှစ်က အလန့်တကြားအော်သလို ကျွန်တော်က ရယ်ချင်တာကို မနည်းထိန်းထားရင်း ပြေးထူရတယ်။

"သေနာ စံဂျူး၊ အယုတ်တမာကောင်၊ နှာဘူး"

"ဟာဗျာ၊ ကျွန်တော် နှာဘူးမဟုတ်ဘူး၊ မနီမာနော် ကျွန်တော့်ကို အဲလို မပြောနဲ့"

နီနီမာက ရှက်ရမ်းရမ်းတယ်၊ စံဂျူးက ရှက်ငြင်း ငြင်းတယ်။ တကယ့်လက်တွေ့အမြင်မှာတော့ စံဂျူးက အောက်က ပက်လက်၊ နီနီမာက အပေါ်ကပက်လက်။

စံဂျူး လက်တွေက မြင်ကွင်းထဲမှာ ဖုံးမရ ဖိမရ နီနီမာရဲ့ ရင်ဘတ်နှစ်ဖက်ကို မိမိရရကြီး ဖက်တွယ်ထားလေရဲ့။



ချောင်းသာကို အပျော်ခရီးထွက်ရာက ပြန်ရောက်တဲ့ နောက် ပိုင်းမှာ ကျွန်တော်နဲ့အနှစ် ဆက်ဆံရေးက ပိုပြီး နွေးနွေး ထွေးထွေးရှိလာခဲ့တယ်။

စံဂျူးကတော့ နီနီမာကို ရှောင်နေတယ်။ အခင်းဖြစ်တဲ့နေ့ကတည်းက စက်ဘီးလဲရာကနေ ထူပေးပြီးတာနဲ့ တန်းပြေးတော့တာပဲ။

ဖြစ်ကြောင်းကုန်စင်သိမြင်ထားတဲ့ ကျွန်တော်က တဟားဟား အော်ရယ်နေပေမယ့် ဘာမှမသိတဲ့ အနှစ်အပါအဝင် မကြည်အေးတို့ အားလုံးကတော့ စံဂျူးနဲ့နီနီမာကို တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြတယ်။

ဘယ်သူက ဘယ်လိုမေးမေး နှစ်ယောက်စလုံး မဖြေဘဲ

မျက်နှာကြီးတွေ ရဲခနဲဖြစ်သွားကြပြီး မျက်နှာချင်းကို မဆိုင်ကြတော့ဘူး။

"ဟဲ့၊ စံဂျူးနဲ့နီမာက ဘာဖြစ်ကြတာလဲ"

မကြည်အေးကလည်း နားမလည်နိုင်စွာနဲ့ တအံ့တသြမေးတယ်။

"နေဦး၊ နီမာ့ကို အနှစ် ရအောင်မေးမယ်၊ ကိုသစ်လည်း စံဂျူးကို ရအောင်မေး"

ကျွန်တော်က ဘာမှကို ပြန်မပြောနိုင်ဘဲ ရယ်ပဲရယ်နေမိတယ်။ ဒါကို အနှစ်က "အဲဒီ ကိုသစ်ဟာလေ ရယ်လိုက်တာ အရမ်းပဲ၊ ဘာလဲ မသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ" လို့ပြောတယ်။

"ရယ်စရာကောင်းတာကိုး အနှစ်ရဲ့"

"အဲ့ဒီ ကိုသစ် တစ်ခုခုတော့ သိထားတယ် အနှစ်ရဲ့၊ နေဦး မမအေးအမျိုးသားကို မေးကြည့်မယ်၊ သူတို့ယောကျ်ားချင်းကတော့ အချင်းချင်းပြောကြမှာပဲ"

"ကျွန်တော်ကတော့ ဘာမှ မပြောပါဘူးဗျာ၊ ကိုမျိုးမင်းနဲ့ မကြည်အေးအမျိုးသားက သူတို့ဖာသာ စံဂျူးကို အစ်နေကြတာ"

စံဂျူးနဲ့နီနီမာရဲ့ဂရုက်က ကျွန်တော်တို့ဝန်းကျင်မှာ အတော့်ကို လှုပ်ခတ်နေတယ်။ ကျွန်တော့်အတွက်တော့ စံဂျူးကို နှိပ်ကွပ်ဖို့ အခွင့် အရေးပဲပေါ့။

"မင်းကွာ၊ ဘူးတုန်းကဘူးပြီး နှဘူးပြောတော့လည်း မခံနိုင်ဘူး၊ အခုမှလာပြီး ရှက်ချင်ယောင်ဆောင်မနေနဲ့၊ မင်း အဲ့ဒီတုန်း





က ဖြစ်ရပ်ကာ ဘာမင်လုပ်လိုက်တာ မဟုတ်လား"

"ငါ ..... ပဲ"

"ဟား ဟား ဟား ဟား"

ဘာကယ်ပဲဗျာ၊ စံဂျူးရဲ့ရှက်ဒေါသဟာ သိပ်ကြည့်လို့ကောင်းတာပဲ။ လူပါးပုလင်းထိဆိုတာ ဒါမျိုးကို ပြောတာနေမှာ။ ဒီကောင် ဗျာယာခတ်မနေဘဲ ငြိမ်နေတော့လည်း နေရခက်သားကိုယ့်ဆရာရေ။

ဒါနဲ့ ကျွန်တော်တို့တစ်တွေ ကြားဝင်ရတော့တယ်။

ကျွန်တော်တစ်ယောက်ထဲ အနှစ်ဆီလာရင်း နီနီမာ့ကိုပါ လက်ဖက်ရည်ဆိုင် အပါခေါ်ရတာ။

"ဟိုကောင် စံဂျူးတော့ ကြာရင် စိတ်ရောဂါစွဲလိမ့်မယ်၊ ဘာ ဖြစ်နေမှန်းကို မသိဘူး"

"ဟယ် အခြေအနေဆိုးလား ကိုသစ်'"

"ဟုတ်တယ်လေ၊ စကားလည်းမပြော၊ အိပ်လည်း မအိပ်၊ အစားလည်းနည်းနဲ့ အချိန်ပြည့်ငေါင်နေတာ"

အနှစ်နဲ့ ကျွန်တော်က နီနီမာရှေ့ အတိုင်အဖောက်ညီညီပြော သလို မကြည်အေးအိမ် စံဂျူး သွားငေါင်နေရင်လည်း မကြည်အေးက တွန်းပို့တယ်။

"ကိုယ်က ယောကျ်ားလေးပဲ စံဂျူးရယ်၊ အမှားလုပ်မိရင်လည်း ပွင့်ပွင့်လင်းလင်းတောင်းပန်လိုက်ပေါ့၊ အခုလို ရှောင်ဖယ်ဖယ်ကြီးလုပ်နေတော့ ခွင့်လွှတ်ချင်တဲ့ မိန်းကလေးက ဘယ်လို

ခွင့်လွှတ်ရမှာလဲ”

စံဂျူးမျက်နှာ တွေခနဲတစ်ချက်ဖြစ်သွားတယ်။ ပြီးမှ ဒီကောင် ဘာကိုသွားသွားတွေးမိတယ် မသိဘူး။ မျက်နှာကြီး နီလာပြန်တယ်။

“ကဲဟော့၊ သင်တန်းပြန်ဖွင့်ရင် စာတွေနဲ့ နပန်းလုံးရမယ်၊ စာမေးပွဲဖြေပြီးရင်လည်း လုပ်ငန်းခွင်နဲ့နပန်းလုံးရမှာပဲ၊ ဒီတော့ ဒီ သီတင်းကျွတ်လပြည့်နေ့လေးမှာ စုံစုံညီညီနဲ့ ဘုရားကိုသွားကြမယ်၊ ညနေစာ ဆိုင်ကောင်းကောင်းမှာ ဝင်စားကြမယ်၊ မကောင်းဘူးလားဟေ့”

“ဟာ သိပ်ကောင်းတာပေါ့ ခမအေးရယ်”

“ကောင်းတယ်၊ အခါကြီးရက်ကြီး ဘုရားသွားရတာ သိပ်ပျော်စရာကောင်းတာပဲ၊ အနှစ်တော့ အရမ်းကြည်နူးတာပဲ”

ဒီတစ်ခါတော့ အနှစ်နဲ့ကျွန်တော်က တက်ကြွသွက်လက်နေကြတယ်။ စံဂျူးနဲ့နီနီမာက မျက်လုံးအပြူးသားလေးတွေနဲ့ ငေးကြည့်ရင်း ကြိုးဆွဲရာကမယ့် ရုပ်သေးရုပ်လေးတွေလို ငြိမ်နေတယ်။

ကျွန်တော်က စံဂျူးကို တံတောင်နဲ့တွက်ပြီး အကြံဖန်လုပ်ပေးလိုက်တယ်။

“ဟေ့ကောင် စံဂျူး၊ မင်း မနေ့က ကြော်ထားတဲ့ ကြက်ဟင်းခါးသီးကြော်တွေ မေ့ခဲ့ပြီ မဟုတ်လား၊ ပြောတုန်းကတော့ မနီမာတို့ အဆောင်မှာစားဖို့ဆို အပင်ပမ်းခံလုပ်ပြီး ဟင်း”





သောကတွေများပြီး ဦးနှောက်တွေ ထုံထိုင်း၊ စကားသံတွေ တိတ်နေတဲ့ စံဂျူးက ကျွန်တော့်စကားကြောင့် ချက်ချင်းခေါင်းထောင်လာတယ်။

“ဟာ ဟုတ်သားပဲ၊ အသက်လေး နည်းနည်းကြီးလာတော့ သတိကမေ့ချင်ပြီကွ”

“အသက်သာကြီးတာ လူက မကြီးဘူးနော်”

“မင်းက ကြီးတဲ့လူဆိုတော့ ပြောအားရှိတာပေါ့ ငသစ်ရာ၊ ငါက လူက မင်းလောက်မကြီးလဲ အကြံက မင်းထက်ကြီးတယ်ကွ သိလား”

“သိပါတယ်ကွာ၊ ငါ သိပါတယ် ဟို ကိစ္စ”

“ဟေ့ကောင် တော်၊ သောက်မြင်ကပ်စရာ ကောင်းတာဟာ”

“ဘာပြောသေးလို့လဲ”

“သြော် မနီမာ၊ ဟို ကြက်ဟင်းခါးသီးကြော်တင်မကဘူး၊ မနီမာကြိုက်တဲ့ ချဉ်ပေါင်ပါ စပ်ချဉ်ကြော်ထားတယ် သိလား”

စံဂျူးက ကျွန်တော့်ကိုပြောပြီး နီနီမာ့ကို လှည့်ပြောတယ်။ နီနီမာက ထုံးစံအတိုင်း မျက်မှောင်ကုပ်ပြီး မျက်စောင်းထိုးရင်း တစ်ဖက်ကို လှည့်သွားတယ်။

“အဲ့ဒါများ စံဂျူးရယ်၊ ကြော်ပြီး မြန်မြန်လာပို့တာ မဟုတ်ဘူး၊ မမအေး ချဉ်ပေါင်ကြော်ထားတယ်ဆိုတာနဲ့ မနက်က နီမာတို့အပြေးအလွှားလာကြတာလေ၊ အနှစ်ကတော့ ဘာဖြစ်ဖြစ်

စားတယ်၊ နီမာက သူ့ ကြိုက်မှ စားတာ"

မကြည်အေးက ဝင်ပြောတယ်။

ခုတလော ပျော်စရာတော့အကောင်းသားဗျ။ ကျွန်တော်တို့မှာ စံဂျူးနဲ့နီနီမာ့ကို အရိပ်လိုကြည့်ပြီး စနေကြတာလေ။

ဘာပဲပြစ်ဖြစ် ဒီအတောအတွင်း အနှစ်ပျော်နေတာတော့ အမှန်ပဲဗျို့။ ညှိုးရိပ်သမ်းပြီး တင်းမာနေတတ်တဲ့ အနှစ်မျက်ဝန်းနဲ့ မျက်နှာလေးက အခုဆို အရောင်တောက်ပြီး ပျော့ပျောင်းနူးညံ့လာတာတော့ အမှန်ပဲဗျ။

ဒါဟာ ကျွန်တော့်အတွက် ဆုလဒ်တစ်ခုပဲ မဟုတ်လား။



သီတာတတ်တဲ့အရွယ်ကစပြီး သီတင်းကျွတ်ညတွေကို နှစ်ပေါင်း နှစ်ဆယ်ကျော် ကျွန်တော် ကြုံခဲ့ဖူးတယ်။

ဒါပေမယ့် ... ဟိုတုန်းက ခံစားချက်နဲ့ ...

ဒီနေ့ည ခံစားချက်က လုံးလုံး မတူဘူးဗျ။

ကျွန်တော့်ဘေးမှာ ကျွန်တော့်ကို ပျော်ရွှင်စေတဲ့ ကောင်မလေးတစ်ယောက် ရှိနေတယ်။ သူကိုယ်တိုင်လည်း ပျော်နေပုံရတယ်။

"ကိုသစ်၊ စံဂျူးရယ်လေ တဖြည်းဖြည်းနဲ့ နီမာ့ဘေး ရောက်သွားပြီ၊ သိလား ခစ်"

"ရောက်ပစေ ကောင်းတယ်၊ ဒါမှ ကိုယ့်ဘေးနားမလာမှာ

လာ အနှစ်၊ ကိုယ့်လက်ကို တွဲထား၊ ဒါမှ သူတို့မနာလိုဖြစ်မှာ"

"အံမယ် တွဲပါဘူးနော်"

"အဟား အနှစ်ကလည်းလေ၊ ကိုယ်တောင် ရှက်သွားပြီ"

"ဟွန်း အဲ့ဒါလား ရှက်တဲ့ရုပ်၊ သွားပါ၊ သူတို့သူငယ်ချင်း နှစ်ယောက်စလုံးက အကြံအဖန်တွေလား မသိဘူး"

"မဟုတ်ရဘူး အနှစ်ရယ်၊ အမှန်အကန်ပါ"

"သွားပါ"

အနှစ်က သွားပါဆိုပြီး ကျွန်တော့်လက်မောင်းကို ကိုင်ဆွဲ တွန်းလွှတ်တယ်။ ဒါပေမယ့် တွဲလက်ကိုတော့ မဖြုတ်ဘူး။

အခါကြီးနေ့ကြီးမို့ ဘုရားမှာလည်း လူတွေ ကျိတ်ကျိတ် တိုး စည်ကားနေတယ်။ တစ်ယောက်နဲ့တစ်ယောက်တွဲပြီး တိုးနေကြရတာ။

ကိုမျိုးမင်းကြီးက သားသားကိုယ်ကြီး ပွေ့ချီပြီး တိုးနေ တယ်။ သားသားက သူ့အဖေနဲ့အမေကို မကပ်ဘူး။ ဘယ်သွား သွား ကိုမျိုးမင်းမှ ကိုမျိုးမင်းပဲ။ ကိုမျိုးမင်းခမျာ နဂိုကမှ ပါးစပ် ဟောင်းလောင်း ပိတ်နိုင်းလို့ မရရတဲ့ကြားက ကလေးချီရတော့ ချွေးသံတွေရွှဲရွှဲနဲ့မောပြီး ပါးစပ်က ပိုဟလာတယ်။

"ကိုမျိုးမင်း၊ သားသားက လမ်းလျှောက်နိုင်ပါတယ်၊ တစ်ချိန်လုံး ပွေ့မထားနဲ့လေ၊ မောမှာပေါ့"

မကြည်အေးက အားနာပြီး ပြောတယ်။

"ရတယ်၊ လူတွေကများတော့ ကလေးကို တိုက်သွားမှာ





စိုးလို့"

"ဒါဆို သားသားကို ဖေကြီးချီမယ် လာ"

"ဟင့် အင်း"

သားသားက သူ့အဖေဆီ မလိုက်ချင်လို့ ကုန်းအော် တယ်။ ကိုမျိုးမင်းက "နေပါစေဗျာ၊ ရပါတယ်" ဆိုပြီး ငိုက်စိုက် ငိုက်စိုက်နဲ့ လျှောက်တယ်။

ဒီလိုနဲ့ လူကျပ်တဲ့ဘုရားရင်ပြင်အောက်ခြေ ရောက်လာ ခဲ့ကြတယ်။ ပန်းသည်တွေက သူ့ထက် ငါ အပြိုင်ဈေးအော်ရောင်း ကြတာ ဆွဲမတတ်ပါပဲ။

ဒီအထဲမှာ အဆိုးဆုံးကတော့ ရွှေပန်း ငွေပန်းရောင်းတဲ့ ပန်းသည်တွေပါပဲ။ ဆိုင်နဲ့ရောင်းတဲ့ သစ္စာပန်း၊ ဂန္ဓာပန်း၊ သပြေ၊ နှင်းဆီ စတဲ့ပန်းသည်တွေက ထလိုက်လာလို့မရပေမယ့် သူတို့က တော့ လက်ဆွဲမတ်တတ်မို့ အနားက တကောက်ကောက်။

ကြာတော့ သူသူကိုယ်ကိုယ် စိတ်ရှုပ်လာပြီး နားအေးပြီး ရော နှစ်ရာဖိုး၊ သုံးရာဖိုး ဝယ်လိုက်ကြတာပဲ။

ကျွန်တော်ကတော့ နားအေးပြီးရော ဝယ်လိုက်တာ။ စံဂျူး က အကြံသမား၊ နီနီမာကို မျက်နှာလုပ်ဖို့ သူ့ရွှေပန်းကြီး တကိုင် ကိုင်နဲ့ ။

နီနီမာခမျာလည်း အတင်းကပ်ပြီး လိုက်ရောင်းနေတဲ့ ပန်းသည်ကောင်လေးကြောင့် မျက်မှောင်ကြီးကုပ်ပြီး ရှုပုပ်နေပြီ။

"အစ်မ၊ ဘုရားမှာ ပူဇော်ဖို့ ပန်းယူပါဦး"

"နည်းနည်းပါးပါး ဝယ်သွားပေးပါဦး၊ ကျွန်တော် ဈေးဦး မပေါက်သေးလို့ပါ"

"တော်ပြီ၊ နင့်ရွှေပန်းကြီး ငါ မကြိုက်ဘူး"

"ဟာဗျာ"

ပန်းရောင်းတဲ့ လူပျိုပေါက်ကောင်လေး မျက်နှာအပျက် ပျက်နဲ့ ဆက်မလိုက်ဘာတော့ဘဲ ကျန်ရစ်ခဲ့တယ်။ ဒါဟာ စံဂျူး အတွက် အခွင့်ကောင်းပဲ။

"မနီမာ၊ မနီမာ၊ ဒီမှာ ကျွန်တော် ဝယ်ထားပြီးပြီ"

ပန်းတွေကိုင်ပြီး နီနီမာ့အနား စံဂျူး အပြေးအလွှားရောက် လာတယ်။

"အေး၊ နင့်ရွှေပန်း ငါ ကြိုက်တယ်၊ ဒါကမှ လှသေး"

နီနီမာ့အကျင့်က ထင်မိထင်ရာရယ် သူပြောချင်ရာပြော တယ်။ သူ လုပ်ချင်ရာ လုပ်တယ်။

စံဂျူးမျက်နှာက ချောင်းသာတုန်းက စက်ဘီးလဲစဉ် ဖြစ် သွားတဲ့အတိုင်းပဲ။ ဖြူဖပ်ဖြူရော်မျက်နှာကြီးရဲသွားတယ်။ ဘာတွေ အတွေးချော်သွားလဲတော့ မသိဘူး။

"စံဂျူး ရွှေပန်းတော့ အဆင်ပြေသွားပြီပေါ့"

မကြည်အေးအမျိုးသားက လှမ်းအော်စရင်း ရှေ့ကနေ ဘုရားပေါ် တက်သွားတယ်။ သူများတွေ ဘာပြောပြော အပြုံး အရယ်မရှိ ပါးစပ်ပောင်းလောင်း၊ မျက်လုံးပြူးကြီးနဲ့နေတဲ့ကို မျိုးမင်းကြီးတောင် စံဂျူးနဲ့နီနီမာကို ဘာတွေသဘောကျမှန်း





မသိဘဲ တဟားဟားရယ်နေတယ်။

ကိုမျိုးမင်းကြီး ရယ်လွန်းတော့ သားသားက "ဦးဦး၊ ဘာရယ်တာလဲ ဟင်၊ ဘာရယ်တာလဲလို့" ဆိုပြီး အဆက်မပြတ် မေးနေတာ။

အနှစ်က ကျွန်တော့်လက်မောင်းကိုထုပြီး ရယ်တယ်။ ဘာမှလည်းမဆိုင်ဘူးနော်။

"အဲဒီနှစ်ယောက်ဟာလေ၊ တကယ်ပဲ"

ဒီရယ်ပွဲကြားမှာ ကျွန်တော်ကလည်း ကျွန်တော့်ရွှေပန်း ကြီးကိုင်ပြီး ဘာမှမလှုပ်ရှားရဲဘူး ဖြစ်နေတယ်။ ဘုရားပေါ်ရောက် မှပဲ အနှစ်ကို လှူခိုင်းတော့မယ်။

"ဘယ်ထောင့်မှာ လှူရမှာလဲဟင်၊ အနှစ်က ဗုဒ္ဓဟူး သမီး၊ ကိုသစ်က စနေသား"

"ဩော် ဘုရားက တစ်ဆူထဲပဲ အနှစ်ရယ်၊ ဘယ်ထောင့် ဖြစ်ဖြစ် အရေးမကြီးပါဘူး"

"ဟုတ်တယ်နော်"

ကျွန်တော်ပြောတော့မှ အနှစ်က သူနဲ့နီးရာ ဗုဒ္ဓဟူးထောင့် မှာ ပူဇော်ဖို့ ပြင်တယ်။

"အနှစ်ရေ၊ မနီ ကြာသပတေးထောင့်မှာ ရှိမယ်"

နီနီမာက အနှစ်ကိုပြောပြီး ထွက်သွားတယ်။ စံဂျူးက ယောင် တောင်ပေါင်တောင်နဲ့ လိုက်သွားတယ်။

ကျွန်တော်က

"ဟော့ကောင် မှင်စာ၊ မင်းက အင်္ဂါသားလေ၊ အင်္ဂါထောင့် သွား"

"ဘုရားက တစ်ဆူထဲပဲ၊ ဘယ်သွားသွားပေါ့"

အင်း စံဂျူးတစ်ယောက် ပုံမှန်အခြေအနေကို ပြန်ရောက် သွားပြီပဲ။

လူတွေ ကျိတ်ကျိတ်တိုးနေတဲ့ကြားက ကျွန်တော်တို့ ဘုရားကိုအာရုံပြုရှိခိုးပူဇော်ကြတယ်။

ဒီနေရာမှာ ယောကျ်ားလေးနဲ့မိန်းကလေး ကွာတာက မိန်း ကလေးတွေ ဘုရားရှိခိုးရင် အရမ်းကြာတယ်။ ပါးစပ်က ပွစိပွစိနဲ့ ဘာတွေဆုတောင်းပြီး ဘုရားကို အပူကပ်ကြလဲ မသိဘူး။

ကျွန်တော်တို့ ယောကျ်ားလေးအများစုကတော့ ပုဆိန် ပေါက် သုံးကြိမ်ဦးချပြီးရင် ပြီးသွားရော။ အခု ကျွန်တော်လည်း အနှစ်ထက်အရင် ဘုရားရှိခိုးလို့ ပြီးသွားတယ်။

ဒါနဲ့ ပွစိ ပွစိလုပ်နေတဲ့ အနှစ်ကို မသိမသာရော၊ သိသိ သာသာရော နှစ်မျိုးလုံးပေါင်းပြီး ခိုးကြည့်နေလိုက်တယ်။

ကြည့်ရင်း ကြည့်ရင်း ကျွန်တော့်ရင်ထဲမှာ အနှစ်ကိုချစ်တဲ့ အချစ်စိတ်တွေ တဖွားဖွားပေါ်လာနေတယ်။

သေချာတယ်။

ကျွန်တော် အနှစ်ကို သိပ်ချစ်နေမိပြီ။



ကျွန်တော်တို့အားလုံး ဘုရားသွားပြီးတဲ့နောက်ပိုင်း တစ်စု တစ်ဝေးတည်း ဆုံနိုင်ဖို့ရက်တွေ နည်းလာခဲ့တယ်။ ဒါပေမယ့်

သင်တန်းပိတ်ရက်ကုန်လို့ ကျောင်းပြန်ဖွင့်တော့ ကျောင်း မှာ မနက်တိုင်း ဆုံဖြစ်ကြသေးတယ်။

ကျွန်တော်နဲ့အနှစ်က စာအုပ်တန်း၊ စာအုပ်အဟောင်းပုံ မှေ့တာတွေ၊ စာအုပ်ဈေးရောင်းပွဲတော်သွားတာတွေကို စိတ်အား ထက်သန်တယ်။ သွားလည်း သွားဖြစ်ကြတယ်။

စံဂျူးနဲ့ နီနီမာက ဘောလုံးပွဲ၊ ဘီလိယက်နဲ့ ရုပ်ရှင်ကား ကြီးတွေ ကြိုက်တာတူတယ်။

ဒါနဲ့ ကျွန်တော်တို့လေးဦး လိုင်းကွဲသွားကြရော။

မကြည်အေးကတော့ "ကိုယ့်လူကိုယ်နိုင်ကြရင် ပြီးတာ

ပါပဲ" တဲ့။ ဘာလဲတော့ မသိဘူး။

စနေ၊ တနင်္ဂနွေ အားတဲ့ရက်တွေဆို အနှစ်နဲ့တွေ့ဖို့ ဒါမှ မဟုတ် တစ်နေရာရာသွားနိုင်ဖို့ ကျွန်တော့်မှာ ခေါင်းပူအောင် ကြံဖန်နေရတယ်။ ဒီကြားထဲ ဘဝင်လေဟပ်ခံနေရတဲ့ စံဂျူးက တစ်မျိုး။

"ငါနဲ့ မနီမာက အေးဆေးပဲ၊ ဒီသင်တန်းပြီးတာနဲ့ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းလေးတစ်ခု ထူထောင်မယ်၊ ပြီးရင် လက်ထပ်ကြမယ်၊ ဒါပဲ ဘာလိုသေးလဲ"

"ဟ စိတ်ကူးယဉ်ဘာတွေက မလွန်ဘူးလား စံဂျူးရ"

"ငါတို့က စိတ်တူတယ်၊ ပွင့်ပွင့်လင်းလင်း ဟောဟော ဒိုင်းဒိုင်းပဲ၊ မင်းနဲ့အနှစ်လို မတုပ်မလှုပ် မြုံစိစိ လုပ်မနေဘူး"

"အောင်မာ မှင်စာက ကြီးကျယ်လို့"

"ဟုတ်တယ်လေ၊ ငါက မနီမာအထာကို သိတယ်၊ သူ ဘာဖြစ်နေတယ်၊ ဘာလိုနေတယ်၊ ဘာကြိုက်တတ်တယ်ပေါ့"

"သူ ရွှေပန်းကြိုက်တာတော့ ငါလည်း သိတယ်"

"ဟော့ကောင် သေစ်၊ ငါ ဆွဲထိုးမိမယ်နော်"

"မဟုတ်လို့လား၊ ပန်းတကာ့ပန်း ဘယ်ပန်းအကြိုက်ဆုံး လဲဆိုရင် ရွှေပန်းသာ အကြိုက်ဆုံးပါတဲ့၊ နီမာ့ပါးစပ်က ပြောတာ ပဲ၊ ဒါ ဘာဆန်းလဲကွ၊ မိန်းကလေးတိုင်း သူတို့ကြိုက်တဲ့ပန်း ရှိကြတာပဲ"

"ငါ စကားကောင်းပြောနေတာ၊ မင်းသာ မိန်းကလေး





တစ်ယောက်ရဲ့ အရိပ်အကဲကို နားမလည်တာ"

အင်း စံဂျူးပြောတဲ့အတိုင်း ကျွန်တော်ကပဲ တကယ် နား မလည်တာလား၊ အနှစ်ကပဲ နားလည်ရ ခက်လွန်းတာလားဆိုတာ ကိုတော့ ကျွန်တော်လဲ မစဉ်းစားတတ်တော့ဘူး။ ဒါပေမယ့်

အခုနောက်ပိုင်း အနှစ်မျက်ဝန်းတွေထဲက စာတွေကို ကျွန်တော် ဖတ်နိုင်သလောက်တော့ ဖတ်တတ်လာပြီ။ ကျွန်တော့် အပေါ်ထားတဲ့ အနှစ်ရဲ့သံယောဇဉ်အငွေ့တချို့ကို နှလုံးသားက ရှူရှိုက်မိလာတယ်။

မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားချစ်မိမှတော့ ကြိုးစားရမှာက ကျွန်တော်တို့ယောကျ်ားတွေရဲ့ တာဝန်။

ကျွန်တော့်စိတ်ထဲက အနှစ်နဲ့ပတ်သက်လို့ ဟန်ဆောင် ထိန်းချုပ်မှုတွေကို ကိုယ့်ဖာသာခွာချဝန်ခံပြီးပြီ။ တရားဝင် ဖွင့်ဟ ပြောကြားဖို့ပဲ ကျန်တော့တယ်။

"မင်း အိမ်ကပေးစားတဲ့မိန်းမကိုသာ ယူလိုက်ပါတော့ကွာ၊ အဲဒါ ဒုက္ခအကင်းဆုံးပဲ သေစ်"

ကျွန်တော်တို့ လူငယ်ချင်းရော မိဘချင်းပါ နှစ်ပေါင်း များစွာ ရင်းနှီးခင်မင်ဖွဲ့ဆက်သွားလာနေတဲ့ မိန်းကလေးရှိတာကို စံဂျူး သိတယ်။

ဒါကို ရည်ရွယ်ပြီး သူ ပြောတာ။ ရုပ်ရည်ရော၊ ပညာ၊ ခန၊ အကျင့်စာရိတ္တ ဘာမှပြောစရာ မလိုဘူး။ဒါကြောင့်

စံဂျူးက ကျွန်တော့်ကို ဒါပဲ ခဏခဏ ခလုတ်တိုက်နေ

တာ။ ကျွန်တော်မကြိုက်မှန်းသိလို့ ကြိုက်လိုက်၊ ကြိုက်လိုက်နဲ့ အမြဲတမ်း သွေးထိုးနေခဲ့တာ။ ဒါလည်း ကျွန်တော်ကတော့ ခုထိ တုံဏှိဘာဝေ ဆိတ်ဆိတ်နေမြဲပဲ။

ဟုတ်တယ်။ ကြိုက်ဆိုတိုင်း ကြိုက်ရမှာလား။ စားဆိုတိုင်း စားရမှာလား။

ကိုယ်ကြိုက်ချင်မှ ကြိုက်မှာ၊ စားချင်မှ စားမှာပေါ့။

အနှစ်နဲ့ကျတော့လည်း မကြိုက်နဲ့ စိတ်မဝင်စားနဲ့လို့ တွေ့ကတည်းက ပြောလာတာ။

သူ မကြိုက်နဲ့ဆိုတိုင်း မကြိုက်ဘဲနေရမှာလား။

အခု အိမ်ကလူတွေကလည်း ကျွန်တော့်ကို ဝိုင်းပြောနေကြတယ်။

"မိန်းမလည်းမယူနဲ့ ရည်းစားလည်းမထားနဲ့ ဘာအလုပ်မှလည်း မလုပ်နဲ့ နိုင်ငံခြားသွားချင်သွား၊ ကြားလား သွေးသစ်"

ကျွန်တော့်ကို တမင်ရွဲ့ပြီး ပြောင်းပြန်တွေ ပြောကြတာလေ။ သူတို့က ကျွန်တော့်ကို အဲလိုတွေဖြစ်စေချင်နေတာကြာပြီ။ အဲ့ဒီလိုပြောမှ ကျွန်တော်နဲ့ တည့်သွားတော့တယ်။

ရည်းစားထားပြီး မိန်းယူမယ်။ ပြီးရင် အလုပ်လုပ်တော့မယ်။ အရင်ကစိတ်ကူးထားတဲ့ နိုင်ငံခြားထွက်မယ့်အစီအစဉ်လည်း ဖျက်လိုက်ပြီ။ ချစ်သူရှိရာ ဒီနယ်မြေကနေ တစ်ဖဝါးမှ မခွာနိုင်ဘူး။ မိဘတွေ တားတုန်းကတော့ သွားမှာပဲ တကဲကဲဖြစ်ခဲ့ကျွန်တော်။





သြော် ခုတော့ အချစ်ရဲ့စွမ်းအားများ တယ်ကြီးပါလား။

"ငါ အနှစ်ကို မချစ်ရရင် သေဖွယ်ရာ ရှိတော့တယ်ကွာ"

မအောင့်နိုင်တဲ့အဆုံး ကျွန်တော် စံဂျူးရှေ့ ဖွင့်ချလိုက်တယ်။

"သြော် အေး အေး၊ ပြောလိုက်ပါ့မယ်ကွာ"

"ဟော့ကောင် ဂျပု၊ မနောက်နဲ့ကွ၊ ငါ တကယ်ခံစားနေရတာ မင်းလို ငါက နှာဘူးရုံပဲ မဟုတ်ဘူး၊ အမှန်အကန် ချစ်တာ"

"ငါ့ .... ပဲ"

"ဟား ဟား ဟား ဟား"

စံဂျူးက စိတ်တိုပြီးဆဲတယ်။ ကျွန်တော် တဟားဟားရယ်နေရင်းတစ်စုံတစ်ခုကို သတိရလို့ အရယ်ရပ်လိုက်တယ်။

"ဒါနဲ့ နေဦးပါဦး၊ ငါတို့က မင်းနဲ့နီမော့ကို ပျော်လို့စနောက်နေကြတာ၊ မင်းတို့က ဟိုလို ဒီလိုဖြစ်ပြီး အတည်လား"

"ဘာလဲ၊ ဟိုလို ဒီလို"

"တစ်ယောက်ကိုတစ်ယောက် သဘောကျနေကြပြီလားလို့ ပြောတာ"

"မယုံနေပေါ့ကွ၊ ယူပါမယ်ဆိုမှ ဈေးဝယ်သလို ကောက်ကိုင်လိုက်၊ ပြန်ချထားလိုက် လုပ်လို့ရမလား"

"သြော် ငါက နီမော့ကို ယောကျ်ားစိတ်၊ ယောကျ်ားပုံစံနဲ့ဆိုတော့ ယောကျ်ားယူဖို့ စိတ်မဝင်စားဘူး မှတ်နေတာ"

"ဒါကတော့ ငါ့မှာရှိတာ သူ့မှာမှ မရှိတာ"

"ဘာ! ဟင်း မင်းပြောပုံကြီးကလဲ၊ သူ့မှာ မရှိတဲ့ မင်းဟာကိုပဲ ကြိုက်စရာလားကွ"

"ငသစ်နော်၊ လူဆိုတာ ဆိုက်ကိုနည်းနဲ့ ပြောရရင် ပိန်တဲ့သူက ဝတာကြိုက်တယ်၊ ဝတဲ့သူက ပိန်တာကြိုက်တယ်၊ ဖြူတဲ့သူက မည်းတာကြိုက်တယ်၊ မည်းတဲ့သူက ဖြူတာကြိုက်တယ်၊ မဟုတ်ဖူးလား၊ ငါ ဆိုလိုတာက သူ ထမင်းဟင်း မချက်တတ်ဘူး ငါချက်တတ်တယ်၊ သူ မလုပ်တတ်တဲ့ အိမ်မှုကိစ္စမှန်သမျှ ငါ လုပ်တတ်တယ်ကွာ၊ ဒါ ပြောတာ၊ "

"ကလေးတော့ မမွေးတတ်ဘူး ပြောလို့မရဘူးနော်၊ မိန်းမဖြစ်ရင် မွေးရမှာပဲ"

"ဟီး အဲလိုတွေဖြစ်လာကြမှာလား၊ ပျော်စရာကြီး၊ ဟီး အောင်မလေးနော်၊ ကြက်သီးတွေတောင် ထလာပြီ"

"နှာဘူး၊ မုင်စာ၊ အယုတ်တမာ၊ ကျက်သရေတုံး"

ဘာပဲဖြစ်ဖြစ် ကျွန်တော်ရော စံဂျူးပါ ပျော်နေကြတယ်။ ပျော်လွန်းတော့လည်း စာကကျက်လို့မရဘူး။ အင်း မပျော်လည်း မရပါဘူး။ ဒါနဲ့ သင်တန်းစာမေးပွဲက တဖြည်းဖြည်းနီးလာပြီ။ သကြန်မတိုင်ခင် အပြီးစစ်ဖို့များတယ်။

စာမေးပွဲဖြေဖို့ ပြင်ဆင်တာနောက်ထား၊ အနှစ်ကို ချစ်ခွင့်ပန်ဖို့ပြင်ဆင်ရမှာက ပိုအရေးကြီးနေတယ်။



"မမအေးကတော့ ကိုယ့်မောင်လေး ညီမလေးတွေလိုပဲ သဘောထားတော့ ကိုယ့်ထဲ ကိုယ့်လူအချင်းချင်းတွေပဲ သဘောတူတယ်၊ ဖြစ်စေချင်တာပေါ့ ကိုသစ်ရယ်၊ ဒါပေမယ့်"

ကျွန်တော့်အတွက် မကြည်အေးဟာ အစစအရာရာကူညီတဲ့ မေခလာမို့ အနှစ်နဲ့ပတ်သက်ပြီး ရင်ဖွင့်မိတယ်။ မကြည်အေးဆီက အကြံဉာဏ်တစ်စုံတစ်ရာများ ရနိုင်မလားလို့ပေါ့။

"ဒါပေမယ့် အနှစ်ရင်ထဲ နှလုံးသားခံစားချက်နဲ့ပတ်သက်လို့ မမအေးကိုယ်တိုင်လည်း နားမလည်ဘူး၊ ကိုသစ်ကို မေတ္တာရှိနေတယ်လို့တော့ မမအေးပြောရဲတယ်၊ မမအေး တီးခေါက်ကြည့်ရသလောက် သူ ဘယ်သူ့ကိုမှ ချစ်မိလို့မဖြစ်ဘူးတဲ့လေ"

"အနှစ်မှာ စေ့စပ်ထားတဲ့သူတွေ ဘာတွေများ ရှိနေလို့

လားဗျာ"

"မရှိဘူး၊ မမအေး သေချာ မေးပြီးပြီ"

"ဘာလဲဗျာ၊ ဒါဆို ဘာလဲ၊ သူ့မှာ ဘာလျှို့ဝှက်ချက်တွေ ရှိနေတာလဲ"

"ဘာပဲဖြစ်ဖြစ် ကိုသစ် ဖွင့်သာပြော၊ ပြီးတော့ နားလည် အောင်မေး၊ ပြဿနာဆိုတာ ဖြေရှင်းလို့ ရပါတယ်"

မကြည်အေးစကားတွေက ကျွန်တော့်ကို အားတက်စေ တာတော့ အမှန်ပဲ။ ဒါနဲ့ သင်္ကြန်မတိုင်ခင် စာမေးပွဲပြီးတဲ့နေ့မှာ အနှစ်ကို ဖွင့်ပြောဖို့ ကျွန်တော် ဆုံးဖြတ်ထားတယ်။

ဒါပေမယ့် အခြေအနေက စီစဉ်ထားတဲ့အတိုင်းမဟုတ်ဘဲ စာမေးပွဲ မဖြေခင်တစ်ရက်မှာ ဖွင့်ပြောသလို ဖြစ်သွားခဲ့ရ တယ်။

ဖြစ်ပုံက ဒီလိုဗျ။

ဒီကိစ္စရဲ့ တရားခံက စံဂျူး။ ကြောင်တောင်တောင်နဲ့ စွတ် ပြောတာက ကိုမျိုးမင်း။

"ကိုသစ်နဲ့ အနှစ်ရော၊ စံဂျူးနဲ့နီမာရော နှစ်တွဲစလုံးလိုက် ဖက်ညီတယ်ဟ၊ ငါလည်း မင်းတို့တစ်တွေကို အတိအလင်းချစ်သူ တွေ ဖြစ်စေချင်နေတာ၊ မိဘတွေ အဆင်ပြေတာပဲ၊ လုပ်ငန်း တစ်ခုထူထောင်ပြီး လက်ထပ်ကြပေါ့၊ တစ်ဦးနဲ့တစ်ဦး မေတ္တာရှိ နေကြမှတော့ ဘာလို့ အချိန်ဆွဲနေမလဲ"

"ကိုမျိုးမင်း၊ ဘာတွေ ပြောနေတာလဲဗျ"

ကျွန်တော်က ဘာမှ နားမလည်လို့ မေးရတယ်။





"အဲ့ဒီ ကိုမျိုးမင်းကြီးက ဘာမှန်းလဲ မသိဘူး"

အနှစ်ကလည်း ရှက်ရမ်းရမ်းပြီး ပြောတယ်။

စံဂျူးနဲ့ နီနီမာကတော့ ခပ်တည်တည်ပဲ။

"ဟ စံဂျူးနဲ့ နီမာက နားလည်မှုရသွားပြီဆို"

"အင်းလေ၊ အဲ့ဒါ ဘာဖြစ်လဲ၊ အဲ့ဒါနဲ့ပဲ အနှစ်တို့ကပါ ဟို ဘာဆိုင်လို့လဲ"

"ကိုမျိုးမင်း၊ သောက်လာသလား"

"အောင်မာ၊ ငါ့များ အရက်သမားမှတ်နေလား"

"သိဘူးလေ၊ စောစောစီးစီး မူးပြီး ရမ်းနေသလားလို့"

"ဘာမှမရမ်းဘူး၊ စံဂျူးပြောလို့ ပြောတာ"

"ဘာဗျ၊ စံဂျူးက ဘာပြောလို့လဲ'"

"ကိုသစ်က အနှစ်ကို တစ်ဖက်သတ် ကျိတ်ချစ်နေရာက နေ အခု **Propose** လုပ်ပြီးသွားပြီဆို မင်း ငါတို့ညီမလေး အနှစ်ကို သဘောကျနေမှန်း ငါလည်း ရိပ်မိနေတာ ကြာပါပြီကွ"

ကောင်းကြရောဗျာ။

ဖြစ်ပျက်သွားတဲ့ အခြေအနေကြီးက ငြင်းရအောင်လည်း အခက်၊ မငြင်းဘဲ ငြိမ်နေပြန်လဲ မကောင်းတတ်နဲ့၊ အနှစ်ရှေ့မှာ အနေရ အထိုင်ရ အတော့်ကို ခက်တာပဲ။

အနှစ်ခမျာလည်း "ဘာမှန်းလဲမသိဘူး" ဆိုတဲ့စကားကိုပဲ တွင်တွင်ဆိုရင်း တစ်ဖက်ကို လှည့်နေလိုက်တယ်။

ကျွန်တော်က စံဂျူးဆိုတဲ့ မှင်စာကို အစိမ်းလိုက်ဝါးစားချင်

စိတ်ပေါက်သွားတယ်။ ဒီကောင် အခွက်ပြောင်ပုံလည်း ကြည့်ဦး။

"မင်းက ငြင်းဦးမလို့လား သေစ်၊ ကိုယ်ချစ်နေတဲ့ မိန်းကလေး တစ်ယောက်ကို ဖွင့်ပြောရမှာ အားနာလို့ဆိုပြီး ကျိတ်ခံနေတယ်၊ ပြီးတော့ ဟိုနေ့က မင်းပြောတာ အနှစ်ကို ဖွင့်ပြောလိုက်တော့မယ်ဆို၊ ဒါနဲ့ ငါလည်း အခုလောက်ဆို ဖွင့်ပြောပြီးပြီ ထင်တာနဲ့ ကိုမျိုးမင်းကို မင်္ဂလာသတင်းပေးလိုက်တာ"

ဒီကောင် တမင်လုပ်နေပြီဆိုတာ ကျွန်တော် သိလိုက်တယ်။ စံဂျူးဆိုတာ ကျွန်တော်နဲ့လင်မယားလို့ အပြောခံရတဲ့အထိ ငယ်ငယ်ကတည်းက ပေါင်းသင်းလာသူတွေ။ စိတ်ဆိုးရခက်သလို သူ့စေတနာကို ဥပေက္ခာပြုရလောက်အောင်ထိလည်း ကျွန်တော့် နှလုံးသားက မမာ ကျောဘူး။

"မနီမာ၊ ကျွန်တော်တို့ စီးတီးမတော်သွားပြီး လိုတာလေးတွေ နည်းနည်းပါးပါးဝယ်ရအောင်၊ ဟောကောင်သေစ်၊ မင်း အနှစ်ကို လိုက်ပို့လိုက်ကွာ၊ တစ်ယောက်ထဲ ဖြစ်နေမယ်"

လူသေးသေးနဲ့မလိုက်အောင် လေလုံးထွားနေတဲ့ စံဂျူးက နီနီမာကိုခေါ်ထုတ်ပြီး ထွက်သွားတယ်။ နီနီမာက "ကိုမျိုးမင်းလည်း ပြန်တော့မှာဆိုတော့ ကိုသေစ် အနှစ်ကို လိုက်ပို့လိုက်မယ်" ဆိုပြီး ကောက်ကောက်ပါအောင်လိုက်သွားတော့တာပဲ။

"ဘာကောင်တွေမှန်းကို မသိဘူး၊ အူကြောင်ကြောင်တွေ"

ကိုမျိုးမင်းက အဲ့ဒီလိုပြောပြီး အူကြောင်ကြောင်နဲ့ပြန်သွားတယ်။ ကျွန်တော်လည်း အူကြောင်ကြောင်နဲ့ ကျန်ခဲ့တယ်။ အင်း





အူကြောင်ကြောင်ဖြစ်နေတဲ့ အနှစ်ကို ချော့ရဦးမှာပဲ။ ဒီအရွယ်ထိ မိန်းကလေးတစ်ယောက်ကို တစ်ခါမှတော့ မချော့ဖူးသေးဘူး။

"အနှစ်"

ကျွန်တော်က အနှစ်ကို မရဲတရဲနဲ့ခေါ်လိုက်တယ်။ အနှစ်က ပါးစပ်အသံထွက်နဲ့မထူးဘဲ မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး မျက်စောင်း မသိမသာထိုးရင်း တုန့်ပြန်တယ်။

"နုနက စံဂျူးပြောတဲ့ကိစ္စကို တကယ်လားလို့ ကိုယ့်ကို မမေးပါနဲ့ အနှစ်ရယ်၊ ကိုယ် ဖြေရမှာခက်တယ်၊ ဒါပေမယ့်"

ချစ်မူရေးရာ နှလုံးသားကိစ္စတွေနဲ့ပတ်သက်လို့ စိုးရိမ်ကြောက်လန့်စိတ်ရှိတဲ့ အနှစ်က မေးဖို့နေနေသာသာ မသိချင်ယောင်ဆောင်သွားတယ်။

"ကိုယ့်ရင်ထဲမှာ ရှိတဲ့အရာကို အနှစ်မမေးလည်း ကိုယ်ပြောမှာပါ။ တစ်ခုပဲစိုးရိမ်တာက အနှစ် စိတ်ညစ်မှာကိုပဲ၊ တကယ်တမ်း ကိုယ် အနှစ်ကို ချစ်နေတာ အမှန်ပဲ။

အခု စံဂျူးပြောလို့ ချော်လဲရောထိုင်လုပ်တာ မဟုတ်ဘူးနော်၊ ကိုယ် ဖြေဖို့ခက်တယ်ဆိုတာ အဲ့ဒါပဲပေါ့၊ စံဂျူးပြောတာ ဟုတ်တယ်လို့ဖြေရင် ခံစားချက်ပေါ့သွားမှာစိုးသလို မဟုတ်ဘူး ငြင်းပြန်ရင်လည်း ဟုတ်နေတဲ့ဥစ္စာ၊ ဘယ်ဟာကိုမှ မဖြေချင်ဘူး၊ ကိုယ့်ဖာသာကိုယ်ပဲ ပြောချင်တာ။

အခုတော့ အနှစ်ရယ်၊ အနှစ်နဲ့ပတ်သက်ပြီး ကိုယ် ဘာမဆို ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီ"

ကျွန်တော် အဲ့ဒီနေ့က အနှစ်ကို ရင်ထဲရှိသမျှ အိတ်သွန် ဖာမှောက် ရင်ဖွင့်လိုက်မိတယ်။



ကျွန်တော့်စကားဆုံးတော့ မကြည်အေးက တဝါးဝါးရယ်တယ်။ ပြီးမှ "ဖြစ်ရဖြစ်ရလေ ကိုသစ်ရယ်" လို့ ပြောတယ်။

"ဘယ်လောက်သတ္တိရှိတဲ့ ယောကျ်ားပဲဖြစ်ဖြစ်၊ သူ့ရဲ့ကောင်းပဲဖြစ်ဖြစ်၊ မိန်းကလေးတစ်ယောက်ကို တကယ်ချစ်မိလို့ ဖွင့်ပြောဖို့အတွက် အနည်းနဲ့အများတော့ လန့်ကြတာပဲဗျ"

"ဒါတော့ ဟုတ်တယ် ကိုသစ်ရေ၊ တခြားကြည့်စရာမလိုဘူး၊ မမအေးအမျိုးသားကိုပဲကြည့်၊ သူ မပြောရဲလို့ အရပ်ကူပါလူပိုင်းပါဖြစ်ရတာလေ၊ မမအေးကလဲ ဒါကိုသိလို့ တစ်နှစ်လောက်အထိ အဖြေမပေးဘဲ တမင်ကို ညှင်းဆဲထားခဲ့သေးတာ"

"ဟား ဟား ဟား ဟား"

ဒီတစ်ခါတော့ ကျွန်တော်ရယ်တဲ့အလှည့်ဖြစ်သွားတယ်။

အင်း ဒါလည်း မိန်းကလေးတွေရဲ့နိုင်ကွက်နေမှာပေါ့။ ကျွန်တော်တို့ယောက်ျားလေးတွေက ဘယ်လိုပဲ ချစ်ခွင့်ပန်စေဦး သူတို့ဘက်က မတုန့်ပြန်သေးသရွေ့ ဘာများတတ်နိုင်မှာလဲ။

ဒီနောက်ပိုင်း အနှစ်ကို ကျွန်တော် ချစ်နေတဲ့အကြောင်း အားလုံးသိကုန်ကြတယ်။

သိချင်လည်း သိကြပါစေတော့။ တလောကလုံးကိုလည်း ဟန်မဆောင်တမ်း ကျွန်တော် ဝန်ခံရဲပြီပဲ။

တစ်ခုပဲ ရှိတယ်။

ကျွန်တော့် ဖွင့်ဟဝန်ခံချက်ကို အနှစ်က အဖြူအမည်းသဲသဲကွဲကွဲမတုန့်ပြန်တာကိုပေါ့။ ဘာကိုနားလည်ရမှန်း မသိဘူး။

ကျောင်းမှာတွေ့နေကြတဲ့အချိန်တွေဆို အနှစ်နဲ့ ကျွန်တော့်ကို အများက အတွဲလို့တောင် ထင်နေကြပြီ။

တချို့ နည်းနည်းရင်းနှီးတဲ့ သူတွေကဆို "ဟော့ နာမည်ဆန်းနဲ့နှစ်ယောက်၊ ဘယ်တော့စားရမှာလဲ" မေးတတ်တယ်။

ဒါတွေကို အနှစ်က ပြန်လည်ဖြေရှင်းတာတွေ ဘာတွေ မလုပ်ဘူးဗျ။ ဝန်ခံသလိုလို၊ ငြင်းပယ်မလိုလိုနဲ့ ခပ်မဆိတ် ငြိမ်ငြိမ်တိတ်တိတ်ပဲ နေလေ့ရှိတယ်။

"အနှစ်နဲ့ မနီမာက မြူစိစိနဲ့ပွင့်ပွင့် လင်းလင်းမရှိတာချင်းတူတယ်၊ ဒီလိုလူမျိုးတွေက အခမ္ဘနည်းနဲ့ပဲ ကိုက်တယ်ကွ၊ ငါတောင် မနီမာကို အဲ့ဒီနည်းသုံးတာ အောင်မြင်နေပြီ၊ မင်းလည်း အနှစ်ကို အခမ္ဘနည်းပဲသုံး"





စံဂျူးကတော့ လူသာလဲမယ်၊ လေမလဲဘူး။ လေလုံးတွေက သူနဲ့မလိုက် ခပ်ထွားထွားကြီးတွေ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘက်ကတော့ အနှစ်နဲ့ပတ်သက်လို့ ကျားက သားကောင်ကို ချောင်းသလို ချောင်းနေမိတာတော့ အမှန်ပဲ။ ဒါပေမယ့်

စာမေးပွဲဖြေခါနီးအထိ အခြေအနေက ထူးခြားမလာဘူး။ ကျွန်တော့်ကြိုးစားမှုကပဲ ညံ့ဖျင်းလို့လား၊ ဒါမှမဟုတ် မိန်းမတွေရဲ့ မြဲသိပ်နိုင်စွမ်းကပဲ အားကောင်းတာလား မပြောတတ်။

ခက်တာက ချစ်လို့ချစ်တယ်ပြောရပေမယ့် အနှစ်ဆီက အချစ်ကို အကြွေးတောင်းသလိုမျိုးကြီးတော့ ကျွန်တော်လည်း ခဏခဏ တောင်းမနေချင်ဘူးလေ။

အခုတလော ခြေလှမ်းတွေပျက်ပြီး ယောက်ယက်ခတ်နေတဲ့ ကျွန်တော့်ကို အိမ်ကတောင် ရိပ်မိပြီး စံဂျူးကို ပြောနေသံတွေကြားရတယ်။

"စံဂျူးရေ၊ မင်းသူငယ်ချင်းကတော့ ဘာတွေဖြစ်နေမှန်းကို မသိဘူး၊ နိုင်ငံခြားမသွားပါနဲ့ဆိုတုန်းက သွားမယ်တကဲကဲ၊ အလုပ်လုပ်ပါဆိုတုန်းက မလုပ်ဘူး၊ ခုလုပ်မယ်တပြင်ပြင်နဲ့ သူ့ဟာနဲ့သူ ရှုပ်နေတာပဲကွယ်"

"ဒါတင်ပဲလား အန်တီရယ်၊ သင့်တော်လွန်းလို့ မိန်းမယူပါ၊ ရည်းစားထားပါ၊ ကြိုက်လိုက်ပါဆိုတုန်းက ခေါင်းခါငြင်းတာ၊ အခု အဲ့ဒီကောင်မလေးကို မကြိုက်ပါနဲ့၊ စိတ်မဝင်စားပါနဲ့လို့၊

အကြိမ်ကြိမ်ပြောနေတဲ့ကြားက ကြိုက်သွားလို့ သောကတွေများနေတာလေ"

"ဟော ဟုတ်လား၊ ဆိုစမ်းပါဦး၊ ဘယ်သူလေးလဲ"

"အန်တီ့ညီမ ဒေါ်လေးတို့နေတဲ့ တောင်ငူကပဲ အန်တီရဲ့"

"အင်း ဒါဆို သူ့ဒေါ်လေးကို နည်းနည်းပါးပါးမေးကြည့်ရင် နည်းနည်းပါးပါး အကြောင်းသိနိုင်တယ်"

"အာ အန်တီကလဲ၊ ကောင်မလေးအကြောင်းသိဖို့ထက် လောလောဆယ် ကောင်မလေးအချစ်ရဖို့ သစ်အတွက် ပိုအရေးကြီးနေတယ်"

"ဩော်"

ကျွန်တော့်အိမ်က ကျွန်တော့်နှလုံးသားရေးရာကိစ္စနဲ့ ပတ်သက်လို့ တော်တော်လေးအထင်ကြီးထားပုံရတယ်။ အခြေအနေမဟန်မှန်းသိတော့ ဘာမှ ဆက်မမေးကြတော့ဘူး။

ဒီလိုနဲ့ သင်္ကြန်မကျခင် စာမေးပွဲတွေစစ်လို့ပြီးသွားတယ်။ ကျွန်တော်တို့ဘဝရှေ့ရေးအတွက် ဆုံးဖြတ်ချက်တွေကို အနိုင်အမာချ ဖို့အချိန်လည်း ဖြစ်တယ်။

ကျွန်တော် အနှစ်ကို ထပ်မံချစ်ခွင့်ပန်ရပြန်တယ်။

"အနှစ်ရယ်၊ ကိုယ့်ကိုပြန်ချစ်ဖို့ နည်းနည်းလေးမှ စိတ်ကူးမထားဘူးလား၊ ဟင်!"

"အနှစ်လေ ကိုသစ်ကို ခင်တယ်၊ သံယောဇဉ်ရှိတယ်၊ ဒါပေမယ့် အနှစ် အချစ်ရေးကို မစဉ်းစားချင်ဘူး၊ အိမ်ထောင်ပြုဖို့





လည်း ဒီတစ်သက် စိတ်မကူးဘူး၊ အဲ့ဒါပါပဲ"

"ဟာ အဓိပ္ပါယ်မရှိတာပဲ အနှစ်ရယ်၊ အချစ်ရေးကို စဉ်းစားစရာမလိုပါဘူး၊ ချစ်ရင်ချစ်တယ်၊ မချစ်ရင် မချစ်ဘူး၊ ဒါပဲလေ၊ အိမ်ထောင်ရေးကို စိတ်မကူးတဲ့သူဆိုတာ အိမ်ထောင်ပြုလို့မဖြစ်တဲ့ရောဂါ ရှိလို့ပဲဖြစ်ဖြစ်၊ အာသဝေါကုန်ခမ်းတဲ့ တရားသမားတွေပဲဖြစ်ဖြစ် အဲဒီလို လူမျိုးတွေကမှ"

"ဟင့်အင်း၊ ဘာပဲဖြစ်ဖြစ် အနှစ်အတွက် မဖြစ်နိုင်ဘူး"

"ဒါဆို အနှစ်က ကိုယ့်ကို မချစ်နိုင်ဘူးပေါ့"

"အနှစ် ဟို ကိုသစ်ကို သံယောဇဉ်ရှိပါတယ်"

"အဲဒါ မလိုချင်ဘူး၊ သံယောဇဉ်ကတော့ ကိုယ်တို့အိမ်ကကွက်ကျားအပေါ်တောင် ရှိသေးတာပဲလေ၊ ကိုယ်လိုချင်တာက အနှစ် ကိုယ့်ကို ချစ်တယ်ဆိုတာပဲ၊ ဒါမှမဟုတ် ကိုယ်မလိုချင်တဲ့ မချစ်ဘူးဆိုတဲ့ အဖြေတစ်ခုခုပေါ့"

ကျွန်တော်က ဒီနေ့တော့ အနှစ်ဆီက ပြတ်ပြတ်သားသား အဖြေတစ်ခုခုကို ရအောင်တောင်းမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ အပူတိုက်တယ်။

ကျွန်တော့်ရဲ့ရှုတ်အတင်း မေးခွန်းတွေကြောင့် အနှစ်ရဲ့ မျက်နှာဟာ ပြုံးတော့မည့်မိုးလို ညိုမှောင်လာခဲ့တယ်။

ကျွန်တော်ကလည်း ကျွန်တော့်ရင်ထဲမှာ ခံစားလို့ရနေတာက အနှစ်လည်း ကျွန်တော်ချစ်သလို ချစ်နေမှာပဲလို့။

ဒီလိုအတွေးမျိုးဆိုတာက ကိုယ့်ကိုယ်ကိုယ် အထင်ကြီး

အပိုင်တွက်ပြီးတွေးတာ မဟုတ်ဘူး။ နှလုံးသားက သူ့အလိုလို ခံစားရတဲ့ ခံစားချက်နဲ့ စိတ်ထဲက ထင်တာ။ ဒါကို ကြံ့ဖူးသူတိုင်း နားလည်ပါလိမ့်မယ်။

"ဖြေပါ အနှစ်ရယ်၊ တစ်ခုခုကိုဖြေပါ၊ ကိုယ်ကတော့ အနှစ်ကို ချစ်လွန်းလို့ နှလုံးသားတွေ ပေါက်ထွက်တော့မယ်၊ အနှစ်က ချစ်တယ်ဆို ကိုယ်ပျော်ရတော့မယ်၊ မချစ်ဘူးဆိုရင်လည်း ကိုယ့်နှလုံးသားကို ဆေးကုဖို့ အချိန်ယူပြင်ဆင်ရတော့မယ်၊ ဒီတော့ အခုဖြေပါ"

အနှစ်က ခေါင်းကို ပိုပြီးငုံ့ချသွားတယ်။ ပြီးမှ တုန်ရင်တဲ့ လေသံတိုးတိုးလေးနဲ့ ကျွန်တော် ကြားသာရုံ ဖြေတယ်။

"အနှစ်လေ ကိုသစ်ကို ချစ်တယ်လို့လဲ မဖြေနိုင်ဘူး၊ မချစ်ဘူးလို့လဲ မပြောနိုင်ဘူး၊ ဒါပါပဲ၊ အနှစ် သွားတော့မယ်"

ကျွန်တော် မဟာန့်တားနိုင်ခင်မှာပဲ အနှစ် ပြေးထွက်သွားတယ်။

ဒါ သူ ကျွန်တော့်ကို အနိုင်နဲ့ ပိုင်းသွားခဲ့ပြန်ပြီပေါ့၊



စံဂျူးဆိုတဲ့ မှင်စာလိုကောင်ကို မနာလိုဘူ ပြောရမလား၊ အားကျတယ်လို့ ပြောရမလားပဲ၊ ဒီနေ့ သူနဲ့နီနီမာက ရုံးတက်လက်မှတ်ထိုးပြီး လက်ထပ်ကြတယ်။

အခုတုန်းက နီနီမာ့အစ်မ မခင်မျိုးအေးဆီမှာ မိသားဖသားပီပီ တောင်းရမ်းဖို့သွားကြတာပဲ။ မိဘတွေတော့ မပါသေးဘူးပေါ့။ စံဂျူးနဲ့ အရင်တွေ့ပေးရုံ ဆိုပါတော့။

အဒါ မခင်မျိုးအေးက ခွေးပစ်တဲ့တုတ်လောက်ရှိတဲ့ စံဂျူး ပုံစံကို မြင်ပြီး အပေါ်ယံကြည့် ဆုံးဖြတ်လိုက်ပုံရပါတယ်။ ဒီလို မလောက်လေးမလောက်စားလေးနဲ့ လုံးဝ သဘောမတူဘူးတဲ့လေ။ စွာလိုက်တာ လွန်ပါရော။ ရန်တွေ့လွှတ်တယ်။

"ဒီမှာ နီမာ၊ ငါက အစ်မကြီး အမိအရာပဲ၊ ဒီလို အားကိုး

လောက်စရာ မမြင်တဲ့ ပေါက်စနီးပေါက်စနလူနဲ့ လုံးဝ သဘော မတူဘူး၊ မပေးစားနိုင်ဘူး၊ ဒါပဲ"

မခင်မျိုးအေးက ဝဝတုတ်တုတ် ထောင်ထောင်မောင်း မောင်းနဲ့မို့ မိန်းမရုပ်ဘိုလို့ လိုင်းထဲမှာ နာမည်ကြီးနေတာ။ စံဂျူး ငွေရှာကောင်းတာ၊ အိမ်ထောင်မှုနိုင်နင်းတာ စတဲ့အရည်အချင်း တွေ သူမှ မသိဘဲ။

နီနီမာက ဒါတွေသိလို့ယူမှာ၊ မဟုတ်လို့ကတော့လား။

"နင် မပေးစားလဲ ငါကတော့ယူမှာပဲ"

နီနီမာက လုံးဝ အလျှော့မပေးနိုင်တဲ့လေသံနဲ့ သူ့အစ်မကို ပြတ်ပြတ်သားသား ပြန်ပြောတယ်။

"အေး ငါ့စကားနားမထောင်ဘဲ နင့်သဘောအတိုင်း ထင် ရာလုပ်သွားလို့ကတော့ အမွေပြတ်ပဲဟေ့ သိရဲ့လား'"

"ပြတ်ချင်ပြတ်၊ နင့်မှာ ဘာအမွေများ ပေးစရာရှိလို့လဲ၊ ငါယူမယ့် စံဂျူးက သေးတာကလွဲပြီး အားလုံးကောင်းတယ်၊ စီးပွားလည်း အရှာကောင်းတယ်၊ ထမင်းဟင်းလဲ အချက်ကောင်း တယ်၊ နင့် ယောကျ်ားထက် အများကြီးသာတယ်၊ သိရဲ့လား"

"အမလေးဟဲ့ မွန်နေပြီ၊ မိနီမာတို့ မွန်နေပြီ၊ ဘာမှမမြင် တော့ဘူး၊ အဖမ်းစား၊ အပြုစားခံနေရပြီ"

"ငါ ကလေးမဟုတ်ဘူး မမမျိုး၊ ဘာမှ မွန်စရာအကြောင်း မရှိဘူး။ မွန်နေတာကနင်၊ နင့်ယောကျ်ားက ရုပ်ကလေးပဲချောတာ၊ ရှိုးများနေတာ၊ သူရှာတာ မစားလောက်လို့ နင်ပါ အလုပ်ထွက်လုပ်





နေရတာ မဟုတ်လား၊ ဒါတင်မက အိမ်ပြန်လာရင် နင် ချက်ရ ပြုတ်ရ၊ လျှော်ရ၊ ဖွတ်ရသေးတယ် မဟုတ်လား၊ ဟင်း"

ညီအစ်မနှစ်ယောက် ငယ်ကျိုးငယ်နာတွေဖော်ရင်း ရန်ဖြစ်နေကြလို့ နီနီမာကို ဆွဲခေါ်ပြီး ပြန်ခဲ့ကြရတယ်။ ကြာရင် လုံးသတ်ကုန်လိမ့်မယ်။

နီနီမာကလည်း လူကြီးသလောက် စိတ်ကြီးတယ်။ စံဂျူး အပေါ် ဘယ်လောက်အထိ ယုံကြည်စိတ်ချထားသလဲမသိဘူး။ ဟော ချက်ချင်းပဲ ရုံးတက်လက်ထပ်လိုက်တယ်။ ပြီးရော။

"ငါ ပြောထားတာထက်တောင် ပိုမြန်နေသေးတယ် မဟုတ်လား ငသစ်၊ ဟဲ ဟဲ ဟဲ ဟဲ၊ ငါတို့က မင်းနဲ့အနှစ်လို မြဲစိစိမဟုတ်ဘူးဆိုတာ ယုံပြီမဟုတ်လား'"

စံဂျူးက သောက်ညင်ကပ်စရာကောင်းလောက်အောင် ကိုပဲ မြောက်ကြွကြွနိုင်နေတယ်။ တိုက်ပုံနဲ့ပုဆိုးနဲ့မို့ ရုပ်က ကလေး မသာရုပ်။

"အနှစ်ရေ၊ နင် တောင်ငူကအိမ် မပြန်ဘဲ ဒီမှာ အလုပ်ဝင် တော့မယ်ဆိုလဲ ငါနဲ့ပဲ နေရမယ်နော်၊ နင်တစ်ယောက်ထဲ အဆောင်မှာ ကျန်နေခဲ့မှာကိုတော့ ငါ ကြည့်မနေနိုင်ဘူး"

"ရပါတယ် နီမာရယ်၊ ဘဝဆိုတာ ဒီလိုပဲပေါ့၊ အချိန်တန် ရင် ကိုယ့်လမ်းကိုယ်လျှောက်ကြရတာ မမွှတာပဲဟာ"

"ဒါတော့ ဒါပေါ့၊ ငါပြောချင်တာက နင့်ကို ငါတို့ဆီမှာ တစ်သက်လုံးနေဖို့ပြောတာ မဟုတ်ဘူး၊ အခြေမကျခင်ကာလလေး

အတွက်ပြောတာ"

"မနီမာပြောတာ ဟုတ်သားပဲ အနှစ်ရဲ့၊ လောလောဆယ် ကျွန်တော်တို့နဲ့ပဲ နေပါ၊ အခန်းလဲ နှစ်ခန်းရှိတဲ့ဥစ္စာ၊ နောက်ပိုင်း အနှစ်လဲ အိမ်ထောင်ကျ၊ ကျွန်တော်တို့လဲ ကလေးတွေတစ်ယောက် ပြီး တစ်ယောက်ရလာရင် အတူနေချင်ပါတယ်လို့ ဆိုရင်တောင် မနေရတော့ပါဘူး"

"မင်းကတော့ တကယ့်ကောင်ပဲ စံဂျူး၊ ဒီနေ့မှ လက်ထပ်ပြီးရုံရှိသေး၊ ကလေးရဖို့ပြောနေပြီ"

"ဒါပဲလေ၊ မင်း ဘာမှ နားမလည်ပါဘူး သေစ်ရာ"

စံဂျူးက ကျွန်တော့်ကို ဘာမှနားမလည်ဘူးပြောပေမယ့် ကျွန်တော် နားလည်နေတယ်။ သူတို့က ကျွန်တော့်ကို အနှစ်နဲ့ နီးစပ်ဖို့ အမျိုးမျိုးကြံစည် ကြိုးစားပေးနေကြတာ၊ အနှစ်သာ သူတို့နဲ့အတူနေရင် ကျွန်တော်ကလဲ သူငယ်ချင်းဖြစ်တဲ့ စံဂျူးဆီ လာတိုင်း တွေ့ရအောင်ပေါ့။

"အဲဒီ ကိုမျိုးမင်းဆိုတဲ့လူဟာလေ၊ အရေးအကြောင်းဆို ဘယ်တော့မှ ရောက်မလာဘူး၊ သူ့ကို အားကိုးရရင်ခက်ပြီ"

လူကြီးသူမတွေကို လက်ဖက်ရည်ပွဲတိုက်ပြီးတဲ့အထိ ပေါ် မလာတဲ့ ကိုမျိုးမင်းကို မကြည်အေးက ဟာဖျစ်တောက်တောက်ပြော တယ်။

ဒီနေ့တစ်နေ့လုံး မင်္ဂလာထမင်းစားပွဲအဖြစ် မနက်စာရော ညစာကိုပါ စံဂျူးက ကျွေးတယ်။





စံဂျူးမိဘတွေက မင်္ဂလာဆောင်ကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားလုပ်မပေးရတဲ့အတွက် နေစရာတိုက်ခန်း၊ လုပ်ငန်း အတွက် ရင်းနှီးငွေကို လက်ဖွဲ့အဖြစ်ပေးတယ်။

ကျွန်တော် ချစ်ရတဲ့ အနှစ်လည်း နီနီမာ့လို ပြတ်ပြတ် သားသား၊ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ရဲတဲ့သတ္တိနဲ့ ချစ်သူအပေါ် အလုံးစုံ ယုံနိုင်စွမ်းတဲ့စိတ်မျိုးရှိရင် သိပ်ကောင်းမှာပဲ။

အခုတော့ ကျွန်တော့်မှာ မတင်မကျနဲ့ညညအိပ်မရဖြစ်နေ ရတာ။ အနှစ်ပြောပုံကိုလည်း ကြည့်ဦး။ ကျွန်တော့်ကို ချစ်တယ် ဆိုတဲ့အဖြေမျိုးလဲ မပေးနိုင်သလို မချစ်ဘူးလို့လဲ မပြောနိုင်ဘူးတဲ့။

ဒီကိစ္စမျိုး ကြားဖူးကြရဲ့လား။

"ဟိုမှာဟော့၊ မျက်လုံးပြူးမျက်ဆံပြူးနဲ့ ကိုမျိုးမင်းကြီး လာ နေပြီ"

နီနီမာ လှမ်းပြောလိုက်သံကြောင့် ကျွန်တော့်အတွေးစ တွေ ပြတ်သွားရတယ်။ ကိုမျိုးမင်းကြီးခမျာ မနက်စာ သွားစား ခါနီးလေး အမီရောက်လာလို့ တော်သေးတာပေါ့။

"ဒီနှင်း တော်တော်ဒုက္ခပေးတယ်၊ မနက်ကတည်းက နှင်းတွေပိတ်နေပြီး သဗ္ဗန်စီးရင်း ဘာမှမမြင်ရဘူး၊ အရေးထဲ စက်ကရပ်သွားတော့ ရေလယ်မှာ ပတ်ချာလည်နေခဲ့တာ၊ ပြီးတော့ ကြည့်မြင်တိုင်ကမ်း ရောက်သွားရော"

ရန်ကုန်ဆောင်းတပြီးလို့ နေ့ခင်းပူတဲ့ ဖေဖော်ဝါရီလ ဆောင်ကုန်ပြီ။ တစ်ခါတလေ နှင်းကျတဲ့မနက်တွေ ရှိသေးတယ်။

"ကိုမျိုးမင်း၊ မိန်းမယူမယ်စိတ်ကူးရင် ရန်ကုန်သူစိတ်မကူးနဲ့၊ ဒီပုံအတိုင်းဆို ပြဿနာတက်နိုင်တယ်"

"ဘယ်က မိန်းမခု ယူဖို့စိတ်ကူး မရှိဘူးကွ၊ မင်းတို့သာယူကြ၊ ငါ အားပေးတယ်၊ ငါက မင်းတို့ရဲ့ခမ်းနားတဲ့မင်္ဂလာပွဲကိုတက်ချင်တာ၊ စံဂျူးတော့ ပြီးသွားပြီ၊ ကိုသစ်တို့နှစ်ယောက်ကျရင်သေချာလုပ်ကွာ"

ကိုမျိုးမင်းက အရိပ်သုံးပါးနားမလည် ပြောချင်ရာပြောတုန်းပဲ။ ကျွန်တော့်မှာ အသနားခံတဲ့မျက်ဝန်းမျိုးနဲ့ အနှစ်ကိုလှမ်းကြည့်မိတယ်။

အနှစ်က မသိချင်ယောင်ဆောင်ရင်း ခပ်ဝေးဝေးကို ငေးနေတယ်။

အချစ်ကို အကြွေးတောင်းသလို မတောင်းချင်တဲ့ကျွန်တော် မားပြတိုက်သလို တိုက်ယူရတော့မှာလား။



အနှစ်တို့ ပြောင်းတော့ ကျွန်တော့်အိမ်က ကားကိုယူပြီးပြောင်းကူပေးတယ်။

"မနေချင်ရင် ချက်ချင်းပြောင်းလို့ ရတာပဲ၊ စံဂျူးဆိုတာကိုယ့်မောင်လေးပဲဥစ္စာ၊ အဆောင်ထက်စာရင် နေရတာ ပိုအဆင်ပြေတာပေါ့ အနှစ်ရယ်"

ဆိုပြီး မကြည်အေးကိုယ်တိုင်ကပါ ဝိုင်းတိုက်တွန်းတော့အနှစ်မငြင်းသာဘဲ နီနီမာတို့နဲ့ လိုက်ပြောင်းနေဖို့ လက်ခံလိုက်ရတယ်။

"ကိုသစ်လဲ ပင်ပန်းနေပါပြီ၊ အားနာတယ်"

ပစ္စည်းတွေ နေရာချပြီး စံဂျူးနဲ့နီနီမာတို့ တိုက်ခန်းမှာအနား ယူထိုင်ကြတုန်း အနှစ်က ကျွန်တော့်ကို ပြောတယ်။

"အားနာတယ်ဆိုတဲ့စကားမျိုးတော့ မပြောနဲ့ အနှစ်၊ ဒီလု ဒီလူတွေက အားနာစရာလား၊ အနှစ်မဟုတ်ဘဲ နီမာဖြစ်ဖြစ် မကြည်အေးဖြစ်ဖြစ် တခြား ဘယ်အပေါင်းအသင်းဖြစ်ဖြစ် ဒါလောက်လေးက ကူညီရမှာပဲလေ"

"ငသစ်ပြောတာဟုတ်တယ်၊ အနှစ်က ကျွန်တော်တို့ အားလုံးကို သိပ် သူစိမ်းဆန်တာပဲ၊ ဘာမဆို ရင်းရင်းနှီးနှီး တိုင်တိုင် ပင်ပင် မရှိဘူးလို့ ထင်တယ်"

"မဟုတ်ပါဘူး စံဂျူးရယ်၊ ဒီ ဆယ်စုနှစ်တစ်စုအတွင်းမှာ ဒီအဖွဲ့ကိုပဲ အနှစ် အခင်ဆုံးနဲ့ ပျော်ရွှင်မှုအရဆုံးပါ"

"ကျွန်တော်နဲ့ မနီမာကိုတော့ ခင်တာထက် မပိုလည်း ရပါတယ်၊ ပိုသင့်တဲ့လူကိုသာ ပိုလိုက်၊ ကဲ ငသစ်ကို အနှစ်ပဲ ညှော်ခံစကားပြောနေနော်၊ ညနေစာအတွက် ကျွန်တော်နဲ့မနီမာ မီးဖိုချောင် ဝင်လိုက်ဦးမယ်"

"အေး၊ မနီ ကြက်သွန်နွှာပေးမယ်"

စံဂျူးနဲ့နီနီမာက ဘယ်တော့မှမရိုးတဲ့နည်းနဲ့ ကျွန်တော် တို့ကို ရှောင်ပေးသွားတယ်။

ခက်တာက ကျွန်တော့်မှာ စံဂျူးလို အနာသိတဲ့ဆေး မရှိ တာ ခက်နေတယ်။ အနှစ်ဆီက အချစ်ကိုရဖို့အခါအခွင့်သင့်တိုင်း တောင်းနေတာပဲ။ အနာနဲ့ဆေးက မတွေ့သေးဘူး။

အနုကြမ်းစီး၊ ကားတင်ပြေး၊ ဓားပြတိုက် လုပ်ရုံပဲ ကျန် တော့တယ်။ ဟုတ်တယ်။





"ဟိုလူ့အားနာ၊ ဒီလူ့အားနာ၊ သေးသေးဖွဲ့ဖွဲ့ သေးလည်း အားနာ၊ ဘာမဆိုအားနာနဲ့ ကိုယ့်ကိုကျတော့ အားနာပါးနာလေး တောင် ပြန်ချစ်ဖို့ စိတ်မကူးတော့ဘူးလား အနှစ်ရယ်"

အနှစ်က စကားတစ်ခွန်းမှ ပြန်မပြောဘဲ စိုးရိမ်ထိတ်လန့် မှုများတဲ့ ယုန်သူငယ်ရဲ့ မျက်ဝန်းမျိုးနဲ့ ကျွန်တော့်ကို မော့ကြည့်နေ တယ်။ ရှည်လျားတဲ့ မျက်တောင်တွေ ဝိုင်းခြံရံထားတဲ့မျက်ဝန်း နက် ရွှဲရွှဲကြီးတွေက ကျွန်တော့်ရင်ကို လှုပ်ရှားလှိုင်းထန်စေတယ်။

ကျွန်တော် ဒီထက်ပိုပြီး အနှစ်ကို စိတ်မရှည်နိုင်တော့ဘူး။ တစ်ယောက်ထဲ ထိုင်နေရာကနေ အနှစ်ရှိတဲ့ခုံကို ရွှေ့ထိုင်လိုက် တယ်။

"ကိုယ့်ကို မချစ်ဘူး ပြောရမှာ အားနာနေတာလား ဟင်"

"အနှစ်ကို ဘာမှ မမေးပါနဲ့ ကိုသစ်ရယ်၊ အနှစ် ဘာကိုမှ မဖြေချင်ဘူး၊ ဘာမှ မဖြေပါရစေနဲ့"

"ဒါဆို ကိုယ်က ဘယ်လိုနေရမှာလဲ၊ ကိုယ် အနှစ်ကို သိပ်ချစ်တယ်ကွာ၊ ဒီလိုပုံမျိုးနဲ့တော့ ဘယ်လိုမှ မနေနိုင်ဘူး၊ ကိုယ့်ကို တကယ်ပဲ မချစ်နိုင်တာလား'"

"ဟင့်အင်း"

"ဘာလဲ! ဒါဆို ဘာလဲ! ကိုယ့်ကိုချစ်တယ်ပေါ့၊ဒီလိုလား"

အနှစ်က ခေါင်းညိတ်ခေါင်းခါ မလုပ်သလို ပါးစပ်က လည်းမပြောဘဲ ခေါင်းကို ပိုင့်လိုက်တယ်။ ဒီအခွင့်အရေးကို ကျွန်တော် ဘယ်လိုမှ လက်လွှတ်ခံလို့ မဖြစ်ဘူး။ ဟုတ်တယ်

မဟုတ်လား ကိုယ့်ဆရာရယ်။

ကျွန်တော် အနှစ်မေးဖျားလေးကို ဆွဲယူမော့စေလိုက်တယ်။

အဲ့ဒီအခါကျမှ ကျွန်တော် လုံးဝ မထင်မှတ် မျှော်လင့်မထားတဲ့ မြင်ကွင်းလေးကို မြင်တွေ့လိုက်ရတယ်။

"ဟင်!"

အနှစ် မျက်ဝန်းမှာ မျက်ရည်တွေနဲ့ပြည့်လျှံနေပါလား။ မျက်ခမ်းမှာ တွဲလွဲခိုနေတဲ့ မျက်ရည်ဥသီးတွေဟာ မကြာခင် အနှစ်ပါးပြင်ပေါ်ကို တာကျိုးသလို ဒလဟော လိမ့်ဆင်းကျလာတယ်။

"ဘာဖြစ်လို့လဲ အနှစ်ရယ်၊ မငိုပါနဲ့၊ ကိုယ့်ကြောင့် စိတ်ဆင်းရဲနေပြီလား၊ ဒါဆို နောက် ကိုယ် ဘာမှ မမေးတော့ပါဘူး"

ကျွန်တော် ချစ်တဲ့မိန်းကလေးက ကျွန်တော့်ကိုလည်း ချစ်နေတယ်လို့ စိတ်ကအလိုလိုခံစားသိနေရက်နဲ့ ဘဝင်မကျနိုင်ဖြစ်နေရတာ ဘာကြောင့်များလဲ။

ဒါပေမယ့် အနှစ်မျက်ရည်ကျတာမြင်ရတော့ ကျွန်တော့်ရင်ထဲမှာ သိပ်ပူလောင်တယ်။

ကျွန်တော် ဘာမှမလုပ်တတ်တော့ဘဲ ရင်ထဲမှာ ဗလောင်ဆူနေတာပဲ သိတယ်။ ချစ်သူမဟုတ်တဲ့ ချစ်သူကို ဘယ်လိုချော့ရပါ့မလဲ နော်။

ကျွန်တော် တွေဝေနေစဉ်မှာပဲ အနှစ်က ကျွန်တော့်ရင်မှာ မျက်နှာအပ်ပြီး ဝမ်းပမ်းတနည်းငိုရှိုက်ရင်း တင်းတင်းကျပ်ကျပ်





ဖက်ထားတယ်။

"ကိုသစ်ရယ်"

အနှစ်ဆီက မသဲမကွဲ တိုးသဲ့သဲ့ ရေရွတ်သည်းညူသံလေးကို ကြားရတယ်။

ကျွန်တော် ဘာမှ မစဉ်းစားချင်တော့ဘူး။ ဘာမှလည်း မသိတော့ဘူး။ ကျွန်တော် အနှစ်ကို နွေးနွေးထွေးထွေးလေး ပြန်ဖက်ထားလိုက်တယ်။

မီးဖိုချောင်ထဲက စံဂျူးရဲ့ရေတတ်ဆုံထောင်းသံ တဒုန်းဒုန်းက ကျွန်တော့်ရင်ခုန်သံနဲ့ ပြိုင်နေတယ်။ ပြီးတော့ နီနီမာရဲ့ "နင်တောချင်ပြီလား" ဆိုတဲ့ အသံကိုလည်း ကြားနေရတယ်။ ဟိုကောင် ဘာလုပ်လိုက်လဲ မသိဘူး။

မထူးပါဘူး၊ ကျွန်တော်လည်း ရင်ခွင်ထဲက အနှစ်ကို ငုံ့ကြည့်လိုက်ရင်း စားပွဲပေါ်က တစ်ရှူးတစ်ထုပ် ယူပေးလိုက်တယ်။ အနှစ်က မျက်ရည်တွေကို ပွတ်သုပ်ရင်း ရှက်ရှက်နဲ့ကျွန်တော့်ရင်ခွင်ထဲက ရုန်းထွက်ဖို့ကြိုးစားတယ်။

ကျွန်တော်ကလည်း ရင်ခုန်သံမြန်နေတဲ့ နှလုံးသားရဲ့ အလိုဆန္ဒနောက်ကို လိုက်ဖို့ကြိုးစားမိတယ်။

ဒါနဲ့ မျက်ရည်တွေ ခမ်းခြောက်သွားပြီဖြစ်တဲ့ အနှစ်ရဲ့ ပါးပြင်နှစ်ဖက်ကို မက်မက်မောမောနမ်းရှိုက်လိုက်ပါတယ်။

"အို!"

အနှစ်ရဲ့နှုတ်ခမ်းနှစ်လွှာလေး ခပ်ဟဟပွင့်ပြီး 'ဝ'လုံးလေး

လို ဖြစ်သွားတယ်။ ကျွန်တော့်နှလုံးသားခုန်နှုန်း ရေဆုအမှတ်ဟာ ဂိတ်ဆုံးရောက်သွားပါပြီ။

အဲ့ဒီ နှုတ်ခမ်းလေးကိုလည်း ကျွန်တော်။

"ဟင့် အင်း"

အနှစ်ဆီက ဘာသံမှ ထပ်ထွက်မလာနိုင်တော့ပါဘူး။

တလောကလုံး ငြိမ်သက်တိတ်ဆိတ်သွားတယ်။ အရာအားလုံးကို ခဏမေ့သွားတယ်။

စံပျိုးရဲ့ ရေတိဆုံသောင်းသံ တဒုန်းဒုန်းကိုပဲ တစ်ချက်တစ်ချက် ကြားနေရတော့တယ်။



နှလုံးသားလေးက လတ်ဆတ်နုပျိုနေတယ်။

ချစ်ခြင်းကြောင့် ခုန်နေတဲ့ရင်ခုန်သံဟာ ဘယ်တော့မှ ရပ်တန့်မသွားတော့ဘူး ထင်ပါရဲ့။

ခုတော့

အနှစ်ကိုချစ်တဲ့ချစ်ခြင်းကို ဘာနဲ့မှ တားဆီးမရနိုင်ဘူးလို့ ကျွန်တော် ထင်တယ်။

တိတ်ဆိတ်တဲ့ညတွေကို ဖြတ်ကျော်ရင်း အိပ်မက်သစ်တစ်ခုဆီကို ကျွန်တော် ခြေလှမ်း ထပ်လှမ်းနေမိတယ်။

ကျွန်တော့် သူ့ကို ပိုင်ဆိုင်ချင်တယ်။ ဒီအတွက် ဘာမဆို ရင်ဆိုင်ဖို့လည်း အသင့်ပဲ။

မနေ့က အဖြစ်အပျက်က ကျွန်တော့် အာရုံတစ်ခုလုံးကို

ခုနှစ်ဆင့်ကြယ်စာပေ

သိမ်းကျုံးဆွဲယူထားတယ်။

ခပ်ရိုင်းရိုင်းပြောရရင် ကျွန်တော် စမြုံ့ပြန်နေတယ်ပဲဆိုပါတော့။ ဒါနဲ့ ဒီနေ့တစ်နေ့လုံး အပြင်မထွက်ဘဲ အခန်းအောင်းနေမိတယ်။ အင်း မျက်နှာပူတာလဲ ပါတာပေါ့။

"သွေးသစ်ရေ၊ အခန်းထဲက မထွက်နဲ့၊ ရေလည်းမချိုးနဲ့ ဆိတ်သားနှပ်နဲ့ ထမင်းလည်း လာမစားနဲ့၊ ကြားလား"

အခန်းဝကနေ မချိုမာက လှမ်းအော်သွားတယ်။ မနက်ကတည်းက ကျွန်တော့်ကို ရေချိုးခိုင်းနေတာ။ ကျွန်တော် ဘာမှလုပ်ချင်စိတ်မရှိဘဲ တွေးနေချင်တာနဲ့ ပေကပ်ကပ်လုပ်နေတာ၊

အခု ကျွန်တော့်ကို ရွဲ့ပြီး ပြောင်းပြန်တွေ ပြောသွားတယ်၊ နာရီကိုကြည့်လိုက်တော့ နေ့လည်တစ်နာရီခွဲနေပြီ။ စမ်းထဲက ပိုးတွေက ဆိတ်သားနှပ်ဟင်းအသံကြားတာနဲ့ ခေါင်းထောင်လာကြတာပေါ့။

ကျွန်တော် အခန်းထဲကထွက် ရေချိုးပြီး ထမင်းစားတယ်။ အားလုံးက ကျွန်တော့်ကို မျက်စောင်းဝိုင်းထိုးကြရော။ နဂါးတွေသာဆို ကျွန်တော် ပြာတောင် ကျန်မှာ မဟုတ်ဘူး။

"စံဂျူးကို သူ့မိန်းမခေါ်ပြီး လာခဲ့ဦးလို့ ပြောလိုက်၊ တစ်ခုခုလုပ်စားရအောင်"

မေမေက မီးဖိုထဲ လှမ်းဝင်လာရင်း ပြောတယ်။ ကျွန်တော် ထမင်းစားတာမြင်မှ မေမေလည်း စိတ်အေးတာ။ ဒါဟာ မိဘမေတ္တာ မဟုတ်လား။





"ကျွန်တော့်ကောင်မလေးပဲ အရင်ခေါ်လာမယ်"

"အမယ်လေး၊ ခေါ်လာပြနိုင်လို့ကတော့ လာစမ်းပါ၊ မင်္ဂလာပွဲကို မင်းတို့တောင်းဆိုတဲ့အတိုင်းကို လုပ်ပေးဦးမှာ"

ကျွန်တော့်အစွမ်းအစကို သိလို့လား မသိဘူး။ မေမေက ရဲရဲကြီး အာမခံ ပြောနေတယ်။

"စိတ်ချ၊ အင်္ဂါဂြိုဟ်ပေါ်ဖြစ်ဖြစ် လကမ္ဘာမှာပဲဖြစ်ဖြစ် မင်္ဂလာကို သွားဆောင်ဦးမှာ၊ မေမေတို့ချွေးမအချောအလှ အကောင်းစားလေးကို အိမ်ခေါ်လာပြမယ်၊ ကြည့်နေ"

ကျွန်တော်က လေကို တစ်စက်မှ မလျှော့ဘူး။ မဝေးတော့တဲ့ ကျွန်တော့်ရဲ့ချစ်အနာဂတ်က တရွေ့ရွေ့နီးကပ်လာနေပြီ မဟုတ်လား။

"စံဂျူးက မေမေနဲ့ ဖေဖေ့ကို လာကန်တော့ဦးမယ်လို့ မှာလိုက်တယ်"

"အေး၊ မေမေတို့ကလည်း စံဂျူးကို ဘာလက်ဖွဲ့ရရင် ကောင်းမလဲ စဉ်းစားနေတာ"

"ကလေးကစားကွင်းလေးတစ်ခုဆို အကောင်းဆုံးပဲ၊ စံဂျူးရော၊ နီမာရော နှစ်ယောက်စလုံး ကလေးစိတ်၊ သူတို့ ကလေးတွေ ရလာရင် ရောဆော့လို့ ရတာပေါ့"

ကျွန်တော့်စကားကြောင့် မေမေ ရယ်တယ်။ ကျွန်တော် ထမင်းစားနေတုန်း မေမေ စကားလာပြောတာကို ဒီတစ်ခါတော့ တကယ်ကျေးဇူးတင်တယ်။ မဟုတ်ရင် အတွေးတွေနဲ့ အပျော်လုံး

ဆို့ပြီး စားဝင်မှာ မဟုတ်ဘူး။

ဒါပေမယ့်

စိတ်ကူးနဲ့ ရူးခဲ့ရတဲ့ ဒီအပျော်တွေက ကြာရှည်မခံပါဘူး။ နှစ်ဆယ့်လေးနာရီကျော်လွန်သွားပြီဖြစ်တဲ့ နောက်တစ်နေ့မှာ ကျွန်တော် စံဂျူးတို့အိမ်ကို ရင်တုန်လှုပ်ရှားစွာ ရောက်လာခဲ့တယ်။

အိမ်ရှေ့တံခါးဝရောက်တော့ ရေတံဆုံထောင်းသံ တဒုန်းဒုန်းကိုကြားရလို့ ကျွန်တော် ပြုံးလိုက်မိသေးတယ်။ ဘာတွေများ ဒီလောက် ထောင်းနိုင်သလဲ မသိပါဘူး။

ပြီးတော့ တစ်ဆက်တည်းမှာ ရေတံဆုံထောင်းသံ တဒုန်းဒုန်းနဲ့အတူ အပြိုင်ရင်ခုန်ခဲ့ရတဲ့ အချိန်လေးကို သတိရလိုက်တော့ ကျွန်တော့် တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွားတာပေါ့။

လူခေါ်ခေါင်းလောင်းနှိပ်ပြီး မကြာခင်မှာပဲ တဒုန်းဒုန်းသံ ရပ်သွားပြီး တံခါးလာဖွင့်သံကြားရတယ်။

"အမြင်ကပ်စရာကောင်းတာဟာ၊ ခုမှပေါ်လာတယ်"

"အဟဲ"

စံဂျူးက ကျွန်တော့်ကိုမြင်တာနဲ့ ဆီးပြောတော့တာပဲ။ ကျွန်တော် ဘာမှန်းမသိဘဲ ဟဲခနဲ လုပ်ရယ် ရယ်လိုက်တယ်။

"ရယ်နေ၊ ရယ်ပြီးရင် ငိုရလိမ့်မယ်"

"ဘာလဲ မှင်စာရာ၊ ပြဿနာမရှာစမ်းပါနဲ့၊ မင့်မဟောသီ ဒေဝီရော"

"အနှစ်ကို ဘူတာလိုက်ပို့တယ်"





"ဘာ!"

ကျွန်တော် ထိတ်လန့်တကြား အော်လိုက်မိတယ်။ တစ်ခုခုတော့ မှားနေပြီ။

"တောင်ငူပြန်သွားတာ"

"ဟာကွာ"

"မင်းကို ပြောချိန်မရလို့ကွာ၊ မနီမာပြန်လာမှ မင်းအိမ်ကို အတူလာရင်း ပြောမယ် စိတ်ကူးထားတာ၊ အန်တီတို့နဲ့လဲ တွေ့ရအောင်ပေါ့"

စံဂျူး ပြောစကားတွေက ကျွန်တော့် နားထဲကို မဝင်ပါ။ ရင်ထဲမှာ ဗလောင်ဆူနေတာပဲ သိတယ်။

"ငါ ငါ့ကိုများ စိတ်ဆိုးသွားတာလားကွာ"

"မင်းကို စိတ်ဆိုးရအောင် မင်းက ဘာလုပ်ထားလို့လဲ"

စံဂျူးအမေးကို ကျွန်တော် ဘာပြန်ဖြေရမှန်း မသိဘူး။ ကျွန်တော့်အထင်ကတော့ ကျွန်တော့်ကို စိတ်ဆိုးသွားပြီလို့ ထင်တာပဲ။

"မနေ့ညက သူ့အိမ်နဲ့ ဖုန်းပြောပြီး မျက်နှာမကောင်းဘူးကွ၊ မင်းကို စိတ်ဆိုးလို့ပြန်တာ မဟုတ်လောက်ပါဘူး၊ မှန်မှန်ပြောစမ်း၊ ဒီလောက် တုန်လှုပ်သွားပုံထောက်ရင် မင်း မဟုတ်တာတစ်ခုခုတော့ လုပ်လိုက်ပြီ ထင်တယ်"

စံဂျူးက ကျွန်တော့်ကို အစ်တယ်။

ကျွန်တော် ဘာစကားမှ ပြန်မဖြေနိုင်ဘဲ အရုပ်ကြိုးပြတ်

ထိုင် ချလိုက်တယ်။ ရင်ထဲမှာ ပူလောင်လိုက်တာ။ ဟိုနေ့က ရင်ခုန်လိုက်ဖို့ခဲ့ရတဲ့ခံစားချက်တွေ ဘယ်ရောက်သွားမှန်း မသိဘူး။

ဪ မိန်းကလေးတစ်ယောက်ကို ချစ်မိရတာ ဒီလောက်အထိ ပင်ပန်းစေသလား။

ကျွန်တော် မတွေးတတ်တော့ပါ။



ကျွန်တော် အဲ့ဒီနေ့က အိမ်မပြန်ဖြစ်တော့ဘဲ စံဂျူးအိမ်မှာ နေ့လယ်ကတည်းက လဒမှိုင်မှိုင်ရင်း ထိုင်ငေါင်နေမိတယ်၊

ထီပေါက်ပြီး ထီလက်မှတ်ပျောက်ရင်တော့ ဘယ်လိုနေမယ် မသိဘူး။ ကျွန်တော့်မှာတော့ အဲ့ဒီထက် ပိုဆိုးတဲ့ဝေဒနာကို ခံစားနေရတယ်။

မိန်းကလေးတွေအတွက် ဒီလိုဝေဒနာမျိုးဟာ အခန်းတံခါးပိတ်၊ အိပ်ရာပေါ်ခွေ၊ ထမင်းမစားဘဲ ကျိတ်ဆွေး၊ ငိုကြွေးလုပ်ကြပေမယ့် ကျွန်တော်တို့ယောကျ်ားတွေအတွက်ကတော့ အရက်နဲ့ နပမ်းလုံးကြရတာ များတယ်။

"ငါ အရက်သောက်ချင်တယ် စံဂျူးရာ"

"သောက်ပေါ့"

"မှုပုနွေးနွေး မိန်းမရခါစ မင်းကိုလည်း အဖော်မခေါ်ချင်ဘူး၊ တစ်ယောက်ထဲ ကျပြန်တော့လည်း စိတ်ညစ်လို့ သောက်ပါတယ်၊ ရင်ဖွင့်စရာလူမပါရင် အဆင်မပြေပြန်ဘူး"

"မနီမာက ရပါတယ် သေစ်ရ၊ မင်းလည်း သူ့အတွက် သူငယ်ချင်းပဲ၊ ငါ အဖော်လိုက်ပေးပါ့မယ်"

"ကိုမျိုးမင်းကို ဖုန်းဆက်ခေါ်မယ်ကွာ"

"ဟော့ကောင် သေစ်၊ လုပ်မနေနဲ့၊ အိမ်မှာပဲသောက် ဒါမှ ငါထိန်းပေးလို့ရမှာ ဆိုင်မှာဆို မင်းမူးရင် ငါရှက်တယ်၊ မင်းက သွေးဆိုးတယ်"

ဒါတော့ ဟုတ်တယ်။ ကျွန်တော်က မူးရင် သွေးဆိုးတယ်။

"နီမာ့ကို အားနာတယ်ကွ"

"အားနာမနေနဲ့ ကိုသစ်၊ နင်တို့ပါးစပ်နဲ့ နင်တို့သောက်တာ၊ မူးရင်သာ မနီကို ဒုက္ခမပေးနဲ့၊ အိမ်မှာပဲသောက်၊ ဒါပဲ"

ကျွန်တော်တို့ပြောတာကို နီနီမာ ကြားသွားပြီး ဝင်ပြောတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက် ထွက်ပေါက်တစ်ခုရသွားတာပေါ့ဗျာ။

အချစ်ဆိုတာ တစ်ခါမက ရူးသွပ်စေတယ် မဟုတ်လား။

ဒါနဲ့ ကျွန်တော် ဘာမှစဉ်းစားမနေတော့ဘဲ စိတ်ရဲ့ ထွက်ပေါက်အဖြစ် အဝင်ဆိုးတဲ့သေရည်ကို စိတ်အလိုလိုက်ပြီး သောက်မိတယ်။

"ရော့ သောက်ကွာ၊ သောက်ဆိုတိုင်းလည်း ပုဆိုးမနိုင်





ဘာမနိုင် မသောက်နဲ့ဦး၊ ချင့်ချိန်သောက်"

"ချင့်ချိန်သောက်ရအောင် အပျော်သောက်နေတာမှ မဟုတ်တာ၊ မမူးမချင်းသောက်မယ်ကွာ၊ ဒါပဲ"

"အေး သောက်ကွာ၊ ငါတော့ နည်းနည်းပဲ သောက်မယ်"

"များများသောက်ချင်လို့ရမလား၊ နင်လို တစ်ဆုပ်စာလောက် အကောင်ကို ယူထားတာ၊ ထမင်းချက်အဝတ်လျှော် အရည်အချင်းတွေရှိနေလို့သိရဲ့လား စံဂျူးရဲ့၊ ဒီအထဲက မူးမူးရူးရူး လုပ်လာလို့ကတော့ နင် အတောပဲ"

စကားမပီတဲ့ နီနီမာ့လေသံကြောင့် စိတ်ညစ်နေတဲ့ကြားက ကျွန်တော် ပြုံးမိသွားရတယ်။

"ပြောရက်လိုက်တာ မနီမာရယ်"

စံဂျူးက ဝမ်းနည်းသံလုပ်ပြီးပြောတယ်။ ကျွန်တော်က

"နီမာ့သူငယ်ချင်းက တော်တော်ရက်စက်တာပဲဗျာ"

"ရက်စက်တာတော့ မဟုတ်ဘူးပေါ့ ကိုသစ်ရယ်၊ သူ့မှာလည်း ပြောမပြနိုင်တဲ့အကြောင်း ရှိမှာပေါ့"

"ဘာအကြောင်းပဲဖြစ်ဖြစ် ကိုယ်တို့ ညှိနှိုင်းဖြေရှင်းလို့ရတာပဲဟာ၊ ခုတော့ ကိုယ့်ကို ရူးအောင်လုပ်နေတာ မဟုတ်ဖူးလား"

"အနုစ်ကို အဲ့ဒီလို မပြောပါနဲ့၊ သူက အင်မတန်နူးညံ့သိမ်မွေ့ပြီး အားနာတတ်တဲ့ မိန်းကလေးပါ"

ကျွန်တော်က စိတ်ထဲမကျေနပ်မှုတွေ ...င့်ဟာရင်း စံဂျူး ငှဲ့ပေးတဲ့ ဖန်ခွက်ထဲက နီညိုညိုအရည်ကို မော့သောက်လိုက်

တယ်။ သောက်လေ့သောက်ထမရှိတဲ့အတွက် အရသာက စိမ်းနေပြီး အဝင်ဆိုးလိုက်တာ။

အရက်သောက်ရင် ကျွန်တော့်အကျင့်က မူးတာနဲ့ငိုတော့တာပဲဗျ။ ပျော်ပွဲရွှင်ပွဲတွေမှာ ပျော်လို့သောက်ရင်တောင် မူးလာရင် ဟိုတုန်းက ငယ်ကျိုးငယ်နာတွေ ပြောပြောပြီး ငိုတာ။ ဒါကြောင့် သိပ်မရင်းနှီးတဲ့ နေရာတွေဆို မသောက်ရဲဘူး။

"ကိုယ့်ကို မချစ်နိုင်ရင်လဲ မချစ်နိုင်ဘူးလို့ ပြတ်ပြတ် ငြင်းလိုက်ရင် အသည်းကွဲတာကို ကုရုံပဲပေါ့၊ ချစ်တယ်ဆိုလည်း ပျော်နေရမှာ၊ ခုတော့ အီး ဟီး ဟီး ချစ်သလို မချစ်သလိုနဲ့၊ ရှုတ် ဟီး ဟီး ကိုယ့်ရင်ထဲမှာ မွန်းကျပ်နေရတယ်"

အရက်မူးတော့ ကျွဲခိုးပေါ်ဆိုသလို ကျွန်တော့်ငိုချင်းတွေ စပျိုးလာပြီ၊ ဒီနေ့ကတော့ ကျွန်တော် ခံစားရသမျှ အကုန်ကို ပြောပစ်မယ်လို့ မမူးခင်ကတည်းက စိတ်ကူးပြီးသား။

"အနှစ်က ကိုသစ်ကို ချစ်တော့ချစ်ပါတယ်"

"ဘာလဲ! ချစ်တော့ချစ်တယ်၊ မချစ်ဘူးပေါ့၊ ဒီလိုလား! ဟုတ်လား၊ ဟီး ဟီး"

"ဟော့ကောင် ငသစ်၊ ငိုလဲ တိုးတိုးငိုကွာ၊ ဘေးခန်းတွေ ကြားကုန်ဦးမယ်"

"....................."

ကျွန်တော်က စံဂျူးဘက်လှည့်ပြီး ဆဲလိုက်တယ်။ ပြီးမှ "နီမာ ကန်တော့နော်၊ ကန်တော့ ကိုယ် မေ့သွားလို့ပါ





ကိုယ်ကလေ နီမာတို့၊ မကြည်အေးတို့ကို ကိုယ့်အစ်မတွေလို ဘော်ဒါတွေလို ခင်တာ၊ အနှစ်ကိုကျတော့ ၁၅၀၀ နဲ့ ချစ်တာဗျ"

"သိပါတယ်လေ"

"အေ့ ကျန်တဲ့လူတွေအားလုံး သိပြီး အနှစ်က ဘာလို့မသိတာလဲ! မသိချင်ယောင်ဆောင်နေတာလား"

"ရော့ ထပ်သောက်ဦး၊ မှောက်ပြီး အိပ်ပျော်သွားတဲ့အထိ သောက် စကောစကဆို ပေရှည်နေမယ်"

"ဘာရှည်တာလဲ! မင်းလား ရှည်တဲ့ကောင် ဟင်း လူကငါးပေတောင်မပြည့်တဲ့ကောင်ကများ၊ ဘာရှည်တာလဲ တောက်"

ကျွန်တော့်အသိစိတ်က ဦးနှောက်ထဲမှာရှိနေသေးပေမယ့် ကိုယ့်ကိုယ်ကိုယ်ကျတော့ ထိန်းလို့မရဘူး ဖြစ်နေတယ်။

"နီမာ သွားအိပ်တော့ ကိုယ် စံဂျူးကို ကြည့်ထိန်းထားလိုက်မယ်၊ ဟော့ကောင် စံဂျူး၊ မင်း မူးနေပြီလား! ငါ သိပ်ဝမ်းနည်းတယ်ကွာ၊ အီး ဟီး ရှုတ် ဘယ်မိန်းမမှ မချစ်ဖူးဘူးသေးတဲ့ ငါ့နှလုံးသားလေး ပွဲဦးထွက်မှာပဲ မရှုမလှ အရေးနိမ့်ခဲ့ပြီကွ၊ ဟီး ဟီး"

"တစ်ခွက်လောက် သောက်လိုက်ဦးကွာ ရော့ ငသစ်"

စံဂျူးဆိုတဲ့ကောင် သူငယ်ချင်းကောင်း ဘယ်လောက်ပီသသလဲဆိုတာ ကြည့်ပေတော့။ ကျွန်တော့်ကို မငိုနိုင် မပြောနိုင်တော့တဲ့ အထိ တစ်ခွက်ပြီးတစ်ခွက် တိုက်တယ်။

တကယ်လည်း ကျွန်တော် အသံမထွက်နိုင်တော့ဘူး။ ခေါင်းငိုက်စိုက်ကျပြီး မှောက်သွားတဲ့အချိန်မှ "ဒီလောက်ဆို

တော်ပြီ” ဆိုပြီး ညည့်ခန်းကြမ်းပြင်ပေါ် ဒရွတ်ဆွဲချ အိပ်ခိုင်းတယ်။

ကျွန်တော့်ပါးစပ်က ပြောနိုင်သမျှ တတွတ်တွတ်ပြောရင်း မသိစိတ်က အိပ်ပျော်ခြင်းထဲ သယ်ဆောင်ရောက်ရှိသွားတယ်။

ကမ္ဘာလောကကြီး မှောင်အတိကျနေတဲ့အချိန် ကျွန်တော့်အသိတရားတွေလည်း မှောင်အတိကျလျက်။

ညဟာ ကျွန်တော့်ကို ဥပေက္ခာပြုရင်း တရွေ့ရွေ့ ကျော်ခိုင်းသွားနေတယ်။



မနက်အိပ်ရာကနိုးတော့ ခေါင်းတွေ မတရားကိုက်အုံခဲနေတာပဲ။ ကျွန်တော် အရက်နာကျရုံတင်မကဘူး၊ အသည်းနာပါကျနေတယ်။ အရက်နာကျတဲ့သူတွေကို သနားတာ ဘယ်နေရာမှာများ တွေ့ဖူးပါသလဲ။

ဒါပေမယ့် သနားတာ၊ မသနားတာအပထား၊ ကျွန်တော့်သူငယ်ချင်းငချူးနဲ့ နီနီမာတို့ကတော့ သူငယ်ချင်းကောင်းပီသစွာ ပြုစုအားပေးကြတယ်။

ကျွန်တော့်ကို ရေချိုး၊ ဆေးသောက်၊ အစာစားဆိုပြီး စက်ရုပ်တစ်ရုပ်ကို အမိန့်ပေးသလို ခိုင်းကြတယ်။

“ဒီည ဆက်သောက်ချင်သေးလား၊ သောက်ချင်လဲပြော” ငချူးက မေးတယ်။ ကျွန်တော်က

"မရှဲ့နဲ့ကွာ"

"မင်းက ပြောင်းပြန်ပြောမှ လက်ခံတတ်တဲ့သူ မဟုတ်လား၊ မသောက်ပါနဲ့ကွာ ပြောကြည့်၊ ဟင့်အင်း သောက်မှာပဲလို့ ပြန်ပြောမှာ သေချာတယ်"

ကျွန်တော် ဘာမှဆက်မပြောတော့ဘဲ ခပ်ငိုင်ငိုင် ထိုင်နေမိတယ်။ နီနီမာက

"အနှစ်နဲ့ကိုသစ်ကို အဆင်ပြေအောင် ဘယ်လိုလုပ်ပေးရမှန်းကို မသိဘူး၊ တကယ်ပဲ"

"ကိုယ့်ဘက်က အဆင်ပြေတာပဲ နီမာရဲ့"

"အင်းလေ၊ အနှစ်က ဘာပဲဖြစ်ဖြစ် သူ့တစ်ယောက်တည်း ကျိတ်ခံစားနေတယ်၊ တစ်ခုခုပြောပါလား၊ ဝိုင်းဝန်း အကြံပေးလို့ ရတာပေါ့"

"ကိုယ်ပြောတာ အဲ့ဒါပေါ့၊ ဘာမှန်းမသိတော့ ဘာလုပ်ပေးနိုင်မှာလဲ"

"ကဲပါကွာ၊ စိတ်အေးအေး၊ ခေါင်းအေးအေးထားပြီး ဘာလုပ်သင့်တယ်ဆိုတာ ဝိုင်းစဉ်းစားကြသေးတာပေါ့"

"စိတ်အေးအေး မထားနိုင်ဘူး စံဂျူးရေ၊ ငါတော့ တောင်ငူလိုက်သွားမယ်ကွာ၊ ဟိုမှာ ဒေါ်လေးတို့ဆီ သွားရင်းပေါ့၊ ပြီးတော့ အနှစ်နဲ့ပတ်သက်ပြီး ဒီလို မတင်မကျနဲ့ လီပ်ခဲတည်းလည်း ပုံစံမျိုးကြီး ဘယ်လိုမှ ဆက်မနေနိုင်တော့ဘူး"

"ဖြစ်သင့်တာကြာပေါ့ ငသစ်ရာ၊ မင်းလိုကောင်က





တဲ့တဲ့ပြောရင် ဘယ်တော့မှ လက်မခံလို့ ငါ မပြောဘဲနေတာ"

"မနီလည်း အဲ့ဒါကို သဘောတူတယ်၊ ကိုသစ်ဖာသာ အခြေအနေသိတော့ ပိုကောင်းတာပေါ့၊ ကာယကံရှင်က မသိစေချင်လို့ နှုတ်ပိတ်ထားတဲ့ကိစ္စ မနီတို့ မပြောပြချင်ဘူးလေ၊ အစထဲက ကိုသစ်ဖာသာ ကြိုးစားရမှာ"

"ပြောတော့ နီမာရေ၊ ကိုယ်ကလည်း ကိုယ်ပါပဲ"

"ဟန်ဆောင်ချင်တာကိုး"

စံဂျူးက ပြောခွင့်ကြုံတုန်း ကျွန်တော့်ကို ဖိပြောတယ်။

ဆုံးဖြတ်ချက်ချပြီးသွားတဲ့ ကျွန်တော်က ဖြစ်နိုင်ရင် စက္ကန့်ပိုင်းအတွင်းကို တောင်ငူကို ရောက်သွားချင်တာ။

"မင်းအိမ် ငါတို့လည်း လိုက်မယ် ငသစ်၊ ခဏစောင့်ဦး"

"မင်းတို့ ဖာသာ လိုက်ခဲ့တော့ကွာ၊ ငါ သွားနှင့်မယ်၊ ပြီးရင် ချက်ချင်းခရီးထွက်မှာ"

"ရောဂါက ဖြစ်ချင်တော့လည်း ချက်ချင်းပဲ၊ သွားကွာ သွား နားအေးတယ်"

စံဂျူးတားနေတဲ့ကြားက ကျွန်တော် အတင်းထွက်လာခဲ့တယ်။ မရတော့ဘူး ကိုယ့်လူရေ။ ကျွန်တော့်အချစ်ဖျားဒီဂရီက ပြဒါးတိုင်အထက် ဟိုက်ကိုကျော်နေပြီ။

ကျွန်တော် အိမ်ပြန်ရောက်တော့ မေမေက ဆီးမေးတယ်။

"ဘာတွေ ဖြစ်နေတာလဲ"

"မေမေ၊ ကျွန်တော် ဒေါ်လေးတို့ဆီသွားမလို့"

"အဒေါ်ဖြစ်တဲ့သူက တွေ့ချင်လွန်းလို့ ခဏခဏခေါ်တုန်းကတော့ မသွားဘူး၊ ငါ့သားကို အပါဆွဲခေါ်နိုင်တဲ့ ကောင်မလေးက ဘယ်လိုကောင်မလေးမျိုးပါလိမ့်"

"အဟဲ၊ ဒေါ်လေးကို တွေ့ချင်လို့ပါ မေမေရ"

"တော်စမ်းပါ သွေးသစ်ရယ်၊ နင့်ကို ငါ မွေးထားတာပါ"

"အင်းလေ၊ ဖေဖေမွေးလို့မှမရတာ မေမေပဲ မွေးရမှာပေါ့"

ကျွန်တော်က မေမေ့ကို နောက်ပြောင်ရင်း "ပိုက်ဆံနည်းနည်းလောက်" မတောင်းဘဲ "ပိုက်ဆံများများလောက်" တောင်းလိုက်တယ်။

"မိန်းမယူတော့မယ်ဆိုရင်လည်း လုပ်ငန်းခွင်ဝင်ဖို့စဉ်းစားထားနော် သွေးသစ်၊ ဒါပဲ"

"အလုပ်မလုပ်လည်း သမီးတစ်ယောက်တိုးလာတာ မေမေတို့ ကျွေးထားနိုင်သားပဲဟာ"

ကျွန်တော် မေမေ့ကို အနိုင်နဲ့ပိုင်းပြောလိုက်တယ်။ မေမေက သမီးမိန်းကလေးရချင်လို့ တူမတွေကိုပဲချစ်နေရတဲ့ ဥစ္စာ။

ခရီးဝေးသွားမှာဆိုတော့ ကားပေးမှာ မဟုတ်တာ သေချာတယ်။ ဖေဖေ့ကို အလုပ်ထိ ဖုန်းဆက်ခွင့်တောင်းပြီး ခရီးသွားကားနဲ့ပဲ တောင်ငူကို ထွက်လာခဲ့လိုက်တယ်။

စံဂျူးက မိန်းမရ၊ ကိုမျိုးမင်းက မအားဆိုတော့ အဖော်မပါဘဲလာခဲ့ရတဲ့ခရီးက ပျင်းစရာကောင်းပြီး ခေါင်းစဉ်းစဉ်းနိုင်တာပေါ့။ နှလုံးသားအပူနဲ့ဆိုတော့ ပိုပြီး အထီးကျန်သလို ခံစား





နေရတယ်။

နှလုံးသားအလိုဆန္ဒကိုလိုက်ပြီးသွားနေတဲ့ ခရီးက ရှေ့မှာ ကန္တာရတံတိုင်းကြီးကာဆီးထားသလို ဘာ မြင်ရတာမှ မဟုတ်တာ။ ဘာတွေဖြစ်လာနိုင်သလဲ၊ ဘာတွေ ကြုံလာနိုင်သလဲ၊ ဘာဆိုဘာမှ ကျွန်တော် မသိဘူး။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ရှေ့ဆက်တိုးရမှာပဲ။

ဒေါ်လေးဆီရောက်တော့ ဆူဆူညံညံ လိုက်လိုက်လှဲလှဲကြိုဆိုသံတွေကြားမှာ ကျွန်တော့်အပြုံးက အသက်မပါလှဘူးဆိုတာ ကိုယ့်ဖာသာ သိနေတယ်။

"ဒေါ်လေး၊ ကျွန်တော် အပြင်သွားဦးမယ်"

"ဟယ် သားရယ်၊ ခုပဲရောက်တာ နားပါဦး၊ ရေချိုးထမင်းစားပြီးမှ ထွက်ပါလား"

"မဟုတ်ဘူးဒေါ်လေး၊ ကျွန်တော် အရေးကြီးကိစ္စရှိလို့"

"ဘာလဲ! မင်းအမေပြောတဲ့ တောင်ငူသူကိစ္စလား"

"ဟာ! သတင်းကလဲ မြန်ပါ့ဗျာ"

ကျွန်တော် ဒါပဲပြောပြီး ထွက်လာခဲ့တယ်။

ဘာလုပ်ရမလဲ၊ သိထားတဲ့လိပ်စာအတိုင်း အနှစ်တို့အိမ်တန်းလိုက်သွားရင် ကောင်းမလား။ ဒါဆို အနှစ် ဘယ်လိုဖြစ်သွားမလဲ။

ကျွန်တော် ဝေခွဲမရဘဲ အနှစ်တို့ နေတဲ့နေရာဝန်းကျင်နဲ့ အနီးဆုံး လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်လိုက်တယ်။ စဉ်းစားရင်း

အခြေအနေအကဲခတ်ရင်းပေါ့။ ဒါက ကျွန်တော့်အတွက် ကံဆိုးစေခဲ့တာလား၊ကံကောင်း စေခဲ့တာလား မသိ။

ကျွန်တော် ထိုင်နေတဲ့လက်ဖက်ရည်ဆိုင်ရှေ့က ဆိုက်ကား တစ်စင်းဖြတ်သွားတယ်။ ဘာရယ်မဟုတ် လိုက်ကြည့်မိတဲ့ ကျွန်တော့် မျက်ဝန်းတွေက အံ့ဩမှုကြောင့် ပြူးကျယ်သွားရတယ်။

"ဟင်"

ဆိုက်ကားရှေ့မှာ ထိုင်နေတာက လူငယ်တစ်ယောက်။ ကျွန်တော်တို့ထက် နှစ်နှစ်သုံးနှစ်လောက်ငယ်မယ် ထင်တယ်။ အဝေးက မြင်ရုံနဲ့ပဲ လူချောတစ်ယောက်ဆိုတာ သိနိုင်တာပဲ။

နောက်မှာ ထိုင်နေတာက ကျွန်တော် သိပ်ကိုချစ်ရတဲ့ အနှစ်။ လီမွှော်ရောင်သမ်းနေတဲ့ အလင်းရောင် ကောင်းကင် အောက်မှာ ထင်းထင်းကြီးလှနေတဲ့ အနှစ်။

မောင်တစ်ဝမ်းကွဲထားလို့ ဆွေမျိုးသားချင်းတောင် မရှိ သလောက် တစ်သီးပုဂ္ဂလနေတယ်ဆိုတဲ့ အနှစ်။ သူနဲ့အတူ ယှဉ်တွဲ လာသူဟာ ဘယ်သူများဖြစ်နိုင်မလဲ။ ကျွန်တော် စဉ်းစားလို့ မရနိုင်အောင်ဖြစ်နေရတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်အတွေးတွေကို ဖြတ်တောက် ပစ်လိုက်တဲ့ စကားသံတချို့ကို ကြားလိုက်ရတယ်။

"သူတို့ လက်မထပ်ကြသေးဘူးလား" တဲ့။



ကျွန်တော့်နားမှာ ဗုံးတစ်လုံးပေါက်ကွဲသွားသလား ထင်ရလောက်တဲ့ စကားသံတချို့ကို နားနဲ့ဆတ်ဆတ်ကြားလိုက်ရတာ။

ကျွန်တော့်ရင်တွေ လှုပ်ရှားလှိုင်းထန်ကုန်ပြီ။ ရက်စက် လိုက်တာ အနှစ်ရယ်လို့ ကျွန်တော့်ရင်ထဲက မြည်တမ်းမိတယ်။

ဒီလိုအခြေအနေတွေရှိနေရက်နဲ့ ဘာဖြစ်လို့များ ကျွန်တော့်ကို ပြတ်ပြတ်သားသား မပြောခဲ့တာလဲ။

ကျွန်တော့်ကို အရူးလုပ်လိုက်တာလား။

ကျွန်တော်က အနှစ် ကျွန်တော့်ကို အရူးလုပ်တယ်လို့ မထင်ရက်ပေမယ့် ရှင်းလင်းနေတဲ့ကိစ္စကြီးမို့ ဒီလိုပဲ သတ်မှတ် လိုက်တယ်။

ကျွန်တော့်စိတ်တွေ ဆောက်တည်ရာ မရနိုင်စွာနဲ့ ရန်ကုန်

ကို သွေးရူးသွေးတန်း ပြန်ပြေးလာခဲ့တယ်။

ထွက်ပေါက်တစ်ခုကိုလိုက်ရှာရင်း သူငယ်ချင်းဖြစ်သူ စံဂျူးကို ရင်ဖွင့်မြည်တမ်းရတာ။

"မင်းကို ချစ်နေရက်နဲ့ ဟန်ဆောင်မြိုသိပ်နေခဲ့တဲ့ အကြောင်းက အဲ့ဒါပဲနေမှာပေါ့ သေစ်ရဲ့"

"ဒါဆိုလည်း အဲဒါကို စောစောကတည်းက ဖွင့်ပြောပါ လားကွ၊ ဒါကို ငါလက်ခံနိုင်တယ်၊ အခုဟာက ငါ့ကို ချစ်သလို၊ မချစ်သလိုနဲ့ ဝေဒနာတွေ ပေးသွားပြီးမှကွာ၊ ဘောက်"

"ဒါပေမယ့် ကိုသစ်ထင်သလို အနုစ်က ကိုသစ်ကို အရူး လုပ်တာတော့ လုံးဝ မဟုတ်နိုင်ဘူး၊ ဒါကို မနီ ပြောရဲတယ်"

"ဟုတ်တယ်၊ မမအေးကလဲ နီမော့လိုပဲ ပြောရဲတယ်၊ သူ ကိုသစ်မဟုတ်တဲ့ တခြားတစ်ယောက်ကို လက်ထပ်မယ်ဆိုမှတော့ ဒီပုံစံထိ ဘယ်စိတ်ဆင်းရဲခံနေမလဲ၊ နောက်ထပ် အကြောင်းတစ်ခု ခုတော့ ရှိပါလိမ့်မယ်"

အားလုံးကပြေရာပြေကြောင်းပြောကြပေမယ့် ကျွန်တော့် ရင်မှာတော့ မချိဘူး။

"သူ့အိမ်ကပေးစားလို့ မလွှဲသာမရှောင်သာ လက်ထပ်ရ မယ့်သူ နေမှာပေါ့၊ လက်မထပ်ချင်လို့ အချိန်ဆွဲနေခဲ့ရင်း ဒီလို အခြေအနေထိ ဖြစ်လာတာ ထင်တယ်"

ဘယ်လိုပဲတွေးတွေး တရားနည်းလမ်းကို မကျတာလို့ ကျွန်တော် ထင်တာပဲ။





"ကိစ္စတွေကို ပြတ်ပြတ်သားသားသိချင်လို့ လိုက်သွားပြီးမှ ဘာလို့ အနုစ်နဲ့မတွေ့ဘဲ ပြန်လာရသလဲ သေစ်၊ ထိပ်တိုက်တွေ့ပြီး မေးလိုက်ပေါ့ကွာ"

"အင်းလေ၊ ဟုတ်သားပဲ ကိုသစ်ကလည်း၊ သူ့အိမ်အထိ လိုက် သွားလည်း ရိုက်ဆော့ မထုတ်လောက်ပါဘူး၊ တစ်ခုခုတော့ သိလာရမှာပဲဟာ"

သူတို့ ပြောကြတာက လွယ်တယ်။ ကျွန်တော့်မှာဖြင့် အနုစ်ကို တခြားအမျိုးသားတစ်ယောက်နဲ့ ယှဉ်တွဲတွေ့လိုက်ရတာ ရော "သူတို့ လက်မထပ်ကြသေးဖူးလား" ဆိုတဲ့ စကားသံကရော ငယ်ထိပ်ကို မြွေပေါက်ဘာထက် ဆိုးတယ်။

အဲ့ဒါနဲ့ ရူးရူးဒိုင်းဒိုင်းဖြစ်ပြီး ဘာမှ မစဉ်းစားမိတော့ဘဲ ချက်ချင်း ပြန်ပြေးလာခဲ့တာ။

"ဘောက် ပြန်သွားမယ်ကွာ၊ ဘာမှ သဲသဲကွဲကွဲ မသိရ သေးသရွေ့ ငါ နေလို့ ထိုင်လို့ရမှာ မဟုတ်ဘူး"

"အေးလေ၊ ဒါမှ မင်းအသေဖြောင့်မှာပေါ့"

အရေးထဲ စံဂျူးက နောက်နေသေးတယ်။ ကျွန်တော်က ကိုယ့်အပူနဲ့ကိုယ်မို့ မဆဲနိုင်အားဘဲ စိတ်တွေ ရှုတ်ထွေးနေတယ်။

"ကိုသစ်ကလေ စစ်ကိုင်းက ခွေးမကြီး ကလေးမွေးတာ သွားကြည့်သလို ဖြစ်နေပြီ"

မတတ်နိုင်ပါ။ ဖြစ်လိုက ဖြစ်စေတော့။ ကျွန်တော် နောက်တစ်ခေါက်ထပ်သွားဖို့ဆုံးဖြတ်ပြီး အားမွေးရတယ်။

ဒါပေမယ့် နောက်နေ့မနက်မှာ နီနီမော်ဆီက သတင်း တစ်ခုရတာနဲ့ မသွားဖြစ်တော့ဘူး။

"ကိုသစ် မသွားနဲ့တော့ အနှစ် ရန်ကုန်ကို ဒီညနေ ရောက် လိမ့်မယ်"

"ဩော် ပြန်လာသတဲ့လား၊ တော်တော်တတ်နိုင်တဲ့ မိန်းမ"

"အဲသလိုကြီးမပြောပါနဲ့ ကိုသစ်ရယ်၊ ဆေးခန်းပြဖို့ လာတာ"

"ဘာ! ဘာဖြစ်လို့လဲ"

အပြစ်ဘင်မိပြီးမှ စိတ်မကောင်းဖြစ်သွားမိတယ်။

ကျွန်တော့်စိတ်ထဲ ရုပ်ရှင်တွေထဲကလို သေလောက်တဲ့ ရောဂါတစ်ခုခုများ အနှစ် ဖြစ်နေသလားလို့ လန့်သွားတာပေါ့။

"အနှစ်တော့ မဟုတ်ဘူး၊ သူ့အိမ်က"

အနှစ်ဘဝလေးက မအေးချမ်းဘူးထင်ပါရဲ့။

ကျွန်တော့်မှာ အဲဒီနေ့က တစ်နေ့တာကုန်ဆုံးဖို့ လိန်ပိန် စောင့်နေရတယ်။

အချိန်တွေက ကျွန်တော် စောင့်မနေလည်း တရွေ့ရွေ့ ကုန်သွားတာပါပဲ။

ညနေပိုင်းတစ်လျှောက်လုံး စံဂျူးတို့အိမ်မှာ ကျွန်တော် ရှိနေခဲ့ တယ်။ အနှစ်ပြန်လာရင် ဒီကိုပဲ ရောက်လာလိမ့်မယ်လို့ ထင်ထားတာ ကိုး။

ဒါပေမယ့် ထင်သလိုမဟုတ်ဘဲ အနှစ်က ( ..... )ပုဂ္ဂလိက





"........" ဆေးရုံကို တန်းသွားခဲ့တာ။

"သတင်းမေးရင်း အကူညီလိုရင် ကူညီရအောင် အဲ့ဒီ ဆေးရုံကို လိုက်သွားကြရင် ကောင်းမယ်ထင်တယ်"

နီနီမောက ပြောတယ်။ ဒါပဲရှိတော့တာပေါ့။

"ဘယ်သူက ဘာရောဂါဖြစ်လို့ ပြတာမှန်းမှ မသိတာ၊ ဘယ်လိုရှာမှာလဲ"

"မပူနဲ့၊ မနီအစ်မ မမမျိုးရဲ့သူငယ်ချင်း ဆရာဝန်မ တစ်ယောက် ရှိတယ်၊ လိုက်စုံစမ်းရင် ရပါတယ်"

"ဘယ်သူ ဆေးရုံတက်တာလဲဆိုတာလောက်တောင် အနှစ်က နီမော့ကို မပြောဘူးလား"

"ဟင့်အင်း။ အဲ့ဒီ ဆေးရုံကို တန်းသွားမယ်လို့ပဲပြောတာ၊ မနီက မေးပါတယ်၊ အဲ့ဒါ အနှစ်က ပြောလည်း နင်တို့ မသိပါ ဘူးတဲ့"

"အင်"

"ဘာတွေလဲကွာ"

ကျွန်တော်တို့ အုလည်လည်နဲ့ ဆေးရုံရောက်ခဲ့ကြတယ်။ အသိဆရာဝန်မကြောင့် လူနာအခန်းကို သိခဲ့ရတယ်။

အခန်းနံပါတ် (......) ကို တံခါးခေါက်ပြီး ဝင်သွားချိန် မှာ အနှစ်နဲ့အတူ ခုတင်ပေါ် ခေါင်းအုံးကျောမှီထိုင်နေတဲ့ လူငယ် တစ်ယောက်ကို တွေ့ရတယ်။ ဒါ တောင်ငူမှာတုန်းက အနှစ်နဲ့ အတူ ဆိုက်ကားပေါ်မှာ တွေ့လိုက်ရတဲ့သူ။

အနှစ်က ကျွန်တော်တို့ကိုမြင်တော့ မျက်လုံးလေးတွေ ဝိုင်းသွားအောင် တအံ့တသြဖြစ်သွားတယ်။ ကျွန်တော့်ရင်တွေက အတိုင်းမသိ ဗလောင်ဆူနေပြီပေါ့။

"ဘာလို့ လိုက်လာတာလဲ နီနီရယ်"

အနှစ်က နှမ်းဖျော့ဖျော့လေသံနဲ့ ပြောတယ်။

"သူ ဘယ်သူလဲ၊ ဘာဖြစ်တာလဲ၊ နင်နဲ့ဘာတော်လဲ"

"ဘာမှတော့ မတော်ဘူး၊ ဒါပေမယ့် ငါတို့မိသားစု အတွက် အရမ်းကို ကြီးမားတဲ့ကျေးဇူးရှင်ပါ"

"ဟာ မမနှစ်၊ ဒါတွေ မပြောပါနဲ့ဗျာ"

ခုတင်ပေါ်က ပုဂ္ဂိုလ်ကဝင်ပြောပြီးတားတယ်။ ကျွန်တော့် ရင်ထဲမှာ မခံချင်တာလား၊ မနာလိုဝန်တိုတာလား၊ ရှက်နေတာ လား၊ ဘာမှန်းမသိတဲ့ဝေဒနာလက်နက်ပေါင်းစုံက ဝိုင်းဝန်းစုပြုံ တိုက်ခိုက်လာကြတယ်။

"ဒါတွေ နင်တို့ နားမလည်ပါဘူး နီနီရယ်၊ ခုလို လိုက်လာ ပေးတာကျေးဇူး တင်ပါတယ်၊ ဒါပေမယ့် ပြန်ပါတော့"

"ဒီမှာ ဒေါ်ရာစုနှစ်၊ ခင်ဗျားက သူငယ်ချင်းတွေအားလုံးရဲ့ ခင်မင်မှုနဲ့ မေတ္တာစေတနာတွေကို မလေးစားဘဲ အရှုံးလုပ်တယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း လှည့်စားတယ်၊ လူတိုင်း ကိုယ့်ဘဝကိုယ် ရွေးချယ်ပိုင်ခွင့်ရှိကြတာပဲ၊ ဒါကို နားလည်တယ်၊ ဒါပေမယ့် ဘာဖြစ်လို့ ဘာဖြစ်လို့"

"ဟေ့ကောင် ငသစ်၊ ပြောစရာရှိတာ နောက်မှအေးအေး





ဆေးဆေးပြောကွာ၊ ဒီမှာ လူမမာရှေ့"

"နောက်မှ နောက်မှနဲ့ ငါရှုံးရတော့မယ်ကွ"

"ပြန်ပါ ကိုသစ်ရယ်၊ ဒါ ဆေးရုံ အနှစ်ကို ထင်ချင်သလို ထင် သတ်မှတ်ချင်သလို သတ်မှတ် ပြောချင်သလိုပြော ခုတော့ ပြန်ပါ"

"လာကွာ သစ်"

စံဂျူးက ကျွန်တော့်ကို ဆွဲခေါ်တယ်။ ကျွန်တော်ကလည်း အရုပ်ကြိုးပြတ်ပါသွားတယ်။ နီနီမာကတော့ ကျန်ခဲ့လေရဲ့။

ကျွန်တော် ချစ်ရတဲ့ကောင်းကင်ဟာ ဥပေက္ခာတရား တွေနဲ့ ပြည့်နှက်နေပါရောလား။

"ကောင်လေးနာမည်က မင်းထိုက်တဲ့၊ ဘယ်ဘက်ခြေထောက်ဒဏ်ရာဟောင်းက ပြန်နာလို့ ဟိုမှာကတည်းက ဆေးခန်းပြနေတာ အခြေအနေဆိုးလို့ ဒီထိ လာခိုင်းတာဆိုပါတော့"

ကျွန်တော့်ဟာသာ နားထောင်ချင်ထောင် မထောင်ချင်နေပါတော့ ပြောစရာရှိတာပြောမှာပဲဆိုတဲ့ ပုံစံမျိုးနဲ့ ဝီဂျုံးက ဆက်ပြော နေတယ်။

"ကံမကောင်းရင် ဖြတ်ပစ်ရနိုင်တယ်တဲ့"

ဒီလိုဆိုတော့လည်း ကြားရတာ စိတ်မကောင်းစရာပဲ။ လူငယ်ချင်းမို့ ကိုယ်ချင်းစာနာစိတ်နဲ့ ကျွန်တော် တွေးဖြစ်တယ်။ လူနာရှေ့ပြောချင်ရာတွေ ဇွတ်ပြောပြီး အော်ဟစ်နဲ့မိတာကို ပြန်အားနာ ရှက်ရွံ့မိရပြန်တယ်။





ဗြောင် အချစ်ဆိုတဲ့အရာဟာ တော်တော် ကြောက်စရာကောင်းလှပါလား။ ဆင်ခြင်တုံတရားကိုကင်းစေပြီး အရှက်ကိုပါ မဲ့စေခဲ့တယ်။

"ငယ်ကတည်းက အတူကြီးလာပြီး ဆပ်မကုန်တဲ့ကျေးဇူးရှင်၊ ခုချိန်မှာ ဒုက္ခိတ၊ ဒါပေမယ့် နှလုံးသားက ချစ်မိသွားတာက မင်း၊ အဲ့ဒီတော့ အနှစ်မှာ ဖိအားတွေအများကြီးပဲကွ၊ ဒါကို မင်းနားလည်ပေးပြီး စိတ်ကိုလျှော့လိုက်တော့ကွာ၊ ခမျာ သနားစရာ"

အင်းလေ၊ ရင်ထဲကအသည်း ဟက်တက်ကွဲတာက မြင်ရတာမှ မဟုတ်တာ၊ ဒီတော့ အသည်းကွဲသမားထက်စာရင် ပြင်ပက မြင်နေရတဲ့ ဒဏ်ရာအနာတရနဲ့လူကိုပဲ သနားကြမှာပေါ့။

"အေးဟာ"

ကျွန်တော် ခြောက်ကပ်ကပ် အက်ကွဲသံနဲ့ ရယ်လိုက်မိတယ်။ ဘာများ တတ်နိုင်မှာမို့လဲ။

ဒီလိုနဲ့ပဲ ကျွန်တော့်ရင်ထဲက အချစ်တွေကို ရိုက်ချိုးသတ်ပစ်လိုက်ရတော့မှာလား။ ရယ်စရာတော့ အကောင်းသား။ ဒါပေမယ့် ကျွန်တော် ငိုနေခဲ့တယ်။

အဲ့ဒီနောက်ပိုင်း ဖေဖေ့နောက်ကိုလိုက်ရင်း ကျွန်တော့်စိတ်တွေကို အလုပ်ထဲမှာပဲ နှစ်ထားလိုက်တယ်။

အဲဒီလိုမှ မလုပ်ရင် တေပေလေလွင့် ပျက်စီးသွားရမှာလား၊ အရက်အိုးထဲ ခေါက်ထိုးဆင်းရမှာလား၊ ကင်းမြီးကောက်ထောင် ဆင်းရမှာလား။

ရှိပါစေတော့ ။ ဒဏ်ရာဆိုတာ ဘယ်လိုနည်းနဲ့ပဲကုကု အမာရွတ်တော့ ကျန်မှာပဲ။ ဒီတော့ သိက္ခာရှိတဲ့နည်းနဲ့ပဲ ကုချင်တယ်။

ဘယ်သူ့ဘယ်သူနဲ့ ပတ်သက်တာကိုမှ ကျွန်တော် မကြားချင်တော့ဘူး။ မနက်နေမြင့်အောင်မအိပ်တော့ဘဲ ဖေဖေ အစောကြီးထသွားလည်း ကျွန်တော်လိုက်သွားတယ်၊ မိုးချုပ်မှ ပြန်လည်း ကျွန်တော် လိုက်ပြန်တယ်။ အလုပ်နားရက်မပေးလည်း ကျွန်တော် မညည်းညူဘူး။ စာဖတ်ဝါသနာပါတဲ့ ကျွန်တော် ဒီလို အချိန်မှာ စာထဲ ဘယ်လို စိတ်နှစ်ထားနိုင်မှာလဲဗျာ။ ကိုယ့်လူပဲ စဉ်းစားကြည့်။

ကျွန်တော်ကိုယ်တိုင်က ဒီလိုနေလိုက်တော့ အိမ်ထောင်သည်တွေဖြစ်တဲ့ စံလူးတို့၊ မကြည်အေးတို့နဲ့လည်း မတွေ့ဖြစ်ဘူး။ ကိုမျိုးမင်းကြီးနဲ့ မတွေ့ဖြစ်တာတောင် ကြာပြီ၊

တစ်ခါတလေ အလုပ်များတဲ့ကြားက အတူရှိခဲ့ကာလတွေကို လွမ်းမိနေသေးတယ်။

အင်းလေ၊ ဒီအဖြစ်တွေက ကြာတော့လည်း

"ကိုနေသွေးသစ်၊ ညည်သည်တစ်ယောက်က တွေ့ချင်လို့တဲ့ ခင်ဗျ"

အလုပ်စားပွဲမှာ အတွေးတွေ လွှန်နေတုန်း ဝန်ထမ်းတစ်ယောက်က သတင်းလာပို့တာနဲ့ ခေါင်းမော့ကြည့်ရင်း မေးလိုက်တယ်။





"ဘယ်သူတဲ့လဲဗျ"

"ကိုမင်းထိုက်တဲ့"

"ဟင်!"

ကျွန်တော့်ဦးနှောက်က သေချာမှတ်ထားတာ မဟုတ်ပေမယ့် အသည်းထဲစွဲကျန်နေတဲ့နာမည်မို့ အံ့ဩသွားရတယ်။ စိတ်ထဲမှာလည်း သိပ်ကို တုန်းဆန်းနေသလို ထင်မိတာပေါ့။

ဒါနဲ့ အခန်းထဲကထွက်ပြီး ဧည့်ခန်းကို လာခဲ့တယ်။ ဟုတ်တာပေါ့၊ ဧည့်ခန်းက ထိုင်ခုံမှာ ထိုင်နေတဲ့သူဟာ ကျွန်တော်တွေ့ခဲ့ဖူးတဲ့ လူငယ်ပဲ။ သူ့ရုပ်ရည်နဲ့ ဖွံ့ထွား တဲ့ **Body** ဟာ တစ်ခါတွေ့ဘူးရုံနဲ့လဲ မှတ်မိနိုင်လောက်အောင် ကြည့်ကောင်းတဲ့ ယောကျ်ားမျိုးပဲ။

တည်ငြိမ်စပြုနေတဲ့ ကျွန်တော့်ဘဝထဲကို ဘာလို့များ တံခါးမခေါက်ဘဲ ဝင်လာရပြန်တာတဲ့လဲ။

"ကျွန်တော် မင်းထိုက်ပါ၊ ကိုနေသွေးသစ်"

သူ ကျွန်တော့်ကို သိနေတယ်တဲ့လား။

"အင်း ကိုယ် ညီလေးကို တွေ့ဖူးပါတယ်၊ အဲ ဒါနဲ့"

ကျွန်တော် သူ့ဘယ်ဘက်ခြေထောက်ကို အကြည့်ရောက်တယ်။ ဒါကို သူလည်း သတိထားမိပုံပဲ။

"ကံကောင်းထောက်မလို့ ခြေထောက်မဖြတ်ခဲ့ရဘူး၊ ဒါပေမယ့် မူလအတိုင်းတော့ ပြန်မဖြစ်နိုင်တော့ဘူးလေ"

"ဩော် ဖြတ်ရတာထက်စာရင်တော့ တော်သေးတာပေါ့

ဗျာ၊ ဟို တစ်ခုခုသုံးဆောင်ရအောင်၊ အပြင်ပဲသွားမလား! ဒီမှာပဲ"

"ဟာ ရတယ် ကိုနေသွေးသစ်၊ ဘာမှ မလိုဘူး၊ ခုပဲပြန်မှာပါ၊ ကျွန်တော် လာနှုတ်ဆက်တာပါ"

"ဗျာ"

မင်းထိုက်စကားကြောင့် ကျွန်တော် အတော့်ကို အံ့သြသွားတယ်။ လာနှုတ်ဆက်တာဆိုတော့ သူက ဘယ်သွားမှာမို့လဲ၊ သွားတော့ရော ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ၊ ဘယ်လိုပတ်သက်လို့လဲ။

ဒီလူငယ်က ကျွန်တော့်အတွက် အံ့သြခြင်းတွေ သယ်ဆောင်လာတယ်။

"သြော် ကျွန်တော်က စကားပြောလေသွားလို့ပါ ကိုနေသွေးသစ်"

"ကိုသစ်လို့ပဲခေါ်ပါ၊ နာမည်ကရှည်နေတယ်"

"ဟုတ်ကဲ့ ကိုသစ်၊ ကျွန်တော်ပြောချင်တာက လာနှုတ်ဆက်တယ်ဆိုတာထက်၊ ကျွန်တော့်ကြောင့် ဘဝနှစ်ခု သေသလိုဖြစ်နေတဲ့ ကိုသစ်နဲ့ မမနှစ်အတွက် အဖြေမှန်တစ်ခု လာပေးတာပါ"

"ကိုယ်တော့ ဘာမှနားမလည်ဘူး ညီလေး"

"ကျွန်တော် အခု သာသနာ့ဘောင်ကို အပြီးဝင်တော့မှာ ကိုသစ်ရဲ့"

ကျွန်တော့်စိတ်ထဲ ပိုပြီး ရှုပ်ထွေးကုန်ပြီ။ တစ်နေရာရာမှာ





တစ်ခုခုတော့ မှားနေပြီထင်တယ်။

"ကျွန်တော်ရှိနေသရွေ့ မမနှစ်က ခြေတစ်ဖက်ကျိုးကွင်းမိနေတဲ့ ငှက်ငယ်ကလေးလိုပဲ၊ လွတ်နေတဲ့ တစ်ဖက်က ကိုသစ်ဆီလှမ်းဖို့ပြင်တယ်၊ ကျန်တစ်ဖက်က ကျွန်တော်ဆိုတဲ့ ကျော့ကွင်းက ဆွဲထားသလိုဖြစ်နေတယ်၊ သိပ်သနားဖို့ကောင်းတာပဲ"

ဘာဆိုဘာမှကို နားမလည်တော့၊ ဒီကောင်လေး ဘာမှမသိဘဲ ထင်ရာတွေ လာပြောနေတာလား။ တကယ်ဆို ကျွန်တော်နဲ့ အနှစ်က ဘာမှမဆိုင်။ အင်းလေ၊ မဆိုင်ဆို အနှစ်ဘက်က မဆိုင်တာပါ၊ ကျွန်တော့်ဘက်ကတော့ ဆိုင်ချင်သူ ဖြစ်ခဲ့တာပဲ။

သူသာ ကျွန်တော့်ဆီ လှမ်းလာချင်ရင် ဘယ်လိုအခက်အခဲအတားအဆီးတွေပဲရှိရှိ ရင်ဆိုင်ဖြေရှင်းဖို့ ကျွန်တော့်ဘက်က အမြဲတမ်းအဆင်သင့်ဆိုတာလည်း အကြိမ်ကြိမ်ပြောခဲ့ဖူးပြီးသား။

ဒါပေမယ့် အနှစ်က ကျွန်တော်နဲ့ ပတ်သက်ရင် သွေးအေးအေးနဲ့ ဥပေက္ခာပြုခဲ့သူ။

ဒီတော့ အခု မင်းထိုက်ပြောနေတဲ့ အနှစ်က ကျွန်တော့်ဆီ လှမ်းဖို့ပြင်တယ်ဆိုတဲ့စကားက ရယ်စရာကြီးလိုဖြစ်နေတယ်။

ကျွန်တော် မင်းထိုက်ကို လှမ်းကြည့်လိုက်တော့ ရီဝေတဲ့မျက်လုံးတွေနဲ့ အဝေးကိုငေးနေတာ တွေ့ရတယ်။

"ကိုသစ် အချိန်ရတယ်မဟုတ်လား၊ မရလည်း အချိန်နည်းနည်းတော့ပေးဗျာ"

"ဟာ ရပါတယ်၊ ဒါပေမယ့် တစ်ခုပဲ ကိုယ်နားမလည်တာက ကိုယ့်ကို ဘာလို့ ဒါတွေလာပြောနေရသလဲဆိုတာကိုပဲ"

"ကိုသစ်နဲ့ ဆိုင်တဲ့ကိစ္စမို့လို့ပေါ့"

"ဘာ! ကိုယ်နဲ့ဆိုင်တဲ့ကိစ္စ ဟုတ်လား"

"မမနှစ်နဲ့ပတ်သက်တာ ကိုသစ်နဲ့မဆိုင်ဘူးလားဗျ၊ ကိုသစ် ပါးစပ်ကနေ မဆိုင်ပါဘူးလို့ ပြောနိုင်ရင်ပြောလေ၊ ဒါဆို အခုချက်ချင်း ကျွန်တော် ဘာမှမပြောဘဲ လှည့်ပြန်သွားမယ်"

ကျွန်တော် ဘာပြန်ဖြေရမှန်းကို မသိတော့ဘဲ ဆွံ့အသွားတယ်။ အနှစ်နဲ့ပတ်သက်ရင် ခုနက ပြောသလို ကျွန်တော့်ဘက်က





တော့ ဆိုင်ချင်တာပေါ့ဗျာ။

"မမနှစ်က ကိုသစ်ကို သိပ်ချစ်ရှာတာ၊ ဒါတွေကို သူ့ရင်ထဲမှာပဲ မြိုသိပ်ပြီး ကျိတ်ခံစားနေခဲ့တယ်၊ အဲ့ဒါ ကျွန်တော့်ကြောင့်ပေါ့၊ ဒါကို အခု ကျွန်တော်ကောင်းကောင်းကြီးသိခဲ့ရပြီ"

မင်းထိုက်က စကားပြောနေရင်း ကျွန်တော့်ကို တစ်ချက်မသိသော လှမ်းအကဲခတ်တယ်။ ပြီးမှ ဆက်ပြောပြန်တယ်။

"မမနှစ်က သစ္စာမေတ္တာကြီးတယ်၊ သူဟာ စိတ်ခံစားမှုတစ်ခုတည်းအတွက် ကျေးဇူးတရားနဲ့ ငဲ့ညှာသနားကြင်နာမှုတွေကို ကျော်ခိုင်းမှာ မဟုတ်ဘူး၊ တကယ်တမ်းကျ ကျေးဇူးဆိုတာ သူနဲ့ကိုယ် အပြန်အလှန်ရှိကြတာပါပဲ၊ ဒါကို မမနှစ်က ကျွန်တော ကျေးဇူးတွေ သူတို့ အပေါ်မှာ ရှိတယ်ဆိုတဲ့စိတ်နဲ့ တစ်သက်လုံးကိုယ့်ဘဝကိုယ်သတ်ဖို့ ဆုံးဖြတ်ထားတယ်"

အခုချိန်ထိ ခါတ်လမ်းအသေးစိတ်ကို နားမလည်သဘောမပေါက်သေးပေမယ့် သဘောတရားကို အရိပ်အမြွက်လောက်တော့ ကျွန်တော် နားလည်စပြုပြီ။

"ဒီတော့ မှန်ကန်တဲ့လမ်းကို ကျွန်တော် ရွေးချယ်လိုက်ပြီ ကျွန်တော့်ရဲ့ မသိဆိုးရွားနိုင်မှုကို ဒီနေ့ ဒီအချိန် ဒီမှာပဲ အဆုံးသတ်သင့်ပြီ၊ နောက်ပိုင်း ကျွန်တော့်ဘဝရဲ့ အချိန်တွေကို ဗုဒ္ဓရဲ့ အရိပ်အောက်မှာ ခိုလှုံရင်း ရဟန်းဘဝနဲ့ နေသွားတော့မယ်"

"အဲ့ဒီကိစ္စကို အနှစ်ကရော သဘောတူလို့လား"

"ဟာ အစ်ကိုရာ၊ သာသနာအတွက်လည်း အကျိုးရှိ

ကျေးဇူးရှင်တွေကိုလည်း ကျေးဇူးဆပ်ရာရောက်တဲ့ကောင်းမှုအကျိုးကို ရွေးတဲ့လမ်းကို ဘာသဘောမတူစရာရှိလဲ"

"ဟို ကိုယ်တစ်ခုပြောချင်တာက ထင်ရာတွေစွတ်တွေးပြီး ကိုယ်တို့အတွက် အနစ်နာခံသွားတဲ့မျိုးတွေ ဘာတွေ မဖြစ်စေချင်ဘူး ညီလေးရာ၊ တကယ်တမ်း ကိုယ်တို့နှစ်ယောက်က ဘာမှ မဟုတ်ဘူး ညီလေးရ"

"အဟား အဲ့ဒါ ဟန်ဆောင်ထိန်းချုပ်နေကြတာ၊ ကျွန်တော်အားလုံးကို ရိပ်မိပါတယ်၊ ပြီးတော့ နားလည်တယ်၊ အခုပိုပြီး အလုံးစုံ သိပြီ၊ မတတ်နိုင်ဖူးဗျာ၊ မမနှစ်ရဲ့ ဒိုင်ယာရီကို ကျွန်တော် ခိုးဖတ်ခဲ့တယ်၊ စိတ်မကောင်းလိုက်တာ၊ အစ်ကို့ကို ချစ်ရဲ့နဲ့ ကျွန်တော့်ကြောင့် စိတ်ဆင်းရဲခဲ့ရတယ်"

ယောကျ်ားချင်းမို့ ကျွန်တော် မင်းထိုက်ရဲ့ ခံစားချက်ကို နားလည်လိုက်တယ်။ သူလည်း အနှစ်ကို အတော်ချစ်ပုံရတာပဲ။ ဒါပေမယ့် အနှစ်က သူ့ကို မောင်ငယ်တစ်ယောက်လိုပဲ ချစ်မယ်၊ သနားမယ်။ ဒီလိုဖြစ်လိမ့်မယ်ထင်တယ်။

ခက်နေတာက ကျေးဇူးရှင်လည်းဖြစ် ဒုက္ခိတလည်းဖြစ်နေတဲ့မင်းထိုက် (သူတို့အပြော ဘယ်လိုကျေးဇူးရှိမှန်းတော့ မသိ) ကို လက်လည်းမထပ်နိုင်၊ ပစ်သွားဖို့လည်း မဖြစ်နဲ့၊ သူ့ဖာသာ ကျိတ်ခံစားနေခဲ့ပုံ ရတယ်။

အနှစ် ကျွန်တော့်ကို ချစ်တယ်ဆိုလို့ ဝမ်းသာပေမယ့် ရှုံးနိမ့်သူရှေ့မှာ ပျော်နေလို့တော့ ဘယ်ဖြစ်မလဲ။





"နောက်ကျရင် အစ်ကို နားမလည်သေးတာတွေ ရှင်းသွားပါလိမ့်မယ်၊ ကျွန်တော်ပြောနိုင်တာကတော့ ဒီလောက်ပါပဲ"

မင်းထိုက်က ပြောစရာစကားကုန်ပြီဆိုတဲ့သဘောနဲ့ အဆုံး သတ်တယ်။ ပြီးတော့ ထရပ်တယ်။

ကျွန်တော့်မှာ သူ့ကို ထိုင်ပါဦးလို့ပဲ ပြောရမလား၊ ရဟန်းဘောင်မဝင်ပါနဲ့လို့ပဲ တားရမလား၊ တကယ့်ကို ဘယ်လိုအနေခက်မှန်းမသိတဲ့အနေခက်ခြင်းမျိုးနဲ့ ခပ်ကြောင်ကြောင် ဖြစ်နေတယ်။

မင်းထိုက် ဒီလိုဆုံးဖြတ်သွားတာကို ဝမ်းနည်းတယ်ပြောလည်း မကောင်း။ ဝမ်းသာတယ်ပြောလည်း မဖြစ်။ ဒါနဲ့ ငြိမ်ငြိမ်တိတ်တိတ်ပဲ နေလိုက်ပါတယ်။

"ကျွန်တော် သွားမယ်၊ ခုမှ စိတ်ထဲပေါ့ သွားတယ်ဗျာ"

ပြောပြောဆိုဆို နှုတ်ဆက်ရင်း မင်းထိုက်က ထရပ်တယ်။ ချိုင်းထောက်အသုံးပြုစရာမလိုပေမယ့် တစ်သက်လုံးမသန်စွမ်းတော့တဲ့ ခြေတစ်ဖက်က ခြေလှမ်းတိုင်း ထော့ကျိုးထော့ကျိုးနဲ့ သိသာနေတယ်။

အရွယ်ကောင်း၊ ကြည့်ကောင်းလှတဲ့ ယောကျ်ားတစ်ယောက်အတွက် နှမြောစရာပဲ။ အနှစ်နဲ့ ဘယ်လိုပတ်သက်တယ်၊ ဘာကြောင့် ခုလို ဒုက္ခိတဖြစ်ရတယ်၊ ဒါတွေကို ကျွန်တော် ဘာတစ်ခုမှ မသိဘူး။

ယခုမှ ကျွန်တော် ရှင်းရှင်းလင်းလင်းသိလိုက်ရတာက အနှစ်ဟာ ကျွန်တော့်ကို တုန့်ပြန်မချစ်ဝံ့လောက်အောင် မင်းထိုက်

က အခန်းကဏ္ဍတစ်ခု ဖြစ်ခဲ့ပုံရတယ်။

မင်းသိုက်ကို ကျေးဇူးတင်စကားပြောရမလား။ အားနာစကားပြောရမလား။ ကျွန်တော့်နှုတ်က တီတီပပ ဘာမှမထွက်ရဲဘဲ သူထွက်သွားတာကို အပြင်ဖက်ထိ လိုက်ပို့ရင်း ငေးကြည့်နေမိတယ်။

ခုနက မင်းထိုက် ပြောလိုက်တဲ့စကားက ဘာတဲ့ "ခုမှ စိတ်ထဲပေါ့သွားတယ်" ဆိုလားပဲ။

အင်း ဟုတ်သလိုပဲ။ ဘာလဲတော့ မသိဘူး။

"ဘယ်က ဧည့်သည်လဲ သား"

အနောက်ဖက်ကပေါ်လာတဲ့ မေမေ့အသံကြောင့် ကျွန်တော် လှည့်ကြည့်လိုက်တယ်။

"အရင်က အသိပါ မေမေ၊ သူက လူ့ဘောင်ကိုစွန့်ပြီး သာသနာ့ဘောင်ကို အပြီးဝင်တော့မှာတဲ့၊ အံ့ဩစရာမကောင်းဘူးလားဗျာ"

"အင်း အံ့ဩမယ်ဆိုလည်း အံ့ဩစရာကောင်းသလို တစ်ဖက်ကကြည့်တော့လည်း ချီးကျူးစရာပဲ၊ ဒီအရွယ်က လောကမှာနေဖို့ ပျော်စရာအကောင်းဆုံးအချိန်ပဲ၊ ဒါပေမယ့် လူတွေမှာ ကြီးကြီးငယ်ငယ် လောကဓံရဲ့အထုအထောင်း အရိုက်အနှက်ခံရဖန်များလွန်းရင် မက်မောတွယ်တာတာတွေ၊ လိုချင်ဖြစ်ချင်တာတွေ နည်းသွားတတ်ကြတယ်ကွ"

မေမေပြောတာ ဟုတ်မှာ။ ကျွန်တော်ကိုယ်တိုင်တောင်





လောကဓံရဲ့ဆိုးကျိုးတွေကို မခံခဲ့ရပေမယ့် အချစ်ရေးအဆင်မပြေတာတစ်ခုနဲ့ စိတ်ဒဏ်ရာတွေ အပြင်းအထန် ခံစားရပြီး ဘယ်မှလည်း မသွား၊ ဘယ်သူနဲ့မှလည်း မတွေ့ဘဲ အလုပ်ထဲ ခေါင်းမြုပ်ထားခဲ့သေးတာပဲ၊

"တချို့ဆို နှလုံးသားရေးရာကိစ္စလေး အဆင်မပြေတာ တစ်ခုနဲ့တောင် ရဟန်းဘောင်ဝင်တတ်ကြသေးတာ၊ ငါ့သားက တော်ပါတယ်၊ ဘုန်းကြီးလဲမဖြစ်၊ အရက်သမားလဲမဖြစ်၊ အလုပ်ကိုပဲ ပိုလုပ်နေတာ၊ ဟား ဟား ဟား ဟား"

"ဟာ မေမေကလဲ"



လောကစံဆိုတဲ့စကားကို ဝတ္ထုတွေ ရုပ်ရှင်ဇာတ်လမ်းတွေ ထဲမှာပဲ သူ ကြားဖူး၊ တွေ့ဖူးခဲ့တာ။

ဟုတ်တယ်။ အနှစ်ဆိုတဲ့ ရာစုနှစ် (စင်ကျူရီ)ဟာ မွေး လာကတည်းက ရွှေလင်ပန်းနဲ့အချင်းဆေး ရွှေဇွန်းကိုက်မွေး လာသူ။

ပြီးတော့ ရတနာစိန်ကျောက်ကို ခယ်တောက်တမ်း ကစား ခဲ့သူ။ "ထွန်းသီရိ" ဆိုတဲ့နာမည်နဲ့ သူတို့မြို့မှာ ဆန်စက်၊ သစ်စက် ပွဲရုံတွေပိုင်တဲ့ သူဌေးကြီးဦးထွန်းတင်၊ ဒေါ်ဝင်းဝင်းတို့ရဲ့တစ်ဦး တည်းသောသမီး။

တဖြည်းဖြည်းနဲ့ လူလားမြောက်လာပြီး အနှစ် လေးတန်း





ကျောင်းသူအရွယ် ရောက်တယ်ဆိုရင်ပဲ လူတိုင်းပါးစပ်ဖျားက

"ဟယ် ကလေးလေးက ဒီအရွယ်ပဲရှိသေးတယ်၊ အတော့် ကို လှပါလား" ပြောယူနေရပြီ။

"သူက မွေးစကတည်းကကို လှတာ"

မေမေကလည်း အဲဒီလို ပြန်ပြောလေ့ ရှိတယ်။

အနှစ်ဟာ ရွှေဘုံပေါ်မှာ စံနေရတဲ့ မင်းသမီးလေးလိုပါပဲ။ ဒါပေမယ့် အထီးတော့ကျန်တယ်။

နန်းတော်လို အိမ်ကြီးထဲမှာ ဖေဖေရယ်၊ မေမေရယ်၊ ဒေါ်လေးကြူရယ်၊ အိမ်အကူတွေရယ် ဒါပဲရှိတာ။

ဖေဖေက မိုးလင်းမိုးချုပ် အိမ်မှာ မရှိတာများပြီး မေမေက ရောဂါထူပြောသူ။ အိပ်ရာထဲမှာ အမြဲလှဲနေရသူ။

အနှစ်ရဲ့ကစားဖော်ဟာ အရုပ်တွေသာဖြစ်ပြီး အိမ်ရှေ့ က ပိတောက်ပင်ကြီးနဲ့အတူ ကြီးပြင်းလာခဲ့ရတယ်။

ဒီလိုနဲ့

အနှစ် ခြောက်တန်းဖြေပြီးတဲ့ နွေရာသီကျောင်းပိတ်ရက် တစ်ရက်မှာ အနှစ်အတွက် ချစ်စရာမောင်လေး (သို့) ကစားဖော် ကလေးတစ်ယောက် အိမ်ကို ရောက်ရှိလို့လာခဲ့တယ်။

"ကျွန်တော့်တူမအရင်းက မွေးတဲ့ကလေးပါ ဆရာကြီး၊ အဖေရော၊ အမေပါ မရှိတော့လို့ ကျွန်တော်ပဲ ခေါ်လိုက်ရတာ"

"ကလေးက ချစ်စရာလေးပဲ၊ ကျောင်းနေလား ဘယ်နှစ် တန်း ရောက်ပြီလဲ"

"လေးတန်းဖြေပြီးပြီ"

အနှစ်တို့အိမ်မှာ ဖေဖေ့အပါးတော်မြဲ ဒရိုင်ဘာပဲဆိုဆို လူယုံပဲခေါ်ခေါ် နှစ်ပေါင်းမနည်းမနောနေလာသူ ဦးလှိုင်မြင့် ခေါ်လာခဲ့တဲ့သူဟာ အနှစ်တို့မိသားစုအတွက် တစ်ချိန်မှာ သားတစ်ယောက်လို ချစ်ရသူ ဖြစ်လာခဲ့တယ်။

"သားနာမည် ဘယ်လိုခေါ်လဲ"

"မောင်မင်းထိုက်ပါ ဆရာကတော်".

"လာပါဦး ကလေးရဲ့၊ ဒီနားလာပါဦး၊ သား ကျောင်းနေချင်လား"

"နေချင်ပါတယ် ဒေါ်ဒေါ်၊ စာလည်း ကျက်မယ်၊ အိမ်အလုပ်တွေလည်း သား လုပ်ပါ့မယ်"

"အို လိမ္မာလိုက်တာကွယ်၊ ဒီမှာ သား ဒါ သားရဲ့ မမနော်၊ မမကို ဂရုစိုက်ရမယ် ကြားလား"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ကဲ ကိုလှိုင်မြင့်ရေ၊ ခင်ဗျားမြေးက ခုတော့ ကျွန်တော်တို့သားပေါ့ဗျာ၊ ရှေ့ပင်နား ရှေ့ကျေးပဲ၊ လိမ္မာရေးခြားသာ ရှိပါစေ"

"စိတ်ချပါ ဆရာကြီး၊ မင်းထိုက်လေးက တကယ်လဲ လိမ္မာပါတယ်"

ဦးလှိုင်မြင့်ပြောတာ မမှားပါ။ မင်းထိုက်က အနှစ်တို့အိမ်ရောက်ပြီး ငါးတန်းစတက်ကတည်းက စာတော်သလို သူ့အားနဲ့နိုင်သမျှ ဝင်လုပ်တယ်။ မေမေ နေမကောင်းရင် နှိပ်ပေးဖော်ရ





တယ်။ ဖေဖေအပြင်ကပြန်လာရင် အမောပြေ ရေခပ်တိုက်တယ်။

ကျောင်းသွားရင် အနှစ်လွယ်အိတ်နဲ့ထမင်းဘူး ခြင်းဆွဲတယ်။ ကျောင်းကပြန်လာရင် ပန်းပင်တွေရေလောင်းတယ်။ ဘယ်သူကမှ ဘာမှခိုင်းစရာမလိုအောင် အလိုက်သိတယ်။

ကြာလာလေလေ မေမေ့အသည်းကျော်ဖြစ်လာလေလေပါပဲ၊ ဒီလိုနဲ့ အနှစ်တို့ဟာ အပူအပင်မရှိ ပျော်ပျော်ရွှင်ရွှင်နဲ့ကြီးပြင်းလာကြတယ်။

အခုဆို

မင်းထိုက်က ဆယ်တန်း။ အနှစ်က စီးပွားရေးတက္ကသိုလ် ဒုတိယနှစ်ကို ရောက်နေကြပြီ။

အလှဂုဏ်သတင်းကြီးနေတဲ့ အနှစ်ရယ်၊ သန်မာထွားကျိုင်းပြီး ကြည့်ကောင်းလှတဲ့ မင်းထိုက်ကို ပတ်ဝန်းကျင်က အမျိုးမျိုးပြောဆိုဝေဖန်ကြတယ်။

ဒါပေမယ့်

အနှစ်အတွက် ဘယ်အချိန်၊ ဘယ်ကာလကိုပဲ ရောက်ရောက် မင်းထိုက်ဟာ မောင်လေးတစ်ယောက်ပါပဲ။

မင်းထိုက်ကရော

အင်းလေ၊ ဒါတော့ သူ့ရင်ထဲ ကိုယ်မှမမြင်ရတာ ၊ ဘယ်သိနိုင်မှာလဲ။ သူလည်း အနှစ်လိုပဲ နေမှာပါ။

မင်းထိုက်က စာကြိုးစားတော့ စာတော်တယ်။ ဒါ့ကြောင့်အရွယ်ရောက်ကတည်းက ကျောင်းပိတ်ရက်ဆို ပွဲရုံနဲ့ ဆန်စက်၊

ဆီစက်တွေလိုက်သွားပြီး အလုပ်ဝင်လုပ်ရင်း လေ့လာသင်ယူတယ်။ အခုဆို

သစ်အကြောင်း၊ စပါးအကြောင်း၊ ကုန်အကြောင်း တော်တော့်ကို နားလည်နေပြီ။ ဆယ်တန်းကိုလည်း ဂုဏ်ထူးတွေအများကြီးနဲ့ အောင်လိမ့်မယ်၊ ဒါပြီးရင် ဖေဖေက သူနဲ့အတူ လုပ်ငန်းတချို့လွှဲပြီး လုပ်ခိုင်းဖို့ ခေါ်လိမ့်မယ်။

ခက်တာက လူတွေမှာ မဖြစ်သေးတဲ့ အနာဂတ်ကို ကြိုတင်တွက်ဆမျှော်မှန်းပြီး စီမံကိန်းချလို့ မရတာပါပဲ။

ခုတလော ဖေဖေ စီးပွားရေးတွေကျနေတာ တစ္စာသိလ်ရောက်နေပြီဖြစ်တဲ့ အနှစ် မသိဘဲနေပါ့မလား။ ဒါပေမယ့်

ဒီလောက် ဆိုးဆိုးဝါးဝါးကြီး ဖြစ်လိမ့်မယ်လို့တော့ ထင်မထားဘူး။ အခုတော့ စီးပွားရေးက မယုံနိုင်စရာကောင်းလောက်အောင် ယိုယွင်းလာခဲ့တယ်။

ဖေဖေက လောကဓံအလှည့်အပြောင်းဒဏ်ကို မခံနိုင်ဘူး။ စီးပွားကျကတည်းက အသောက်ကလေးပါလာပြီ။ ပြီးတော့ လမ်းလွှဲလိုက်တယ်။ လောင်းကစားဖက်လာတယ်။

နောက်ဆုံး ပွဲရုံတွေ ဆန်စက်၊ ဆီစက်တွေပြုတ်ကုန်တယ်။ မြန်လိုက်တာမှ တစ်နှစ်အတွင်း မျက်စိရှေ့မှာတင်ပဲ တဖြုတ်ဖြုတ်နဲ့ ဘာကျန်တော့လို့လဲ။

အရက်တွေ အလွန်အကျွံသောက် စိတ်ဖိစီးမှုတွေကများတော့ သွေးတိုးပြီး ဖေဖေလေဖြတ် အိပ်ရာထဲလဲတယ်။





ဒါလည်း တစ်လ မခံပါဘူး။ ဖေဖေဆုံးပါးသွားတယ်။ အနှစ်တို့သားအမိ မျက်စိသူငယ်နဲ့ လောကအလယ် ကျန်နေခဲ့ပြီ။

"ဘာမှ အားမငယ်ပါနဲ့ ဒေါ်ဒေါ်နဲ့ မမနှစ်ရယ်၊ ကျွန်တော် တစ်ယောက်လုံး ရှိပါသေးတယ်၊ ကျွန်တော် ပိုကြိုးစားမယ်"

မင်းထိုက်က အားပေးတယ်။ တကယ်လည်း အနှစ်တို့ဘဝအတွက် မင်းထိုက်က မားမားမတ်မတ်ရပ်တည်ပေးခဲ့တယ်။

ဒါပေမယ့် မိသားစု သွေးသားရင်းနဲ့တော့ မတူဘူးပေါ့။ အားငယ်စိတ်က အနှစ်အတွက် ပျောက်မသွားဘူး။

မင်းထိုက်ရဲ့ဘကြီး ဖေဖေ့လူယုံ ဦးလှိုင်မြင့်ကြီးလည်း သူဌေးမရှိတော့ အလုပ်မရှိတော့ဘူး။ သူ့အတွက် ဝန်ထုပ် ဝန်ပိုးဖြစ်မှာစိုးလို့ ထင်ပါရဲ့၊ ဘုန်းကြီးဝတ်သွားရော။

မင်းထိုက်ဟာ တကယ်လည်း အနှစ်တို့မိသားစုအတွက် သား တစ်ယောက်လို အားကိုးရတယ်။

အနှစ်ရော၊ မေမေရော ဘာလုပ်ခဲ့ရဖူးလို့လဲ။

ဒီတော့ ဘာမှကိုမလုပ်တတ်ကြဘူး။

မင်းထိုက်က မေမေ့ကိုလည်း လိုလေသေးမရှိ ပြုစုတယ်။ အိမ်အလုပ်တွေလည်း သူပဲ လုပ်တယ်။

ခက်တာက မင်းထိုက်ဟာ အနှစ်တို့နဲ့ သွေးသား တစ်စက်မှ မတော်တာပါပဲ။

ဒီကြားထဲ ဝမ်းသာစရာကောင်းတာက မင်းထိုက် ဆယ်တန်းကို ဂုဏ်ထူးလေးခုနဲ့ အောင်တယ်။

"ကျွန်တော် အလုပ်လုပ်နေတာ အတော်အခြေကျနေပြီ၊ ကျောင်းဆက်မတက်တော့ဘူး၊ လုပ်ငန်းတစ်ခုထူထောင်နိုင်ဖို့ အမြန်ဆုံး ကြိုးစားမယ်၊ မမနှစ် ကျောင်းပြီးအောင် ဆက်တက်"

အနှစ်စိတ်ထဲ လုံးဝ မကောင်း။

ဒါပေမယ့် ဘာများတတ်နိုင်မှာလဲ၊ မေမေရော ဒေါ်လေးကြူနဲ့ အနှစ်တို့ပါ မျက်လုံးအဝိုင်းသားနဲ့ပဲ မင်းထိုက်ကို ကြောင်ငေးကြည့်နေရတယ်။

ဟုတ်တယ်၊ အားလုံးက တစ်သက်လုံး ရွှေပေါ်မြဲတင်နေလာကြတာ ဘာလုပ်တတ်၊ ဘာလုပ်နိုင်ကြမှာလဲ ...





ဒီကာတည်းက မင်းထိုက် သူ့ပညာရေးကို အနှစ်တို့ မိသားစုအတွက် စွန့်လွှတ်ခဲ့ရတာ။

တကယ်ဆို စာတော်တဲ့ သူ့အတွက် ကျောင်းထားပေးချင်တဲ့သူတွေတစ်ပုံကြီး။ ဒါ အနှစ်တို့မိသားစုအတွက် သူ့ရဲ့ ပထမဆုံး စွန့်လွှတ် အနစ်နာခံမှုပါပဲ။

ကံကြမ္မာလား၊ လောကဓံလားမသိတဲ့ မကောင်းဆိုးဝါးတစ်ကောင်က ဘာမှမလုပ်တတ်မကိုင်တတ်ပါဘူးဆိုတဲ့ အနှစ်တို့သားအမိကိုမှ အလဲထိုးတိုက်ခိုက်လာပြန်တယ်။

အလုပ်တွေ မနားတမ်းကြိုးစားလုပ်နေတဲ့ မင်းထိုက်မရှိတဲ့ညတစ်ညမှာ ဝါယာရှော့ဖြစ်ပြီး အိမ်မီးလောင်လို့ တစ်အိမ်လုံးပြာကျတော့ လူတောင် ကံကောင်းလို့ မသေခဲ့တယ်။

ဇာတ်နာတယ်ဆိုတာ ရုပ်ရှင်တွေထဲမှာသာ ရှိတာ မဟုတ်ပါဘူး။ အပြင်မှာလည်း တကယ့်ကို ကိုယ်တွေ့ပါ။

အနှစ်လေ၊ သိပ်စိတ်ဓာတ်ကျပြီး စိတ်လေတာနဲ့ ကျောင်းပြီးအောင်လည်း ဆက်မတက်ချင်တော့ဘူး။

ဒါပေမယ့် နဂိုက အမြဲတမ်းအိပ်ရာထဲခွေပြီး ချူချာတဲ့ မေမေဟာ ခုမှ ဒေါင်ဒေါင်မြည်ပြတယ်။ ဒါ အနှစ်ကြောင့်ပေါ့။

အနှစ်ကလဲ မေမေ့ကြောင့်ပဲ အားတင်းရမယ်။

မလွှန်ဆန်နိုင်တဲ့ဘဝမို့ မင်းထိုက်အကူအညီကိုယူပြီး ကျောင်း ကို ပြီးအောင်ဆက်တက်ခဲ့ရပါတယ်။

အနှစ် ဘွဲ့ရချိန်မှာ မင်းထိုက်ရဲ့ကြိုးစားမှုကြောင့် သင့်တင့်

တဲ့ အိမ်ကလေးတစ်လုံးနဲ့ ကောင်းကောင်းမွန်မွန်ပြန်နေရတယ်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့ အနှစ် ကြိုးစားရမယ်။ ရုန်းထွက်နိုင်ရမယ်။ တစ်သက်လုံး မင်းထိုက်လုပ်စာထိုင်စားနေလို့ ဖြစ်မလား။ ပတ်ဝန်းကျင်က ရှိသေးတယ်။ ခုတောင် ဘယ်လောက်ပြောနေကြပြီလဲ။

"မင်းထိုက်ရဲ့ စေတနာမေတ္တာတွေဟာ မေမေတို့အပေါ် သိပ်ကြီးတာပဲ၊ သမီးအပေါ်လည်း မေတ္တာကြီးတာ မေမေရိပ်မိတယ်၊ သူ့ဘက်ကတော့ သေတောင် ဖွင့်ပြောမှာ မဟုတ်ဘူး၊ စောင့်ထိန်းနေရှာမှာ၊ မေမေ့သဘောက မေမေကိုယ်တိုင် သမီးနဲ့ ပေးစားချင်တယ်"

မေမေက အရှည်ကိုကြည့်ပြီး ပြောတယ်။ အနှစ် ရင်နာလိုက်တာ။ မင်းထိုက်ဟာ အနှစ်မောင်လေးပါ။ ဒီနည်းနဲ့တော့ မဖြစ်နိုင်ဘူး။ အနှစ် ခါးခါးသီးသီးငြင်းခဲ့တယ်။

အနှစ် အလုပ်လုပ်ဖို့ စ,ကြိုးစားတယ်။ ထင်သလောက် ဘယ်မှာ လွယ်လို့လဲ။

မင်းထိုက်တားတဲ့ကြားက ပွဲရုံတစ်ခုမှာ အလုပ်ဝင်လုပ်ခဲ့တယ်။ ကံကဆိုးနေသေးတာပါပဲ။ စနေဂြိုဟ်စီးတယ်ဆိုတာ ဒါမျိုးလား မသိဘူး။

အလုပ်လုပ်လို့ သိပ်မကြာသေးခင် အရမ်းလှလွန်းတဲ့ အနှစ်ကို ကုလီကူမာညဏ်တွေနဲ့ အလစ်ချောင်းနေတဲ့ အလုပ်ရှင်ဟာ အလုပ်နောက်ကျတဲ့တစ်နေ့ စော်ကားဖို့ ကြိုးစားခဲ့တယ်။





မိုးချုပ်လို့ စိတ်မချဘဲ လိုက်လာတဲ့ မင်းထိုက်က အနှစ့်ဘဝ ကို ကယ်ခဲ့ပြန်တယ်။ စော်ကားဖို့ကြိုးစားတဲ့ သူဌေးရဲ့ ခေါင်းကို ခြေခုံနဲ့လွှဲရိုက်လိုက်တာ လူသေမှုဖြစ်သွားပါရောလား။

"မင်းထိုက်ရယ်"

ဒုတိယအကြိမ် သူ့ဘဝကို ပေးဆပ်လိုက်ရပြန်ပြီ။

မင်းထိုက် ထောင်ကျတော့ သူဆောက်ထားတဲ့အိမ်၊ သူရှာ ထားတဲ့ငွေကြေးတွေ ရှိသင့်သလောက်ရှိနေပြီ။

အနှစ်က စတိုးဆိုင်၊ အထည်ဆိုင် ရရာအလုပ် ဝင်လုပ်တယ်။ ဒေါ်လေးကြူကလည်း အဆင်ပြေသလို ဝင်လုပ်တယ်။

မင်းထိုက်က အနှစ်တို့ကို ဘာမှမလုပ်စေချင်ဘူး။ ထောင်ထဲရောက်မှ ဈေးမှာ သူဝယ်ထားတဲ့ ဆိုင်ခန်းတစ်ခန်းရှိကြောင်း ပြောတယ်။ အဲဒီဆိုင်ခန်းမှာ မေမေထိုင်ရတာပေါ့။ မေမေ့ခမျာ စိတ်ရော လူရော မအားရတော့ဘူး။ မေမေ့ကို အနှစ် သနားတယ်။ ဘယ်တုန်းက ဒါမျိုး အိပ်မက်မက်ဖူးလို့လဲ။ ဖြစ်လာတော့လည်း လုပ်နိုင်ရမှာပေါ့တဲ့။

မေမေကလဲ အနှစ်ကို သနားနေတယ်။ သင်တန်းတွေ တစ်ခုပြီးတစ်ခုတက်။ ဘွဲ့လွန်တွေ တစ်ခုပြီးတစ်ခုယူ၊ နိုင်ငံခြား ပညာတော်သင်သွား အရိပ်အောက်မှာ အရာရှိကြီးဖြစ်စေချင်တာ။

အနှစ် ဆန္ဒကလဲ ဒါပဲ။

ဒီတော့ မေမေ့ကို အလုပ်မလုပ်စေချင်ပေမယ့် အရိပ်ကောင်းရအောင် နေပူက ခဏတော့ စောင့်ခိုင်းရတဲ့သဘောပေါ့။

အနှစ် သင်တန်းတွေ တစ်ခုပြီးတစ်ခုတက်တယ်။ မင်းထိုက် ထောင်ကလွတ်တဲ့နေ့က ဝမ်းသာလွန်းလို့ ငိုခဲ့ရတယ်။ သူ့ကို နဂိုကတည်းက ချစ်ခင်သူ၊ ယုံကြည်သူတွေများတော့ အားလုံးက ကြိုဆိုကြတယ်။ မင်းထိုက်က အလုပ်ရှိရာကို ချက်ချင်းသွားပြီး။ အလုပ်ကို မနားတမ်းကြိုးစားလုပ်တယ်။

တဖြည်းဖြည်းနဲ့ လုပ်ငန်းတွေ လည်ပတ်ပြီး အခြေကျလာပြီ။ အကုသိုလ်ဂြိုဟ်ဆိုးတွေက ကျန်နေသေးတော့ လောကစံက မရပ်သေးဘူး။ မင်းထိုက်ကြောင့် သေသွားတဲ့လူရဲ့ညီက မကျေနပ်ဘဲ လူလစ်ပြီ ဆိုပြီး ကားနဲ့တိုက်သတ်ဖို့ကြံစည်တယ်။ အသက်မသေပေမယ့် မင်းထိုက် ခြေထောက်မှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရသွားတာပါပဲ။

"အနှစ်လေ၊ မင်းထိုက်ကို မောင်လေးတစ်ယောက်လိုပဲ ချစ်တယ်မေမေ၊ သူ့ကို ဘယ်လိုမှလည်း လက်မထပ်နိုင်ဘူး၊ ဒီတော့ တခြား ဘယ်ယောက်ျားတစ်ယောက်ကိုမှလဲ လက်မထပ်ဘဲ သူ့ကို ကျေးဇူး ဆပ်တဲ့အနေနဲ့ တစ်သက်လုံး ပြုစုလုပ်ကျွေးသွားမယ်"

"အင်းလေ၊ မေမေလည်း ပတ်ဝန်းကျင်ကြောင့်သာ ပြောရတာ၊ သမီးတို့နှစ်ယောက် မောင်နှမလိုပဲ နေသွားလဲရတာပဲ၊ ဘာပဲဖြစ်ဖြစ် မေမေက မင်းထိုက်ကို သားတစ်ယောက်လို ချစ်ခင်အားကိုးတာပဲကွယ်"

အဲ့ဒီကတည်းက အနှစ်ရဲ့နှလုံးသားကို လုံခြုံအောင်





သော့ခတ် သိမ်းဆည်းပစ်လိုက်တော့တာပေါ့။ ဒီတော့

သနားတာတွေ၊ စိတ်မကောင်းတာတွေနဲ့အတူ မွန်းကျပ်တယ်၊ လှောင်ပိတ်တယ်၊ ကျဉ်းကျပ်တယ်။ စိတ်လွတ် ကိုယ်လွတ် ထင်ရာလုပ် ထင်ရာသွားချင်တယ်။

ကျေးဇူးတရားတွေများတာ ဘယ်လိုပေးဆပ်ရမှာလဲ။

မျှော်လင့်ခြင်းမျက်ဝန်းတွေ သည်းခံ အနှစ်နာခံ ပေးဆပ်ခြင်းတွေနဲ့ အလိုက်တသိရှိမှုတွေကို အနေခက်လာတယ်။ ဒါနဲ့ပဲ အိမ်နဲ့ဝေးရာနေရာတွေမှာ သင်တန်းတွေတက်၊ အလုပ်တွေ လုပ်ခဲ့တယ်။

အခုသင်တန်းက အနှစ်အတွက် နောက်ဆုံးသင်တန်း။

ဒီသင်တန်းပြီးလို့ ဒီပလိုမာရရင် နိုင်ငံခြားသွားဖို့ ရည်မှန်းထားတာ။ ဒီမှာတင် အနှစ်ဘဝ နှလုံးသားရဲ့ အလင်းရောင်တစ်ခုကို တွေ့ရှိခဲ့ရတယ်။

ဒါပေမယ့် ဘာများတတ်နိုင်ခဲ့လို့လဲ။

ဒီ အလင်းရောင်ကို အနှစ်နှလုံးသားရဲ့တစ်နေရာမှာ သိုဝှက်သိမ်းဆည်းထားလိုက်တယ်။

မလုံခြုံနိုင်တာကိုတော့ အနှစ်လည်း မတတ်နိုင်ဘူးပေါ့။

"ဟော့ကောင် ငသစ်၊ အနှစ် ရန်ကုန်ရောက်နေတယ်၊ မင်း သွားတွေ့မနေပါနဲ့ကွာ၊ သူ့ဖာသာ အေးအေးနေပါစေ"

"စံဂျူး နာဘူး၊ အယုတ်တမာ၊ ကာလိန်ကကျစ်"

"မင်းက အကောင်းပြောရင် ရတာမှမဟုတ်တာ၊ ရှဲ့ပြောမှ ကောင်းတယ်"

"ရင်တွေ ခုန်လိုက်တာကွာ၊ အနှစ်နဲ့ တွေ့ရင်တော့လား ဟင်း"

"မင်းကမှ နာဘူးထက်ဆိုးတဲ့ အကြံသမား"

"ဘာလဲကွာ၊ စကားတွေတာဝကြီးပြောမယ်လို့ ပြောတာ"

"သူလည်း ပြန်တမ်းဝင်အရာရှိဖြစ်နေပြီကွ၊ မကြာသေး





ဘူး၊ သတင်းစာမှာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကခေါ်လို့ ဝင်ဖြေတာ နဂိုထဲက ကြိုးစားတဲ့သူဆိုတော့ စာတော်တာ မို့ အရွေးခံရတာပဲလေ"

"သူတော်တာ ငါသိပါတယ်ကွာ၊ ဆရာ မလုပ်ပါနဲ့၊ ဒါနဲ့ အခု သူ နီမာနဲ့ ပါသွားတယ်ပေါ့"

"အေး၊ ခုလောက်ဆို အိမ်ကို ပြန်ရောက်လောက်ပါပြီ"

"ဒါဆို သွားမယ်ကွာ၊ မင်းမလိုက်ချင် နေခဲ့"

"အောင်မာ၊ ငါ့အိမ်သွားမှာကို မလိုက်ချင်နေခဲ့တဲ့၊ အခု ကတည်းကိုက ဆရာကို အာခံပြီ၊ အာခေါင်လုံ့စူးဦးမယ်"

စံဂျူးက ပွစိပွစိရေရွတ်ရင်း ကျွန်တော့်နောက်က ထပ်ချပ်မကွာလိုက်လာတယ်။ ဟိုရောက်တော့ အမောဆို့သွားရ တယ်။ အနှစ်ကိုမတွေ့ဘဲ နီနီမာ့ကိုသာ တွေ့ရလို့ပေါ့။

"ဩော ကိုသစ်ပါလာတာကိုး၊ ဟင်း ဟင်း မလာတာ ကြာပြီနော်"

"ဟဲ ဟဲ"

နီနီမာက ခနဲ့တယ်။ ကျွန်တော်က ရှက်ရယ်ရယ်တယ်။

"ထမင်းစားခဲ့ကြပြီလား'"

"ဘယ်မှာ စားခဲ့ရဦးမှာလဲ၊ ဒီကောင် ငသစ် မွန်နေလို့ ကျွန်တော့်ကို ထမင်းကျွေးဖို့တောင် သတိမရဘူး"

"မင်းကလဲကွာ၊ ငါ့အိမ်က မင်းကို ဘယ်တုန်းက အငတ် ထားဖူးလို့လဲစံဂျူးရ၊ အပိုတွေ"

"စားကြမလား"

"စားမှာပေါ့"

နီနီမာမေးတာကို စံဂျူးက ဖြေတယ်။

"ငါတော့ မစားဘူး"

"မစားနဲ့သစပ်၊ မင်းက ပြောင်းပြန်သမား၊ ခုလဲ မလိုက်နဲ့ဆို လိုက်လာတယ်၊ သောက်မြင်ကပ်စရာကို ကောင်းတယ်"

"ဘာလုပ်ဖို့ လိုက်လာတာလဲ"

"သိဘူးလေ"

လင်မယားနှစ်ယောက်က အတိုင်အဖောက်ညီနေကြတယ်။ အနှစ်အကြောင်း တစ်လုံးမှ မပြောကြဘူး။ ပြီးတော့ ကျွန်တော့်ကို ငုတ်တုတ်ထားပြီး ခပ်တည်တည်ပဲ ထမင်းထိုင်စားနေကြတယ်။

ကျွန်တော် ထိုင်ရမလို၊ ထရမလိုနဲ့ မရိုးမရွဖြစ်လာတယ်။ မေးရမှာလည်း နည်းနည်းတော့ ရှက်တာပေါ့။

ကျွန်တော် ဖြစ်စေချင်တာက စံဂျူးနဲ့ နီနီမာကပဲခပြီး အနှစ်အကြောင်းပြောပြ၊ ကျွန်တော်နဲ့တွေ့ပေး၊ ဒီလိုဖြစ်စေချင်တာ။

"မင်းတို့လင်မယား မယုတ်မာနဲ့နော်"

"ဘာလဲ! လာစားလို့ ခေါ်နေတာပဲ"

"အဲဒါ ပြောတာ မဟုတ်ဘူးကွ၊ စားတာက မင်းမခေါ်လဲ ငါ့ဖာသာ ဝင်စားချင်စားမှာပဲ၊ ငါပြောတာက ဟို ဟို"





ကျွန်တော့်စကားက ဆက်မထွက်ဘဲ ရပ်သွားတယ်။ သူတို့ကလည်း မမေးဘူး။ ထမင်းကို မစားဘူးသလို ငုံ့စားနေကြတယ်၊

"ကျုတ် ငါ ငါ အနှစ်ကို တွေ့ချင်တာကွ"

"သြော်"

"အဲဒါ စောစော မပြောဘူး၊ အနှစ် မကြည်အေးအိမ်မှာ"

"ဟာ ကွာ"

နီနီမာစကားဆုံးတော့ ကျွန်တော် ဝုန်းဆို ထထွက်လာခဲ့တယ်။ စံဂျူးရယ်သံက နောက်က ကပ်ပါလာတယ်။ ကျွန်တော့်စိတ်ထဲက ဆွဲထိုးပစ်လိုက်တာပေါ့။

မကြည်အေးအိမ်ရောက်တော့ အပြင်ထွက်မလို့ အိမ်တံခါးသော့ခတ်နေတဲ့ မကြည်အေးကို တွေ့ရတယ်။

အနှစ်ကိုတော့ မတွေ့ရဘူး။

"ဟော ကိုသစ်၊ ဘယ်လဲ'"

"ဒီကိုပဲ လာတာလေ"

"သြော် မျက်စိလည် လမ်းမှားလာတာလား၊ ဟင်း ဟင်း"

"ဟာ မကြည်အေးကလဲ"

"သားသားကို ကျောင်းသွားကြိုမလို့၊ အိမ်ထဲဝင် ထိုင်နေလေ၊ ပြန်လာမှ စကားပြောကြတာပေါ့"

"ဟို အနှစ်ရော မကြည်အေး"

ကျွန်တော်က မအောင့်နိုင်တော့ဘဲ မေးလိုက်တယ်။

"ဟော မနက်ကပဲ နီမာနဲ့လာပြီး ပြန်သွားပြီလေ"

"ဟာဗျာ အခု ကျွန်တော် နီမာတို့အိမ်က လာခဲ့တာဗျ၊ မကြည်အေးဆီမှာဆိုလို့"

"ဟင်! မမအေးဆီ နောက်တစ်ခေါက်လာလို့များ နီမာက ပြောလိုက်တာလားမသိဘူး၊ ကိုသစ် ခဏထိုင်စောင့်ကြည့်လိုက်ပေါ့၊ မမအေး ဆယ်မိနစ်လောက်ပဲ ကြာမယ့်ဟာ"

မတတ်နိုင်ဘူး၊ အနုစ်ကိုတွေ့ချင်လွန်းလို့ လွဲသွားမှာစိုးပြီး ကျွန်တော် ထိုင်စောင့်ဖို့ ဆုံးဖြတ်လိုက်တယ်။

မကြည်အေးက အိမ်တံခါးသော့ဖွင့်ပေးပြီး ထွက်သွားတယ်။ ကျွန်တော့်မှာဖြင့် ဆယ်မိနစ်ကို ဆယ်ကမ္ဘာလောက်ထင်နေတာ။ အနုစ်ကို တွေ့ချင်လွန်းတဲ့စိတ်ကြောင့် ဖင်တကြွကြွ ဖြစ်နေတာပေါ့။ (တကယ်ကြီးကြွတက်လာတာတော့ ဘယ်ဟုတ်မလဲ၊ စကားအဖြစ်ပြောတာ။)

မကြည်အေး ပြန်ရောက်လာတဲ့အထိ အနုစ်ရောက်မလာတာနဲ့ ကျွန်တော် စံဂျူးဟဲန်းဖုန်းကို လှမ်းဆက်လိုက်တယ်။

"သစ်လား! ငါ အလုပ်ကို ရောက်နေပြီကွ၊ အနုစ် ဘယ်မှာရှိလဲ ငါ မသိဘူးလေ၊ နီမာ့ဆီ ပြန်ရောက်နေပြီလား မသိဘူး"

စံဂျူးနဲ့ ဖုန်းပြောပြီး ကျွန်တော် နီနီမာ့အိမ်တစ်ခေါက် ပြန်သွားရပြန်တယ်။ နီနီမာက

"အင်း ခုချိန်ဆို ကိုမျိုးမင်းရုံးမှာထင်တယ်၊ အနုစ် ရုံးကိစ္စ





တွေအတွက် ကိုမျိုးမင်းကို အကူအညီတောင်းမယ် ပြောတာပဲ"

ကျွန်တော် ကိုမျိုးမင်းရုံးကို အပြေးလိုက်ရပြန်တယ်။

အနုစ်ကို ကိုမျိုးမင်းရုံးမှာလဲ မတွေ့ရဘူး။

ကျွန်တော် ကိုမျိုးမင်းကို အမောတကော ရှင်းပြတော့ ကိုမျိုးမင်းက တဟားဟားရယ်ရင်း

"မင်းကို ဟိုလင်မယား ပညာပြနေပြီကွ၊ ဒီနေ့ အနုစ် ဘယ်သွားမယ်၊ ဘာလုပ်မယ်၊ ဘယ်မှာ ရှိမယ်၊ ဘယ်အချိန် ပြန်ရောက်မယ်ဆိုတာတွေ နီမာသိတယ်"

"ဟား ဆိုးတယ်ဗျာ၊ တကယ်ပဲ"

"အလုပ်ကိစ္စတွေပြီးလို့ ညနေဆို နီမာ့အိမ်ပြန်မှာလို့ ငါ့ကို ပြောပြီး ပြန်သွားတယ်ကွ၊ ခုလောက်ဆို ရောက်ရောပေါ့"

"ဟူး"

ကျွန်တော် နီနီမာ့အိမ် တတိယအကြိမ်မြောက် ပြေးရပြန်ပြီပေါ့။

နေနှင့်ဦးပေါ့ အနုစ်ရယ် ...။

* ကမ္ဘာလောကကြီးတစ်ခုလုံးကို ကောင်းကင်ကြီးက အုပ်မိုးထားတယ်။

* ကျွန်တော့်ရင်ကိုတော့ ချစ်သူတစ်ယောက်က မိုးမိုးထားတယ်။

အဲဒါ ကျွန်တော့်ရဲ့ ကောင်းကင်ပဲပေါ့။

အခု ကျွန်တော်က ကျွန်တော့်ရဲ့ ကောင်းကင်ကို လိုက်ရှာနေတယ်။ ချစ်သူကပုန်းရှောင်နေတာမဟုတ်ပေမယ့် ကျွန်တော် ကိုယ်တိုင်က အဖြစ်သည်းနေတာ။

"ဒီမှာ ကိုသစ်၊ အိမ်မှာကောင်းကောင်းနေရစ် ကြားလား၊ ရက်ရက်ရှက်ရက်မလုပ်နဲ့၊ မနီ သူငယ်ချင်းကိုလည်း စိတ်ဆင်းရဲအောင် မလုပ်နဲ့၊ ဒါပဲ"





နီနီမာက အဲလိုပြောပြီး စံဂျူးဆီလိုက်သွားဦးမယ်ဆိုကာ ထွက်သွားတယ်။

ကျွန်တော် အိမ်ထဲ ဝင်လိုက်တော့ ဧည့်ခန်းထဲမှာ စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီး ထိုင်ဖတ်နေတဲ့ အနှစ်ကို တွေ့ရတယ်။

ကျွန်တော် လာမယ်မှန်းသိလို့ စာအုပ်ထဲ စိတ်ဝင်စားချင်ယောင်ဆောင်နေတာလည်း ဖြစ်နိုင်တာပဲ။

ဘာမှပြောင်းလဲမသွားတဲ့ ချစ်သူဟာ အေးအေးငြိမ်ငြိမ်လေးပဲလှနေပါတယ်။

"အနှစ်"

ကျွန်တော် ခေါ်လိုက်မှ အနှစ်က မော့ကြည့်လာပါတယ်။ လှပတဲ့အနှစ်မျက်ဝန်းတွေက ကြည်စင်နေတယ်။ ကျွန်တော့်ချစ်သူဟာ ကျွန်တော့်အတွက်တော့ ကမ္ဘာမှာ အလှဆုံးပါပဲဗျာ။

အခုဆို အရင်ကလို ကျဉ်းကျပ ထိန်းချုပ်မှုတွေ မရှိတော့တာမို့ အနှစ်မျက်နှာက မှိုင်းဝေရီမှုန်နေတာမျိုး မဟုတ်တော့ဘူး။

"အနှစ်"

"လူကို ဘာလို့ ဒီလောက်တောင် ခေါ်နေရတာလဲလို့"

"ချစ်လို့ပေါ့ အနှစ်ရယ်"

"ဩော်၊ ကိုသစ်က အနှစ်ကို စိတ်နာသွားပြီ မဟုတ်လား"

"မောလိုက်တာအနှစ်ရယ်၊ ဒါတွေ မပြောပါနဲ့တော့ ခုမှပဲ အမောပြေတော့တယ်"

"ဘာတွေဖြစ်လို့ မောနေရတာလဲ"

"အနှစ်ကို လိုက်ရှာနေရလို့ပေါ့"

"ဟုတ်ဘဲနဲ့၊ လိုက်မရှာပါဘူးနော်၊ အနှစ်ကို ရက်စက်စိမ်းကားမပြတ်သားသူ မိန်းမဆိုးကြီးဆိုပြီး မုန်းသွားတာ၊ ရှောင်ပြေးသွားတာ မဟုတ်လား"

"ခွင့်လွှတ်ပါအနှစ်ရယ်၊ ကိုယ်လေ အနှစ်ကို ချစ်လွန်းတော့ ခံစားရလွန်းလို့ပါ၊ ခုတော့ အားလုံး နားလည်သွားပြီလေ တစ်ခုပဲ ကျန်တော့တယ်"

"ဘာလဲဟင်"

"အနှစ်ရင်ထဲက ချစ်စကား"

"ဟင်းဟင်း ဟင်းဟင်း"

ကျွန်တော့် စကားကြောင့် အနှစ်က ရှက်ရယ် ရယ်တယ်။

"ပြောလေ"

"ပြောဖို့လိုသေးလို့လား ကိုသစ်ရယ်၊ အနှစ် ဘဝတစ်ခုလုံးရဲ့ အလင်းရောင်ဟာ ကိုသစ်ပဲဥစ္စာ"

အနှစ်က ပြောရင်း ကျွန်တော့်ကို မျက်လုံးရွှဲကြီးတွေနဲ့ မော့ကြည့်လာတယ်။ ရင်ခုန်လိုက်တာဗျာ။

ဒီအချိန် ကျွန်တော့်ရင်ခုန်သံကို ဘယ်အရာကများ တားဆီးနိုင်မှာလဲ။

"ချစ်လား"

"အင်း"

"အင်းမလိုချင်ဘူး"





"ချစ်တယ်"

ကျွန်တော် အနှစ်ရဲ့အနားကို တိုးကပ်သွားလိုက်တယ်၊

"မလာနဲ့"

နားမထောင်နိုင်ပါဘူးဗျာ။

တစ်ခါက ဒီနေရာလေးမှာ အနှစ်ကို ကျွန်တော် နမ်းခဲ့ဖူးတာကို ပြန်အမှတ်ရလာတယ်။ ကျွန်တော့် နားထဲမှာလည်း အဲဒီအချိန်က ရော်ဆုံထောင်းသံ တဒုန်းဒုန်းကို ပြန်လည် ကြားယောင်မိတယ်။

ဒီလိုပဲ ကျွန်တော့် ရင်ခုန်သံတွေဟာလည်း တဒုန်းဒုန်းနဲ့ မြည်ဟည်းလာပြန်တာပေါ့။

"အို"

အနှစ်ဆီက ဘာစကားသံမှ ထပ်ထွက်မလာနိုင်တော့ဘူး။

ဒါဆို ကိုယ့်ဆရာ သဘောပေါက်တယ် မဟုတ်လား။

ကျွန်တော် ကျွန်တော့်ချစ်သူအပေါ် အရမ်းကို ဆိုးလိုက်မိပါတယ်။

မေတ္တာများစွာဖြင့်
ထူးမြတ်ကြယ်

